

ဇော်ရဲအောင်(TZ)
တက္ကသိုလ်သီဟအောင်
ဟာကွက်တစ်ကွက်
နှစ်အုပ်တွဲသိုင်းစာစဉ်
ဒုတိယပိုင်း (ဇာတ်သိမ်း)
ဝမ်အင်း၏ ကျန်းဟူကျန့်
1999
သိုင်းစာစဉ်များpage.
14.12.2018
Alien မှ pdf အဖြစ် စကန်ဖတ်သည်

တက္ကသိုလ်

# သိဟအောင်

## ဟာသကွက်တစ်ကွက်

ပ+ဒု
နှစ်အုပ်တွဲ



# တက္ကသိုလ် သီဟအောင်

## ဟာကွက်တစ်ကွက်

(ဒုတိယပိုင်း)

## ဒွိတာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

---

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည် တွင်း ရေး ကို ဝင် ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် တိုက်ခိုက်ချေမှုန်းကြ။

ထတင်းဆိုး

---

ခရေပွင့်ခြံဝင်း...

ခရေပွင့်ခြံဝင်းသည် အနောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီး ဖြစ်ပါသည်။

ကွမ်းကျုံးငက်ဆည် ခရေပွင့်ခြံဝင်းကို ကျော်ခိုင်းကာ ထွက်လာခဲ့သည်။

အလေးခြေလှမ်းသွက်သလောက် အပြန်ခရီးတွင် ခြေလှမ်း များ နှေးကွေးလေးလံ ဖင့်နွဲ့နေသည်။

ကျောင်းမြို့စားကြီးနဲ့ တွေ့ဆုံပြီးမှ တွေးတောစဉ်းစားစရာ များ ဖြစ်ပေါ်လာသည် မဟုတ်ပါလား၊

'ဟာကွက်တစ်ကွက် ဆိုပါသလား၊ အစ်ကိုကြီး ကျွန်းဟိုင့် မိုးခမြလက်ဝါး သိုင်းပညာမှာ ဟာကွက်တစ်ကွက် ရှိနေတယ် ဆိုပါလား'

ထိုအတွေးက သူ၏တစ်ကိုယ်လုံး လွှမ်းမိုးနေပြီး ပတ်ဝန်းကျင်ကိုပင် မေ့လျော့သွားစေတော့၏။

ဟာကွက်…

မည်သို့သောဟာကွက် ဖြစ်ပါသနည်း။

ခြေပက်မဝင်အောင် ကောင်းမွန်လှသည့် မိုးခမြဖဝါး သိုင်းကျမ်း၏ မည်သည့်နေရာ၌ ဟာကွက်ရှိနေပါသနည်း။

ကွမ်းကျုံးခက်သည် သူ့ဟာကွက်အကြောင်းကို သိလိုစိတ် ပြင်းပြလာ၏။

'ကျင်းမြို့စားက ဟာကွက်ရှိနေတယ်လို့ အတိအပြောခဲ့မယ့် ဘယ်လိုဟာကွက်ဆိုတာကို တိတိကျကျမပြောနိုင်တာခက်တယ် မဖြစ်သေးပါဘူး၊ ပြန်ပြီးလေ့လာကြည့်ဦးမှပါပဲ'

သိုင်းပညာတစ်ရပ်တွင် ဟာကွက်ရှိနေသည် ဆိုခြင်းမှာ ကောင်းသောသတင်းကား မဟုတ်ပါချေ။

မိမိ၏ဟာကွက်ကို ရန်သူက တွေ့မြင်သွားမည်ဆိုပါက မိမိမှာ အရှုံးနိမ့်ဖို့ရှိတော့သည် မဟုတ်ပါလော။



ထို့အတွက်ကြောင့်လည်း သိုင်းလောကသားများသည် မိမိ၏သိုင်းပညာတွင် ချွတ်ယွင်းချက် ဟာကွက်များမရှိမှုကို အမြဲတမ်း စစ်ဆေးဝေဖန် ပိုင်းခြားလေ့ရှိကြပေသည်။

ဟာကွက်မရှိစေရန် အထူးဂရုထားကြ၏။

အထက်ထမ်းပိုး သာလွန်ကောင်းမွန်အောင် စီမံဆောင်ရွက်လေ့ရှိကြသည်။

ဟာကွက်ဖြစ်ပေါ်မည်ကို သေလုမတတ် ကြောက်ရွံ့တတ်ကြပေတော့သည်။

ကွမ်းကျုံးခက်သည် ကျွန်းဟိုင်မျက်နှာကို မြင်ယောင်လာလေသည်။

'ကျင်းမြို့စားပြောသလို အစ်ကိုကြီးဟာ သူ့ရဲ့သိုင်းပညာမှာ ဟာကွက်ရှိနေတာကို သတိပြုမိလို့ သိုင်းလောကကို ကျောခိုင်းသွားတာများလား'

ဟု တွေးမိပြန်၏။

အတွေးကြွယ်နေပါသော်လည်း အဖြေပေါ်ထွက်နိုင်ခြင်း မရှိပါချေ။

ကြာသော် စိတ်အိုက်လာသည်။ ခေါင်းချွေး ပျံလာသည်။ ကြံရာမရ ဖြစ်လာတော့သည်။

ထိုစဉ်မှာပင်....

'ဟိတ်'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသဖြင့် ကွမ်းကျုံးခက် ရုတ်တရက် ထိတ်သွားပြီး ထခုန်လိုက်၏။

အတွေးနယ်ထဲမှ လွတ်မြောက်ကာ ပြန်၍ သတိဝင်လာပြီး မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ဟိုဟိုသည်သည် ကြည့်လိုက်မိသည်။

ထိုအခါ...

သူ့အား မှုန်ကုပ်ကုပ်ဖြင့်ကြည့်နေသော ယန်းဖုံးကို တွေ့မြင်လိုက်သည်။

'ဩော်...ယန်းဖုံး'

ယန်းဖုံးက....

'မင်း ဘာတွေများ အတွေးလွန်နေတာလဲ၊ ငါခေါ်နေတာ သုံးလေးခွန်းတောင် ရှိနေပြီ'

ကွမ်းကျုံးခက် ပြုံးလိုက်၏။

'အေး၊ ကျင်းမြို့စားနဲ့တွေ့ခဲ့ရတဲ့ အစ်ကိုကြီးအကြောင်း ပြန်သတိရပြီး အတွေးလွန်သွားတာပါပဲ'



ယန်းဖုံးက မကျေမနပ်ဖြင့်...

'မင်းမို့ သူ့ကိုသွားတွေ့တယ်၊ ငါတော့ တစ်စက်လေးမှ ကြည့်လို့ရတာမဟုတ်ဘူး၊ အသကားလူကြီး၊ ကြောင်သူတော် ကြက်သူခိုးကြီး'

ကျင်းမြို့စားအား ပျစ်ပျစ်နှစ်နှစ် စဝဖန်လိုက်သည်။

ကွမ်းကျုံးခက်က....

'ကျင်းမြို့စားဟာ လေးစားစရာကောင်းတဲ့ သိုင်းသမားကြီးတစ်ယောက်ပါ၊ မင်းက ဘာကြောင့်ကြည့်မရနိုင်အောင် ဖြစ်နေရတာလဲ'

ယန်းဖုံးက....

'မင်းဘာသိလို့လဲ သိုင်းလောကနဲ့ အဆက်ပြတ်နေတာပဲ မဟုတ်လား၊ အေး...သူသာ တကယ့်ကိုကြည်ညိုလေးစားစရာ ကောင်းတဲ့ လူတစ်ယောက်ဆိုရင် ငါက ဘာပြောနေမှာလဲ၊ မင်းနဲ့အတူတူလိုက်ပြီး ဂါရဝပြုမှာပေါ့ကွ'

ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွားလေသည်။

ကျင်းမြို့စားအား ယန်းဖုံးက ကြည့်မရနိုင်အောင်ဖြစ်နေခြင်းမှာ အကြောင်းတစ်ခုခုရှိရမည်ဟု ဆင်ခြင်မိလိုက်သည်။

ယန်းဖုံးက...

'သူ့ဆီက သိုင်းလောကပထမဘွဲ့ကို အစ်ကိုကြီး လွဲပြောင်း ရယူသွားတာကြောင့် မကျေမနပ်ဖြစ်နေတာကွ'
ဟု ပြောလေသည်။

ကွမ်းကျုံးခက်က...

'ဟာ... မဟုတ်နိုင်တာကွာ၊ အစ်ကိုကြီးရဲ့ပညာဟာ သူ့ထက် သာတယ်ဆိုတာ သူကိုယ်တိုင် လက်ခံထားတာပဲ၊ ပြီးတော့ အစ်ကိုကြီးဟာ သိုင်းလောကပထမဘွဲ့ထူး လွဲပြောင်းပေးလိုက်ရတာကိုလဲ ကျေကျေနပ်နပ် လက်ခံထားတာပဲ၊ သူနဲ့ အစ်ကိုကြီးဟာ မကြာခဏဆုံတွေ့ကြပြီး သိုင်းပညာအကြောင်း ဆွေးနွေးတိုင်ပင်ခဲ့ကြတာပဲ မဟုတ်လား'

ယန်းဖုံး နှာခေါင်းရှုံ့လိုက်သည်။

'ဘာလဲ အဲဒီလို သိုင်းပညာဆွေးနွေး ဖလှယ်ခဲ့ကြတာကို မင်းက အကောင်းထင်နေသလား၊ တကယ်ဆိုရင် သူဟာ အစ်ကိုကြီးကိုမကျေနပ်လို့ လာ လာပြီး ပညာစမ်းနေတာကွ'
'ဟင်...'

'မင်း ဒီလောက်တောင် မစဉ်းစားတတ်တော့ဘူးလား၊ သိုင်းလောကအကြောင်း၊ သိုင်းပညာအကြောင်း ဆွေးနွေးမယ်ဆိုရင် သူ့ရဲ့ပညာ အစ်ကိုကြီးရဲ့ပညာသာမက သိုင်းလောကမှာ ထင်ရှားကျော်ကြားနေတဲ့ ပညာရပ်တွေ သိုင်း



သမားကြီးတွေရဲ့ ကိုယ်ပိုင်မူဟန်တွေ သိုင်းလောကဖြစ်ပေါ် တိုးတက်မှုအခြေအနေတွေကိုပါ ထည့်သွင်းပြီး တိုင်ပင် ဆွေးနွေးရမှာပေါ့'

ကွမ်းကျုံးခက် ပါးစပ်ပိတ်ထားလိုက်လေသည်။

ယန်းဖုံးက ဆက်ပြောသည်။

'အစ်ကိုကြီးရှိတုန်းက ငါအလည်သွားရင်း ကျင်းမြို့စားဟာ အစ်ကိုကြီးအိမ်မှာ ရောက်နေတာနဲ့ တစ်ကြိမ်ဆုံဖြစ်တယ်လေ၊ အဲဒီတစ်ကြိမ်တည်းနဲ့ပဲ ငါစိတ်ပျက်သွားတာကွ၊ မင်းစဉ်းစားကြည့် သူက အစ်ကိုကြီးနဲ့ ယှဉ်ပြိုင်ခဲ့တုန်းက အသုံးပြုခဲ့တဲ့ သူ့ရဲ့သိုင်းကွက်တွေကို ပြန်စစ်ဆေးပြီး ချို့ယွင်းချက် ရှာတယ်၊ အသေးစိတ်ထွင်ကြံဆပြီး မွမ်းမံတယ်၊ ပြီးတော့ သူဟာ အဲဒီလို သိုင်းကွက်တွေနဲ့အသုံးပြုခဲ့ရင် အစ်ကိုကြီး ဘယ်လိုရင်ဆိုင်မလဲလို့ မေးခွန်းထုတ်တယ်လေ၊ အစ်ကိုကြီးက ဖြေရှင်းချက်ပေးတော့ သူက အမျိုးမျိုး စောဒကတက်သေးတယ်၊ ပြောရရင်တော့ အရေးနိမ့်ခဲ့တာကို မကျေနပ်လို့ သိုင်းကွက်သဘောတရားကို လာပြောပြီး ယှဉ်ပြိုင်တဲ့ပုံစံပဲ၊ တကယ်လို့သာ သူပြုပြင်မွမ်းမံထားတဲ့ သိုင်းကွက်တွေကို ဘယ်လိုခုခံရင်ဆိုင်မယ်ဆိုတာ အစ်ကိုကြီးကပြောမပြနိုင်ရင် သွားပြီပေါ့'

ကွမ်းကျုံးခက်က...
'မင်းပြောတာ အမှန်ပဲလား'
ဟု မေးလိုက်သည်။

ယန်းဖုံးက—

'ငါက ဘာကြောင့်လိမ်ပြောရမှာလဲ၊ ငါကိုယ်တိုင် နစ်နာ ဆက်ဆတ်ကြွားခဲ့ရတာကွ၊ အဲဒီကတည်းက သူ့ကို ငါကြည့်လို့ မရတော့တာဘဲ'

ကွမ်းကျုံးခက်က—

'အစ်ကိုကြီးက ငါ့ကို ဘာမှလဲမပြောပါလား'

ယန်းဖုံးက—

'အရေးမကြီးဘူးလို့ သဘောထားလို့နေမှာပေါ့ကွာ၊ ကျောင်းမြို့စားက မကျေမနပ်နဲ့ အနိုင်ယူနိုင်မယ့်သိုင်းကွက်တွေ တစ်ရ ပြီး တစ်ခု တီထွင် မွှမ်းမံနေပေမယ့် ဂရုစိုက်စရာ မလိုဘူးလို့ သဘောထားခဲ့လို့ ဖြစ်မှာပေါ့၊ မင်းသိတဲ့အတိုင်းပဲ အစ်ကိုကြီးဟာ လူတစ်ဖက်သားကို အင်မတန်ငဲ့ညှာတတ်တာဘဲ ဆိုတော့ ကျောင်းမြို့စား သဘောထားသေးသိမ်တဲ့အဖြစ်ကို ဖော်ထုတ်ဖို့ ဝန်လေးခဲ့တာပဲ ဖြစ်မှာပေါ'

ကွမ်းကျုံးခက် ခေါင်းကုတ်လိုက်သည်။

'ကျောင်းမြို့စားနဲ့ ပတ်သက်တဲ့ကိစ္စကို ငါ တစ်ခါမှစဉ်းစားမိ ခဲ့ဘူးကွ'

ဟု အမှန်အတိုင်း ဝန်ခံလိုက်သည်။



ယန်းဖုံးက—

'အစ်ကိုကြီး မရှိတော့တဲ့နောက်ပိုင်း သူက ဘာလုပ်သလဲ သိလား၊ သိုင်းလောကပထမတွဲဟာ ပိုင်ရှင်မဲ့ ဖြစ်နေတာမို့ ယှဉ်ပြိုင်ပွဲတွေကျင်းပပြီး ပထမတွဲနဲ့ထိုက်တန်တဲ့လူကိုရွေးချယ်လို့ ဆောင်ကြဉ်ခဲ့တော့တာပဲ၊ ခုတော့ သူ့ဆန္ဒပြည့်ဝသွားပြီလို့ ဆိုနိုင်တယ်လေ၊ သိုင်းလောကရဲ့မဏ္ဍိုင်လို့ဆိုရမယ့် လူထူးလူဆန်း၊ ခုနစ်ယောက်က လက်ခံလိုက်ကြတာကြောင့် ပြိုင်ပွဲတွေ ကျင်းပဖို့ ဖြစ်ပေါ်လာတော့တာပေါ့'

ကွမ်းကျုံးခက်က....

'ကျောင်းမြို့စားလဲ ဝင်ပြိုင်ပြီး သိုင်းလောကပထမတွဲကို ပြန်ပြီး ရယူဖို့ ကြိုးစားမယ်ဆိုပါတော့ ဟုတ်လား'

'သိပ်မှန်တာပေါ့ကွာ'

'အင်း...မင်းပြောသလိုဆိုရင်တော့ စဉ်းစားစရာ ကောင်းနေပြီကွ'

'စဉ်းစားစရာ မဟုတ်ဘူး၊ သိပ်ကို သတိထားရမှာကွ၊ သိုင်းလောကသားတွေကို ဒုက္ခပေးနေတဲ့ လျှို့ဝှက်ဂိုဏ်းဟာ သူနဲ့ပတ်သက်နေမယ်လို့တောင် ငါထင်တယ်'

'ဟင်'

ကွမ်းကျုံးခက် ထိတ်လန့်သွားလေသည်။

'မင်း...မင်း ဘယ်လိုပြောလိုက်တာလဲကွ'

ယန်းဖုံးက—

'ဘယ်လိုပြောရမလဲ၊ မသင်္ကာလို့ မသင်္ကာဘူး ပြောတာပေါ့ကွ၊ သိုင်းလောက ပထမဘွဲ့ထူးအတွက် ပြိုင်ပွဲတွေ ကျင်းပပြီး ရွေးချယ်မယ်လို့ အတင်းထုတ်ပြန် ကြေညာလိုက်ပြီးကြာပါဘူး လျှို့ဝှက်ဂိုဏ်း ပေါ်ပေါက်လာတာပဲ၊ သူတို့က ဘာလုပ်ကြသလဲ သိလား၊ ပြိုင်ပွဲဝင်မယ့်သူတွေ ပထမဘွဲ့ယူနိုင်မယ်လို့ ထင်ကြေးပေးခံရသူတွေ မျှော်လင့်ချက်ရှိသူတွေကိုလိုက်ပြီး တိုက်ခိုက်သုတ်သင်တော့တာပဲ'

ကွမ်းကျုံးခက်က—

'သူတို့ လူရွေးပြီး လုပ်ကြံကြတာ မဟုတ်လား'

'သိပ်ဟုတ်တာပေါ့ကွာ၊ သိုင်းလောကမှာ မိုးကျရွှေကိုယ်တွေလို ထွက်ပေါ်လာပြီး ပြိုင်ပွဲဝင်မယ့် သိုင်းသမားတွေကို ရွေးချယ်ပြီး ဒုက္ခပေးနေကြတာပဲကွ'

သိုင်းလောက မိုးကျရွှေကိုယ် ဟူသော စကားကြောင့် ကွမ်းကျုံးခက် တွေဝေသွား၏။

အဖြူရောင် သိုင်းသမားဖြစ်စေ၊ အနက်ရောင် သိုင်းသမားဖြစ်စေ သိုင်းလောကတွင် မိုးကျရွှေကိုယ်ပမာ ဖြုန်းစားကြီး ပေါ်ပေါက်လာဖို့ လွယ်ပါချေ။



သိုင်းလောကအတွင်း ကျင်လည်ကျက်စားရင်း တဖြည်းဖြည်း နာမည်ကျော်ကြားလာသည့် သဘောသာရှိသည်။

အနက်ရောင် သိုင်းသမားများလည်း ထိုနည်းနှင်နှင်ပင်။

မကောင်းသတင်းများ အစပျိုးပြီးမှ လူသိများလာဘိသည်။

လျှို့ဝှက်ဂိုဏ်းကဲ့သို့ ဖြုန်းစားကြီးပေါ်ပေါက်လာပြီး ပြိုင်ပွဲဝင်မည့် သိုင်းသမားများအား တမင်ရည်ရွယ် လုပ်ကြံနေသည်ကား ထူးဆန်းလှပေတော့သည်။

ယန်းဖုံးက—

'ပြိုင်ပွဲဝင်မယ့်သိုင်းသမားတွေဟာ ခေသူတွေမဟုတ်ကြဘူး၊ ဒါပေမယ့် လျှို့ဝှက်ဂိုဏ်းနဲ့လဲတွေ့ရော မရှုလှလုပ်ကြံခံလိုက်ရတာချည်းပဲ၊ ဒီအချက်ကိုကြည့်ရင် လျှို့ဝှက်ဂိုဏ်းမှာ ပါဝင်နေတဲ့လူတွေရဲ့ သိုင်းပညာဟာ ဘယ်လောက် အစွမ်းထက်နေမလဲဆိုတာ သိနိုင်တာပေါ့'

ကွမ်းကျုံးခက် ဘက်ပြောင်းချလိုက်သည်။

'ဒီအတိုင်းဆိုရင် လျှို့ဝှက်ဂိုဏ်းဟာ အတော်ကိုကြောက်စရာကောင်းအောင် ထင်ရှားနေပြီ'

ဟု ဝန်ခံလိုက်မိသည်။

ယန်းဖုံးက—

'ကြောက်စရာကောင်းလောက်အောင် သိုင်းပညာတော်တဲ့ လူတွေ ပါဝင်နေတဲ့ လျှို့ဝှက်ဂိုဏ်းဟာ နေ့ချင်းညချင်း ပေါ်ပေါက်လာတာ ထားပါတော့၊ ဒါပေမယ့် ပါဝင်နေတဲ့ လူတွေကတော့ နေ့ချင်းညချင်းပေါ်ပေါက်လာတာ မဟုတ်ဘူး'

ကွမ်းကျုံးခက်က....

'မင်း ဘာကိုဆိုလိုတာလဲကွ'

ဟု မေးလိုက်သည်။

ယန်းဖုံးက—

'လျှို့ဝှက်ဂိုဏ်းမှာပါဝင်ကြတဲ့လူတွေဟာ အလျင်ကတည်းက သိုင်းလောကမှာ ကျော်ကြားကျက်စားနေခဲ့ကြတဲ့ သိုင်းဆရာကြီးတွေ ဖြစ်မယ်ဆိုတာပေါ့ကွ'

'လက်စသတ်တော့ မင်းက ကျင်းမြို့စားကို ဆိုလိုတာကိုး'

'သူတစ်ယောက်တည်းမကဘူး၊ တခြားအပေါင်းတွေ ရှိဦးမယ်၊ ဘာပဲဖြစ်ဖြစ် ကျင်းမြို့စားက အခရာပဲဆိုတာ ငါမြင်ရတယ်'

ကွမ်းကျုံးခက်က...

'မင်းပြောတာသာမှန်ရင် သိုင်းလောကအတွက် ရတက်မအေးစရာပဲ'



ယန်းဖုံးက—

'အေး— သိုင်းလောကအတွက်သာမကဘူး မင်းတို့ ဝါတို့အကွက်ပါ ရတက်မအေးစရာကွ ကျင်းမြို့စားက အစ်ကိုကြီးကို မုန်းနေတာ၊ ခုအခြေအနေအတိုင်းဆိုရင် သူဟာ အစ်ကိုကြီးနဲ့ ဒုတိယအကြိမ်ရင်ဆိုင်ဖို့ အဆင်သင့်ဖြစ်နေပြီဆိုတာ ထင်ရှားတယ်၊ ဒီတော့ သူဘာလုပ်မယ်ထင်သလဲ မင်းသိလား'

ကွမ်းကျုံးခက် ရင်ထိတ်သွားသည်။

ယန်းဖုံးကို ငေးကြည့်ရင်း....

'သူ ဘာလုပ်မှာလဲဟင်'

ဟု ပြန်မေးလိုက်သည်။

ယန်းဖုံးက တည်ကြည်သောမျက်နှာထားဖြင့်—

'အစ်ကိုကြီး သိုင်းလောကထဲကိုပြန်ဆင်းလာအောင် မဖြစ်နေ ကြံစားမှာပဲပေါ့'

ဟု ပြောလေသည်။

ကွမ်းကျုံးခက် စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်သည်။

'ဒါ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စပဲ၊ အစ်ကိုကြီးရဲ့အကြောင်းကို မင်းလဲ သိပါတယ်၊ သူက ဆုံးဖြတ်ချက်ချပြီးရင် ဘယ်တော့မှ ပြန်ပြင်တော့တာ မဟုတ်ဘူး၊ သိုင်းလောကကိုကျောခိုင်းပြီးမှ ပြန်ဆင်းလာတော့မှာမဟုတ်ဘူး'

ယန်းဖုံးက—

'ကောင်းပြီ— မင်း ဒီသို့ယူဆတယ်ဆိုရင် ဝါရှင်းပြမယ်၊ ပထမဆုံး ကျောင်းမြို့စားကို မင်းဘယ်လိုသဘောထားသလဲ ဆိုတာ ပြောစမ်းပါဦး'

'ကျောင်းမြို့စား ဟုတ်လား'

'ဟုတ်တယ်လေ၊ သူ့အပေါ် မင်းဘယ်လိုမြင်သလဲဆိုတာကို မေးတာ'

'သူဟာ ကြည်ညိုလေးစားစရာကောင်းတဲ့ သိုင်းသမားကြီးတစ်ယောက် မဟုတ်ဘူးလား'

ယန်းဖုံး ပြုံးလိုက်သည်။

'မင်းဟာ ခုထိ သူ့ကိုအလင်ကြီးနေ့တုန်းပွဲကိုး၊ ထားပါတော့လေ၊ သိုင်းလောကတစ်ခုလုံးကလဲ မင်းလိုပဲ ယူဆကြမှာပဲ'

ကွမ်းကျုံးခက်က—

'ငါက သက်ဆက်အထင်ကြီးနေတာ မဟုတ်ပါဘူး၊ သူဟာ သိုင်းပညာနဲ့ပတ်သက်လာရင် အစ်ကိုကြီးလိုပဲ အရှုံးအမှုံးဖြစ်တတ်တယ်ဆိုတာ မင်းအသိပဲမဟုတ်လား'

ဟု စောဒကတက်လိုက်သည်။



ယန်းဖုံးက....

'ငါလက်ခံပါတယ်၊ ကျောင်းမြို့စားဟာ ဘယ်လိုစိတ်ထားပဲရှိရှိ သိုင်းပညာကို ဘဝတစ်ခုလို သဘောထားတယ်ဆိုတာအမှန်ပါပဲ၊ ဒါကြောင့်လဲ အစ်ကိုကြီးရဲ့သိုင်းပညာနဲ့ ပတ်သက်ပြီး သူသုံးဆပ်ဝေဖန်တာကို လက်ခံနိုင်တာပေါ့'

ကွမ်းကျုံးခက်က....

'ဘာလဲ အစ်ကိုကြီးရဲ့ပညာမှာ ဟာကွက် ရှိနေတယ်လို့ ထုကသုံးသပ်တာကို မင်းလက်ခံတယ်ပေါ့ဟုတ်တား'

ယန်းဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျောင်းမြို့စားက မသေချာဘဲပြောမှာမဟုတ်ဘူး၊ မင်းစဉ်းစား ကျောင်းမြို့စားတောင်မှ ရိပ်မိတယ်ဆိုရင် ကာယကံရှင်ဖြစ်တဲ့ အစ်ကိုကြီးကကော မရိပ်မိဘူးတဲ့လား'

ကွမ်းကျုံးခက် မည်သို့ပြောရမှန်းမသိဖြစ်သွားသည်။

ယန်းဖုံးက ဆက်ပြောသည်။

'အစ်ကိုကြီးရိပ်မိလို့ဆာ သိုင်းလောကကိုကျောခိုင်းလိုက်တာပေါ့၊ မြောက်ပိုင်းဒေသကို အစ်ကိုကြီး ပြန်သွားပြီးတော့ကော ဘာလုပ်မယ်လို့ မင်းထင်သလဲ'

ကွမ်းကျုံးခက်က—

'သူ့ရဲ့ညာမှာ ဟာကွက်ရှိနေပြီဆိုတာသာမှန်ရင် အစ်ကို ကြီးက အဲဒီဟာကွက်ကို တွေ့အောင်ရှာမှာပဲ'

ယန်းဖုံး သဘောကျသွားသည်။

'ဒါပေါ့ကွာ၊ ဟာကွက်ကိုတွေ့အောင်ရှာမယ်၊ တွေ့ပြီဆို ရင် ပြုပြင်မယ်၊ မွမ်းမံမယ်၊ ဟာကွက်ပျောက်ပြီးအကောင်း ဆုံး သိုင်းကွက်ဖြစ်လာအောင် စီမံရမယ်မဟုတ်လား'

'ဟုတ်တယ်လေ'

'အေး— ဒီကိစ္စဟာ ခုချက်ချင်းရှာ ခုချက်ချင်းပြုပြင်လို့ ရတဲ့ကိစ္စတစ်ခု ဖြစ်နိုင်ပါ့မလား'

'ဟာ— ဘယ်ဖြစ်နိုင်ပါ့မလဲ၊ အချိန်ယူပြီးသေသေချာချာ လေ့လာစီမံရမယ့်ကိစ္စပဲ မဟုတ်လား'

ယန်းဖုံး ပြုံးလိုက်သည်။

'ဒါကြောင့် ဟစ်ကိုကြီးဟာ သိုင်းလောကကအနားယူ လိုက်တာပေါ့ကွာ'

ကွမ်းကျုံးခက် ပါးစပ်ပိတ်ထားလိုက်သည်။

ကျန်းဟိုနှင့်ပတ်သက်၍ ယန်းဖုံးက ကောက်ချက်ချနိုင်ခဲ့ပြီ ဖြစ်သည်။



သူက ဆယ်နှစ်လုံးလုံး တိုက်ကြောင်းခြင်းရာများကို လုံးဝ တွေးတောစဉ်းစားမိခြင်းမရှိဘဲ နေခဲ့သည် မဟုတ်ပါလား။

ယန်းဖုံးက....

'ကဲ— ကျောင်းမြို့စားအကြောင်းကို ဆက်ရအောင်၊ သူဟာ ...င်းပညာကို သူ့ရဲ့ဘဝလို့ ခံယူထားတဲ့ လူတစ်ယောက်လို့ ...က်ခံရင် သိုင်းလောက ပထမဆုကို စွန့်လွှတ်လိုက်ရတဲ့အတွက် ...ယ်နည်းနဲ့မှ ကျေနပ်မှာမဟုတ်ဘူး၊ ပထမဆုကိုပြန်ရအောင် ...ကြိုးစားလိမ့်မယ် ဆိုတာကိုလဲ လက်ခံရလိမ့်မယ်၊ ကိုင်း—ငါ ...ပြောတာ ဘယ့်နှယ်လဲ'

ကွမ်းကျုံးခက် ထက်ပြင်းချလိုက်သည်။

အကျိုးအကြောင်းကို အစသားစိတ်ရှင်းပြနေသည့် ယန်းဖုံး၊ ...ကျေးဇူးတင်နေမိသည်။

ယန်းဖုံးသာ ရှင်းမပြလျှင် သူက တွေးတောစဉ်းစားမိလိမ့် ...မည် မဟုတ်ပါချေ။

ကျန်းဟိုနှင့် ကျောင်းမြို့စားတို့ ပတ်သက်ခဲ့သည့်ကိစ္စများမှာ ...လွန်စွာ ညှို့သိမ်မွေ့လွန်းသည့် ကိစ္စတစ်ခု ဖြစ်နေသည် ...မဟုတ်ပါလား။

ယန်းဖုံးက—

'ငါပြောတာကို လက်မခံနိုင်သေးရင် လက်တွေ့ သက်သေပြမယ်၊ အစ်ကိုကြီးမရှိတော့တဲ့နောက်ပိုင်း သိုင်းလောကဟာ ပထမဆုအတွက် သိုင်းပြိုင်ပွဲကြီးကျင်းပဖို့ စည်းရုံးလို့ ဆော်ခဲ့ဆာ သူပဲ၊ စဉ်းစားကြည့်စမ်း သူဟာ ပထမဆုကို စိတ်မကုန်သေးဘူး၊ မျှော်လင့်နေဆဲပဲဆိုတာ မထင်ရှားဘူးတဲ့'

ကွမ်းကျုံးခက် မနေနိုင်တော့ပါ။

'ခင်းပြောတာ သဘာဝကျပါတယ်'

ယန်းဖုံးက—

'မင်း လက်ခံပြီမဟုတ်လား'

ကွမ်းကျုံးခက် ခေါင်းညိတ်ပြလိုက်သည်။

ယန်းဖုံးက—

'ကျင်းမြို့စားဟာ သိုင်းလောက ပထမဆုကို ပြန်လို့ချင်နေတာ ထင်ရှားနေပြီဆိုတော့ ပြိုင်ပွဲအခြေအနေကို တွေ့ကြည့်ရအောင်၊ ပထမဆုကိုရယူမယ်လို့ ရည်ရွယ်ထားကြတဲ့ သိုင်းသမား အတော်များများရှိကြတယ်၊ သူတို့ရဲ့ သိုင်းပညာတွေလဲ တော်ကြပါတယ်၊ ချီးကျူးစရာလဲ ကောင်းပါတယ်၊ ဒါပေမယ့် ကျင်းမြို့စားကို ယှဉ်နိုင်မယ့်လူ တစ်ယောက်မှမရှိကြဘူး၊ ဒီတော့ ပြိုင်ပွဲကျင်းပဖို့ အောင်မြင်သွားတာနဲ့ နောက်ဆုံးမှာ ပထမဆုကို ကျင်းမြို့စားပဲ ပြန်ရသွားလိမ့်မယ်'



ကွမ်းကျုံးခက်က—

'ပထမဆုရရင်တော့ သူ ကျေနပ်သွားမှာပေါ့လေ'

ဟု ပြေရာပြေကြောင်း သဘောမျိုး ပြောလိုက်၏။

ယန်းဖုံးက ခေါင်းခါယမ်းလိုက်၏။

'မင်း ဒီလိုထင်ရင် အမှားကြီးမှားသွားမှာပေါ့'

'ဟော...'

ကွမ်းကျုံးခက် ကြောင်အမ်းအမ်း ဖြစ်သွားပြီး—

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ သိုင်းလောကလောကင်းနေလုံးက သူ့ရဲ့သိုင်းပညာဟာ သိုင်းလောကမှာ ပထမပါလို့ တညီတညွတ်တည်း လက်ခံလိုက်ကြမယ်ဆိုရင်တောင် သူ ကျေနပ်မှာမဟုတ်ဘူး ဘာကြောင့်လဲဆိုရင် သူ့ထက် ပိုပြီးတော်တဲ့လူတစ်ယောက် ရှိနေသေးတယ်ဆိုတာ သူ့စိတ်ထဲမှာသိနေပြီ၊ သူကိုယ်တိုင် လက်ခံထားလို့ပေါ့'

ကွမ်းကျုံးခက်က—

'အစ်ကိုကြီးကျန်းဟိုကို ပြောတာလား'

'ဒါပေါ့၊ အစ်ကိုကြီးဟာ သူ့ထက် တော်တယ်ဆိုတာကို သူက ကောင်းကောင်းကြီး သိထားတာပေါ့'

ယန်းဖုံးက—

'အစ်ကိုကြီးက'

'ဘာလဲ—သိုင်းလေဒကကို ကျော်ခိုင်းလိုက်ပြီလို့ ထပ်ပြောဦးမလို့လား'

ကွမ်းကျူးခက်မှာ သူ၏စကားမဆုံးမီ ယန်းဖုံးက ကြားဖြတ် ပြောလိုက်သဖြင့် ပါးစပ်ပိတ်သွားလိုက်ရသည်။

ယန်းဖုံးက—

'အစ်ကိုကြီး သေသွားပြီ ဆိုရင်တော့ တစ်မျိုး ပေါ့လေ၊ အစ်ကိုကြီး အသက်ရှင်နေသမျှ ကာလပတ်လုံး ကျောင်းမြို့စားဟာ ဘယ်တော့မှ စိတ်ပြောင်းနိုင်တော့မှာ မဟုတ်ဘူးလေ၊ သူ့ထက်သာတဲ့လူ အစ်လောက် ရှိသေးတယ် ဆိုတဲ့ အသိရှိခြောက်လှန့်ခြင်းကို ခံနေရမှာပဲ၊ ကျောင်းမြို့စားဟာ တွေဝေနေတတ်တဲ့ လူတစ်ယောက်လဲ မဟုတ်လေတော့ အစ်ကိုကြီးနဲ့ ရင်ဆိုင်ဖို့ နည်းလမ်းရှာတော့မှာ သေချာတယ်'

ကွမ်းကျူးခက် ခေါင်းခါယမ်းလိုက်သည်။

'မင်းပြောပြတာတွေကို ငါ ကောင်းကောင်းကြီး သဘောပေါက်ပါပြီ၊ ဒါပေမယ့် ကျောင်းမြို့စားဟာ ကိုယ့်ဒုက္ခကိုယ်ရှာနေအောင်လို့ပဲ ငါပြောချင်တယ်၊ ကောက်ရိုးပုံမှာကျနေပျောက်တဲ့



အပ်ကိုရှာယူတာကတောင် လွယ်ဦးမယ်၊ အစ်ကိုကြီးကိုမှာဖို့ဆိုတာက ဘယ်လိုမှမဖြစ်နိုင်ဘူး၊ မြောက်ပိုင်းဒေသဟာ ကျယ်ပြောလှပါတယ်၊ လူတွေမရောက်ဖူးသေးတဲ့ နေရာတွေတောင် ရှိကောင်းရှိမယ်၊ အစ်ကိုကြီး ဘယ်မှာနေတယ်ဆိုတာ မင်းတို့ငါတို့တောင်မှ မသိကြတာ၊ သူက ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ'

ယန်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက ကျောင်းမြို့စားကို အထင်သေးနေတာကိုး'

ကွမ်းကျူးခက် မျက်မှောင်ကြုတ်သွားသည်။

'ငါက အထင်သေးတယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ ကျောင်းမြို့စားက မြောက်ပိုင်းဒေသအထိ အဝင်ပန်းခံပြီး လိုက်ရှာမယ်ထင်သလား'

'သူ့ကိုမရှာရင် ဘယ်လိုလုပ်ပြီးတွေ့မှာလဲ'

'ဒါကြောင့်မို့ ပြောတာပေါ့၊ တွေ့ရအောင်လုပ်တဲ့ နည်းလမ်း ရှိတယ်ဆိုရင်ကော'

'ဟင်—'

ကွမ်းကျူးခက် ကြောင်အမ်းအမ်းဖြစ်သွား၏။

'ဘယ် နည်းလမ်းလဲ ပြောစမ်းပါဦး'

ဟု ပြောလိုက်သည်။

ယန်းဖုံးသည် ကွမ်းချုံးခက်အား လက်ညှိုးညွှန်လိုက်ပြီး–

'မင်းပဲ'

'ငါ'

'ဟုတ်တယ်'

'ဘာ....ဘာဆိုင်လို့လဲ'

ယန်းဖုံးက....

'ဆိုင်တာပေါ့၊ အစ်ကိုကြီးဟာ တစ်ကောင်ကြွက်ဖြစ်တယ် မင်းကို ညီအရင်းတစ်ယောက်လို ချစ်တယ်ဆိုတာ သိုင်းလောက တစ်ခုလုံး သိထားကြတယ်လေ'

ကွမ်းချုံးခက်က....

'တို့နှစ်ယောက် ညီအစ်ကိုလို ချစ်ခင်ကြတာဟာ ကျောင်းမြို့စားနဲ့ ဘာဆိုင်လို့လဲ'

'အစ်ကိုကြီးကို ဘယ်မှာလိုက်ရှာရမှန်း မသိဘူး၊ မင်းကတော့ သိုင်းလောကမှာ ရှိနေတယ်၊ အစ်ကိုကြီးကို တွေ့ချင်ရင် ဘယ်သူမဆို မင်းကို အလျင်ဆုံး သတိရကြမှာပဲ မဟုတ်လား'

ကွမ်းချုံးခက်က—

'အစ်ကိုကြီး ဘယ်မှာရှိသလဲဆိုတာ ငါလဲ မသိဘူးလေ'



ယန်းဖုံးက—

'ဒါတော့ မင်းအခက်အခဲပဲ၊ လူတွေအားလုံးကတော့ အစ်ကိုကြီးရှိတဲ့နေရာကို မင်းသိမယ်လို့ တစ်ထစ်ချ ယုံကြည်ထားကြလိမ့်မယ်'

ကွမ်းချုံးခက်က—

'အဲဒီလို ထင်နေကြမယ်ဆိုရင် ငါလဲ မတတ်နိုင်ဘူးကွ'

ယန်းဖုံးက—

'မတတ်နိုင်ဘူး မလုပ်နဲ့၊ ထင်လဲထင်စရာပဲ၊ အစ်ကိုကြီးသိုင်းလောကကို ကျောခိုင်းလိုက်ပြီး မကြာခင်မှာ မင်းလဲ သိုင်းလောကက ပျောက်သွားတာပဲ မဟုတ်လား၊ ဆယ်နှစ်လောက်ကြာမှ ပြန်ပေါ်လာတာလေ'

'ငါက စိတ်ပြေလက်ပျောက် ခြေဦးတည့်ရာ သွားနေမိတယ်လို့ ပြောပြီးပြီပဲကွ'

'အေး— မင်းရဲ့စကားကို ငါယုံကြည်တယ်၊ ဒါပေမယ့် သိုင်းလောကသားတွေကတော့ ယုံကြည်ကြမှာ မဟုတ်ဘူး၊ အစ်ကိုကြီးရဲ့နောက်ကို မင်းလိုက်သွားတယ်လို့ ထင်ကြမှာပဲ၊ ကျောင်းမြို့စားဆို အဲဒီလို ယုံကြည်ထားမှာပဲ'

ကွမ်းကျုံးခက်က—

'ဒီမေ ၇ ငါ့ကို ဒုက္ခပေးဖို့ ကြိုးစားလိမ့်မယ်ပေါ့ ဟုတ်လား'

ဟု မေးလိုက်သည်။

ယန်းဖုံးက—

'ဒုက္ခပေးမယ်တော့ မထင်ပါဘူး၊ အစ်ကိုကြီး ဘယ်မှာရှိ သလဲဆိုတာ မေးရှံမေးကြည့်မှာပါ'

ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'ငါက မသိဘူးလို့ ပြောလိုက်မှာပေါ့'

'သူ လက်ခံမှာ မဟုတ်ဘူးဆိုတာ မင်းသိပါတယ်ကွာ၊ ဒါ ကြောင့်လဲ ရတက်မအေးရဘူးလို့ ငါပြောခဲ့တာပေါ့'

ကွမ်းကျုံးခက် လက်ကာပြလိုက်သည်။

'ကိစ္စမရှိဘူး၊ ဒီကိစ္စကို ငါကြည့်ပြီး ရှင်းနိုင်တယ်၊ စိတ် စရာ ဘာအကြောင်းမှ မရှိပါဘူးကွာ'

ယန်းဖုံးက—

'ကွမ်းကျုံးခက် မင်းပေါ့ပေါ့တန်တန် သဘောမထားနဲ့ ချင်ဘူး'



ဟု တည်ကြည်လေးနက်သော မျက်နှာဖြင့် ပြောလိုက် သည်။

ကွမ်းကျုံးခက်က—

'မပူပါနဲ့ကွာ၊ ငါရှင်းနိုင်ပါတယ်'

'မင်းကို ငါသတိပေးပြီးပြီနော်'

'ကျေးဇူးပါကွာ၊ ကဲ....ဒါတွေ ထားလိုက်ပါတော့လေ၊ သိုင်း ပြိုင်ပွဲကို သွားကြည့်ရအောင်'

'ကောင်းပြီ၊ သွားကြတာပေါ့'

ယန်းဖုံး သဘောတူလိုက်သည်။

နှစ်ယောက်သား မင်းလမ်းကြီးအတိုင်း ခွေ့လျောက် လျှောက်သွားကြလေသည်။

သို့ဖြင့်....

လူစည်ကားသော လမ်းဆုံလမ်းခွသို့ ရောက်လာလျှင် ထူး ခြားမှု တစ်ခု ဖြစ်ပေါ်လာသည်ကို တွေ့လိုက်ရလေတော့ သည်။

မြို့လယ်လမ်းဆုံလမ်းခွနှင့် မလှမ်းမကမ်းတွင် မြေကွက်လပ် တစ်ခု ရှိသည်။

ထိုမြေကွက်လပ်တွင် လေပွေသိုင်းသမား ယန်ကျားစိန်နှင့် မီးဘီလူး ယောက်ထင်းရိတို့ သိုင်းပညာ ယှဉ်ပြိုင်ကြလိမ့်မည်ဖြစ်သည်။

စိတ်ဝင်စားသူများသည် ပြိုင်ပွဲမစမီကြို ရောက်ရှိလာကြပြီ နေရာယူထားကြသဖြင့် စည်ကားသိုက်မြိုက်နေ၏။

ကျွမ်းကျင်ခက်နှင့် ယန်းဖုံးတို့ ရောက်သွားကြသောအခါ ထူးခြားမှု ဖြစ်ပေါ်နေသည်ကို တွေ့ရလေသည်။

နှစ်ယောက်သား ခြေလှမ်းရပ်သွားကြသည်။

ကျွမ်းကျင်ခက်က မျက်မှောင်ကြုတ်သွားသည်။

'တစ်ခုခုဖြစ်နေပြီ ထင်တယ်'

ဟု ရေရွတ်လိုက်လေသည်။

မြေကွက်လပ်တွင် စုရုံးနေသူများသည် စိုးရိမ်ထိတ်လန့်သော အသွင်ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။
အချင်းချင်း တီးတိုးဝေဖန် ပြောဆိုနေကြသည်။

အချို့ကား ချက်ချင်းပင် မြေကွက်လပ်နှင့် ဝေးရာသို့အပြေး တစ်ပိုင်း ထွက်သွားကြလေသည်။



ယန်းဖုံးသည်လည်း ထိုအဖြစ်အပျက်ကို သတိပြုမိလိုက်လေသဖြင့်....

'ဟုတ်တယ်၊ တစ်ခုခုတော့ ဖြစ်နေပြီ'

ကျွမ်းကျင်ခက်က—

'သိုင်းပြိုင်ပွဲနဲ့ ပတ်သက်တာပဲ ဖြစ်နိုင်တယ်'

'ဟုတ်လိမ့်မယ်'

သူတို့ အကဲခတ်နေစဉ်မှာပင် လူတစ်ယောက်သည် သူတို့အနီးသို့ ဖြတ်သွားလေရာ နှုတ်သွက်အာသွက်ရှိသော ယန်းဖုံးက လှမ်းမေးလိုက်လေသည်။

'ဘာတွေ ဖြစ်နေတာလဲကွ'

ထိုသူသည် ယန်းဖုံးအား လှမ်းကြည့်လာပြီး....

'ပြဿနာ ပေါ်နေပြီလေဗျာ၊ သိုင်းပြိုင်ပွဲ ကျင်းပဖြစ်တော့မှာ မဟုတ်ဘူး'

'ဟင်— ထူးခြားလှချည်လား၊ ဘယ်လိုပြဿနာများမို့လဲ ပြောစမ်းပါဦးဗျာ'

'အခြား မဟုတ်ဘူး၊ လျို့ဝှက်ဂိုဏ်းက လက်စွမ်းပြလာပြန်ပြီလေ'

ယန်းဖုံးနှင့် ကွမ်းကျုံးခက်တို့တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြသည်။

ထိုလူက....

'လျှို့ဝှက်ဂိုဏ်းဟာ သိုင်းပြိုင်ပွဲဝင်မယ့် လူတွေကို နှောင့်ယှက်နေတာ ခင်ဗျားတို့လဲ ကြားဖူးကြမှာပေါ့၊ ခုလဲ လေလွင့်သိုင်းသမား ယန်ကျားစိန်ကိုလုပ်ကြံသွားကြပြီဗျ'

'ဟင်'

'ဟာ'

ကွမ်းကျုံးခက်နှင့် ယန်းဖုံးကိုပါးစပ်အဟောင်းသားဖြစ်သွားကြတော့သည်။

ထိုလူက—

'လေပွေသိုင်းသမားယန်ကျားစိန်ဟာ ဒီပွဲမှာ မီးဘီလူးကို အနိုင်ယူနိုင်မှာ သေချာတယ်၊ ဒါကြောင့် လုပ်ကြံခံရတာပဲ ဖြစ်မယ်'

ယန်းဖုံးက—

'မီးဘီလူးဟာ အနက်ရောင်သိုင်းသမားတစ်ယောက်မဟုတ်လားဗျ'



'သေချာတာပေါ့၊ သူ့ကိုယ်သူအဖြစ်မရှိတဲ့လူတစ်ယောက် လို့နေပေမယ့် သူဟာ အနက်ရောင်သိုင်းသမား တစ်ယောက် ဆိုတာ လူတိုင်းရိပ်မိကြတာပဲ၊ ခုလဲ လျှို့ဝှက်ဂိုဏ်းနဲ့ပေါင်းပြီး လေပွေသိုင်းသမားကိုလုပ်ကြံလိုက်တာပဲဖြစ်မယ်'

ယန်ဖုံးက—

'လေပွေသိုင်းသမား ဘယ်မှာ အသတ်ခံလိုက်ရတာလဲဗျ'

ထိုလူက—

'သူတည်းခိုနေတဲ့ တည်းခိုခန်းမှာပဲ အသတ်ခံလိုက်ရတာလို့ သတင်းဖြစ်နေပါတယ်ဗျ၊ အဲဒီ တည်းခိုခန်းကို သွားမလို့ ခင်ဗျားတို့ရောလိုက်ဦးမလား'

ယန်းဖုံးက ခေါင်းခါယမ်းလိုက်သည်။

'မလိုက်တော့ပါဘူးဗျာ'

'ဒါဖြင့် ကျုပ်သွားမယ်ခွင့်ပြုပါဦး'

'ကောင်းပါပြီဗျာ'

ထိုလူသည် နှုတ်ဆက်ပြီး ခပ်သွက်သွက်ထွက်သွားလေတော့သည်။

ကွမ်းကျုံးခက်က အားမလိုအားမရဖြင့်—

'ယန်းဖုံး ငါတို့ရော လေပွေသိုင်းသမားကိုသွားကြည့်ကြရင်မကောင်းဘူးလား'

ဟု ပြောတိုက်သည်။

ယန်းဖုံးက—

'မင်းဟာ သိုင်းလောကနဲ့ ဆယ်နှစ်လောက် အဆက်ပြတ်သွားတာနဲ့ မင်းရဲ့ အတွေးအခေါ်တွေလဲ ညံ့ဖျင်းသွားတာပါပဲလား၊ လေပွေသိုင်းသမားကသေပြီ၊ သူ့အလောင်းကို သွားကြည့်ပြီး ဘာလုပ်ရမှာလဲ'

'ဒါဖြင့် မင်းသဘောက'

'ငါတို့က အသက်ရှင်နေသေးတဲ့ မီးဘီလူးဆီကိုသွားကြ တာပေါ့'

ကွမ်းကျုံးခက် ဝမ်းသာသွားသည်။

'ဟုတ်သားပဲ၊ ဒါထက် သူဘယ်မှာရှိတယ်ဆိုတာရော မင်း သိလို့လား'

ယန်ဖုံးက—

'ငါဒီလောက်မညံ့သေးပါဘူးကွာ၊ ကဲ....ငါ့နောက်သာ လိုက်ခဲ့ပေတော့'

စကားဆုံးလျှင် ရှေ့မှ ခပ်သွက်သွက် လှမ်းထွက်သွားလေ သည်။

ကွမ်းကျုံးခက်လည်း လိုက်ပါသွားလေတော့သည်။

✱

သဲလွန်စ

---

ကွမ်းကျုံးခက်သည် ယန်းဖုံးနောက်သို့ လိုက်သွားလေသည်။

လေပွေသိုင်းသမားယန်ကျားစိန် လုပ်ကြံခံလိုက်ရသည့်ကိစ္စနှင့် ပတ်သက်ပြီး တစ်မြို့လုံး လှုပ်လှုပ်ရွရွဖြစ်သွားသည်။

သိုင်းလောကသားများ ပျားပန်းခတ်အောင် အလုပ်များနေ၏။

ခရေပွင့်ခြံဝင်းတွင် ရောက်ရှိနေသော ကျောင်းမြို့စားသည်လည်း ဗျာများသွားခဲ့သည်မှာ သေချာလှပေတော့သည်။

ထိုအချိန်တွင်—

ယန်းဖုံးနှင့်ကွမ်းကျုံးခက်တို့သည် လူရှင်းသောမြို့အနောက် ပိုင်းဆီသို့ ဦးတည်သွားနေကြသည်။

သူတို့၏ခြေလှမ်းများသည် ပေါ့ပါးသွက်လက်နေပါ၏။

လမ်းကြိုလမ်းကြားမှဖြတ်ကာ ဆက်လျှောက်သွားကြလျှင် မြို့ပြင်သို့ ရောက်သွား၏။

အနောက်ဘက်မြို့ပြင်တွင် သုသာန်မြေရှိနေပါသည်။

ကွမ်းကျုံးခက် ကြောင်အမ်းအမ်းဖြစ်သွားသည်။

'မင်း ဘယ်သွားမလို့လဲ'
ဟု ယန်းဖုံးကို မေးလိုက်သည်။

ယန်းဖုံးက....
'မီးဘီလူးကို သွားတွေ့ကြမယ်လေ'

'မီးဘီလူးက ဒီချိုင်းကုန်းမှာနေတယ်ဟုတ်လား'

'ဟုတ်တယ်'

ယန်းဖုံးသာ ရှေ့ဆက်လျှောက်သွားရာ ကွမ်းကျုံးခက်လည်း ဘာ မပြောဘဲ လိုက်သွားလေသည်။

မကြာပါချေ။

မြေပုံအုတ်ဂူများကို ဖြတ်ကျော်ကာ မြေကွက်လပ်တစ်ခုသို့ ရောက်သွားကြလေသည်။



ယန်းဖုံးက ခြေလှမ်းရပ်လိုက်သည်။

ကွမ်းကျုံးခက်လည်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက် သည်။

လမ်းမကမ်းတွင် သာလာယံဇရပ်တစ်ခု ရှိနေပါသည်။

မီးဘီလူးသည် ထိုသာလာယံဇရပ်တွင် ခိုအောင်းနေသည် လား။

ယန်းဖုံးထံမှ သက်ပြင်းချသံထွက်ပေါ်လာသည်။

'အင်း...မီးဘီလူးရဲ့သိုင်းပညာဟာ အတော့်ကို ကြောက်စ ကောင်းနေပါပေါ့လား'

ဟုသော ရေရွတ်သံလည်း ထွက်ပေါ်လာသည်ကို ကြား လိုက်ရသည်။

ကွမ်းကျုံးခက်က...

'ဘာဖြစ်လို့လဲ'

ဟု ကပျာကယာ မေးလိုက်သည်။

ယန်းဖုံးက....

'ဟိုမှာကြည့်လိုက်ပါဦး'

မြေကွက်လပ်ငယ်အရှေ့ဘက်ရှိ သစ်ပင်ငယ်ကလေးများဆီ ညွှန်ပြကာ ပြောလိုက်သည်။

ကွမ်းကျုံးခက်က လှမ်းကြည့်လိုက်၏။

ထိုအခါ...

သစ်ပင်ကလေးများမှာ သစ်ကိုင်းသစ်ခက်များ သစ်ပ
တစ်ခြမ်း၌သာရှိပြီး ကျန် တစ်ဖက်၌ ဘာမှမရှိဘဲ တိဘီရိရိ
ဖြတ်ထားသည့် ပုံသဏ္ဌာန်မျိုးရှိနေသည်ကို တွေ့ရလေသည်။

ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွားသည်။

'တစ်ယောက်ယောက်က ဓားနဲ့ ခုတ်ဖြတ်ထားသလိုပါ
လား၊ ဓားကိုင်တဲ့သူဟာ သက်ဆအင်မတန်တိကျ မြန်ဆန်ပုံ
တယ်'

ဟု မှတ်ချက်ချလိုက်မိသည်။

ယန်းဖုံးက—

'မီးဘီလူးဟာ ဓားသမားတစ်ယောက်ပဲကွ၊ သိုင်းလော
ပထနတွဲကို မျှော်မှန်းထားသာဖြစ်လေသော့ သိုင်းပညာမ
ဘူးဆိုတာ ထင်ရှားတာပေါ့'

ကွမ်းကျုံးခက်က...

'မီးဘီလူး ဘယ်မှာလဲ၊ သူက ဒီမှာဓားလေ့ကျင့်ခဲ့တ
ဆိုတော့'



'တွတ်ပါတယ်ကွာ၊ သူဟာ ဟိုရှေ့ကဇရပ်ပေါ်မှာ နေပါ
ယ်'

မြို့ထဲမှာမနေဘဲ သုသာန်မြေမှာ လာနေတယ်ဆိုတော့
င်တော်ထူးဆန်းတဲ့ လူတစ်ယောက်ပဲ'

'လာ... သွားရအောင်'

ယန်းဖုံးက သာလာဝယ်ဇရပ်ဆီသို့ ဦးတည်ထွက်သွားလေရာ
ကျုံးခက်သည်၊ လိုက်သွားလေသည်။

တစ်ခေါင်းတွင်းမှာပင် ဇရပ်ရှေ့သို့ ရောက်သွားကြလေ
ည်။

တို့သည် ဇရပ်ပေါ်သို့ အကဲခတ်ကြည့်လိုက်သည်။
ရပ်ပေါ်တွင် လူရိပ်လူယောင် မတွေ့ရချေ။

ကွမ်းကျုံးခက်က...

'မီးဘီလူးကိုလဲ မတွေ့ရပါလား'

ယန်းဖုံးက—

'နေမွန်းတည့်မှ ပြိုင်ပွဲစမှာဆိုတော့ သူကအချိန်နီးကပ်မှ
မှာသေချာတယ်၊ သူ့ကိုမတွေ့ရတာ အဆန်း ထူးခြား

ကွမ်းကျုံးခက်က—

'မီးဘီလူးရော ဒုက္ခရောက်နေပြီထင်တယ်'

ဟု ရေရွတ်လိုက်သည်။

ယန်းဖုံးက....

'မဖြစ်နိုင်တာကွာ၊ သူဟာ အနက်ရောင်သိုင်းသမား ယောက်ပဲ၊ လျို့ဝှက်ဂိုဏ်းနဲ့ အဆက်အသွယ်တောင်ရှိနိုင်တ သူ့ကို ဘယ်သူက ဒုက္ခပေးမှာလဲ'

ကွမ်းကျုံးခက် ဆက်ပြင်းချလိုက်သည်။

မီးဘီလူးသည် လျို့ဝှက်ဂိုဏ်းနှင့် ပတ်သက်နေသူဖြ လျှင် မီးဘီလူးကိုတွေ့ပါက လျို့ဝှက်ဂိုဏ်းအကြောင်း ရ သိရှိနိုင်လိမ့်မည်ဟု မျှော်လင့်ရသည် မဟုတ်ပါလား။

သူတို့နှစ်ယောက် ပတ်ဝန်းကျင်၌ ကျိုးကန်းအောင်းရေ ရှာဖွေလိုက်ကြသည်။

ထိုစဉ်—

'အင်း...အင်း'

ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလို သည်။

'ဟင်....'



ယန်းဖုံးနှင့် ကွမ်းကျုံးခက်တို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ သည်။

ညည်းညူသံထွက်ပေါ်လာရာဆီသို့ ကပျာကယာ လှမ်း ကြည့်လိုက်ကြ၏။

ညည်းညူသံသည် ဇရပ်၏ ဝဲဘက်တစ်နေရာရှိ ချုံပုတ် အတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ယန်းဖုံးနှင့် ကွမ်းကျုံးခက်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်သည်။

ထို့နောက်—

ညည်းညူသံထွက်ပေါ်လာသည့် ချုံပုတ်ကြီးဆီသို့ ပြိုင်တူ ခုန်ဝင်လိုက်ကြလေတော့သည်။

ချုံပုတ်ကြီးနောက်သို့ ရောက်ရှိသွားကြသောအခါ ညည်း ညူသံ ထွက်ပေါ်နေသည့် အကြောင်းရင်းကို သိလိုက်ရလေ သည်။

ချုံဖုတ်ကြီးနောက်တွင် လူတစ်ယောက် လဲလျောင်းနေသည်ကို တွေ့ရ၏။

ထိုလူ၏တစ်ကိုယ်လုံး သွေးခြင်းခြင်း နီရဲနေသည်။

မျက်နှာလည်း ဖြူဖပ်ဖြူရော်ဖြစ်နေရာ ပြင်းထန်သော ဝေဒနာကို မချိမဆန့် ခံစားနေရကြောင်း ထင်ရှားပေါ်လွင်၍ နေပါ၏။

ထိုသူသည် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး ခက်ထန်ကြမ်းတမ်းသော ရုပ်သွင်ရှိသူဖြစ်၏။

အထူးသဖြင့်....

ထိုလူငယ်၏ မျက်လုံးများသည် မီးကျည်မီးခဲပမာ နီရဲနေသည်ကို တွေ့ရ၏။

ယန်းဖုံးနှင့် ကွမ်းကျုံးခက်တို့သည် သေလုမျောပါး ဒဏ်ရာရထားသူတစ်ယောက်အား တွေ့ရမည်ဟု မမျှော်လင့်ခဲ့ကြပါချေ။

ထို့ကြောင့် အမှတ်မထင် တွေ့လိုက်ကြရသောအခါ ကြောင်အမ်းအမ်း ဖြစ်သွားတော့သည်။

နှစ်ယောက်သား ခြေလှမ်း တုံ့ခနဲရပ်သွားကြ၏။

ထိုဒဏ်ရာရထားသောသူသည်လည်း ကွမ်းကျုံးခက်တို့ကို မြင်လျှင် ဓားတစ်လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်လေသည်။



ရန်ပြုတိုက်ခိုက်ခြင်း မပြုနိုင်သော်လည်း ခုခံကာကွယ်မည့်ဟန်တော့ ရှိနေ၏။

ယန်းဖုံး လက်ကာပြလိုက်၏။

'မစိုးရိမ်ပါနဲ့ဗျာ၊ ခင်ဗျားကို ကျုပ်တို့ ဒုက္ခပေးမှာမဟုတ်ပါဘူး'

ဟုလည်း ပြောလိုက်သည်။

ထိုလူက...

'မင်း... မင်းတို့က'

ယန်းဖုံးက....

'ကျုပ်ဟာ ယန်းဖုံးပါ၊ သူကတော့ ကွမ်းကျုံးခက်ပါ၊ ဆိုင်းပြိုင်ပွဲကို လာကြည့်ကြတာပါ၊ လေပွေထိုင်းသာမား လုပ်ကြံခံရတယ်ဆိုတဲ့ သတင်းကြောင့် ခင်ဗျားလဲ အန္တရာယ်ရှိနေပြီတွေးမိလို့ လာခဲ့ကြတာပါဗျာ'

အကျိုးအကြောင်း ရှင်းပြလိုက်လေ၏။

ထိုအခါမှ ထိုလူသည် အန္တရာယ်ပြုမည့်သူများ မဟုတ်ကြောင်း ယုံကြည်သွားပုံရ၏။

'ညှမ်း...'

သူ၏လက်ထဲမှ စားလည်း မြေပေါ် လွတ်ကျသွားလေ၏၊ ယန်းဖုံးက—

'ခင်ဗျားဒက်ရာ မနည်းဘူး၊ သမားတော် တစ်ယောက်ယောက်ဆီကို သွားပြအားကောင်းမယ်'

ဟု အကြံပေးလိုက်လေသည်။ ထိုလူက....

'ကျုပ် မနေရတော့ပါဘူးဗျာ'

ပြောရင်း နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာ၏၊ စိတ်လျှော့ချလိုက်ခြင်းကြောင့် ဇောဂါဝေဒနာ ဖိစီးလာပုံရလေသည်။

ကွမ်းကျုံးခက်က—

'ခင်ဗျားက လေပွေသိုင်းသမားနဲ့ ယှဉ်ပြိုင်တဲ့ မီးဘီလူး မဟုတ်လား'

ဟု မေးလိုက်သည်၊ ထိုလူက—

'ဟုတ်တယ်၊ ကျုပ် ကျုပ်'

စကားဆုံးအောင် မပြောနိုင်ဘဲ ချောင်းတဟွပ်ဟွပ်ဆိုးလာကာ သွေးများအန်ထုတ်လိုက်သည်။ ကွမ်းကျုံးခက်နှင့် ယန်းဖုံးတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြပြန်လေသည်။



ထိုလူ (ဝါ)မီးဘီလူးသည် ရရှိထားသော ဒဏ်ရာများကြောင့် သက်ဆိုးရှည်တော့မည် မဟုတ်ကြောင်း နားလည်လိုက်ကြလေသည်။ မီးဘီလူးသည် အသက်ကို ခက်ခက်ခဲခဲ ရှူရှိုက်ရင်း—

'ကျုပ် အကောက်ကြံ ခံ ခံ ရ'

ဟု ပြောလာလေသည်။ ထိုအခါကျမှ ကွမ်းကျုံးခက်တို့ သက်ဝင်လာကြသည်။

'ခင်ဗျားကို ဘယ်သူသ အကောက်ကြံပြီး တိုက်ခိုက်သွားတာလဲဗျ'

ဟု ပြိုင်တူမေးလိုက်မိကြသည်။ မီးဘီလူးက...

'ကျုပ် ကျုပ်ကို ခ ခရေပွင့်'

တစ်စုံတစ်ခုကိုပြောရင်း အသိတိမ်ဝင်သွားရာ ရှေ့ထက်ပြောသည့် စကားများကို မကြားလိုက်ရချေ။ ကွမ်းကျုံးခက်နှင့် ယန်းဖုံးတို့ အားမလိုအားမရ ဖြစ်သွားကြလေသည်။

'ခရေပွင့် ဘာဖြစ်သလဲဗျ'

ကွမ်းကျုံးခက်က မေးလိုက်စဉ် ခပ်လှမ်းလှမ်းမှ အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ကွမ်းကျုံးခက်နှင့် ယန်းဖုံးတို့ ရင်ထိတ်သွားကြ၏။ ယန်းဖုံးက—

'တစ်ယောက်ယောက်တော့ ရောက်လာပြီ'

ဟု ရေရွတ်လိုက်သည်။ ကွမ်းကျုံးခက်ကလည်း...

'ဟုတ်တယ်၊ ဘယ်သူလဲမသိဘူး'

ယန်းဖုံးက...

'မီးဘီလူးကို လုပ်ကြံသွားတဲ့လူက သေချာအောင် တစ်ခေါက် ပြန်လာပြီးကြည့်တာကော မဖြစ်နိုင်ဘူးလား'

ကွမ်းကျုံးခက်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

'မီးဘီလူးကိုလုပ်ကြံဖို့ ကြိုးစားတဲ့လူဆိုရင်တော့ လျို့ဝှက်ဂိုဏ်းနဲ့ ပတ်သက်နေမှာပဲ'

'အေး... တို့ ဘယ်လိုလုပ်မလဲ'

'ဘာလုပ်ရမလဲ၊ လူသိရှင်ကြား ဖော်ထုတ်ကြတာပေါ့'

'ကောင်းပြီလေ'

သူတို့ တိုင်ပင်ပြောဆိုနေကြစဉ်မှာပင်...

'မီးဘီလူး ခင်ဗျားထွက်ပြေးလို့ မလွတ်ဘူးဆိုတာ မှတ်ထားပါ'

ကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။



ကျယ်လောင်သော အော်ဟစ်သံ ထွက်ပေါ်လာသည်။ လူတစ်ယောက်သည် သချိုင်းမြေထဲသို့ ဝင်ရောက်လာပြီး ဘာလားယံဇရပ်ရှေ့သို့ ရောက်ရှိလာလေသည်။

ယန်းဖုံးနှင့် ကွမ်းကျုံးခက်တို့သည် တိုင်ပင်ထားကြသလို ချုံဖုတ်နောက်မှ ခုန်ထွက်လိုက်ကြလေသည်။

သူတို့၏ခန္ဓာကိုယ်များသည် မီးခိုးတန်းများပမာဇရပ်ရှေ့သို့ ရိပ်ခနဲရိပ်ခနဲ ရောက်သွားကြ၏။

ဇရပ်ရှေ့၌ ရောက်နေသူက ဆီးကြိုတိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ၏။ ယန်းဖုံးတို့ကလည်း တိုက်ခိုက်ရန်ပြင်လိုက်၏။

သို့သော်...

တစ်ယောက်ကို တစ်ယောက် မြင်လိုက်ကြရသောအခါ...

'ဟင်....'

'ဟာ...'

'မင်းတို့ကိုး'

အံ့အားသင့် ရေရွတ်မိကြပြီး တိုက်ခိုက်ခြင်းမပြု ဖြစ်ကြပါတော့၏။

ဇရပ်ရှေ့၌ ရောက်နေသူမှာ ကွမ်းကျုံးခက်တို့ လုံးဝမမျှော်လင့်သည့် ကျောင်းမှူးစား ဖြစ်နေပါတော့သည်။

ကျောင်းမြို့စားသည်လည်း ယန်းဖုံးတို့အား တွေ့ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်နေသည်။

သူတို့တစ်ယောက်ကို တစ်ယောက် တအံ့တဩ ကြည့်နေကြပြီးမှ—

'လက်စသပ်တော့ ခင်ဗျားရဲ့လက်ချက်ကိုး'

ယန်းဖုံးက ကျောင်းမြို့စားအား စွပ်စွဲလိုက်လေသည်။ ကျောင်းမြို့စား မျက်မှောင်ကြုတ်သွားပြီး—

'ခင်း ဘာကိုဆိုလိုတာလဲကွ'

ယန်းဖုံးက—

'ခင်ဗျားက မီးဘီလူးကို သတ်ပစ်ဖို့ ကြိုးစားခဲ့တာ မဟုတ်လား၊ လေပွေသိုင်းသမားကို အတိပစ်ခဲ့တာလဲ ခင်ဗျားပဲ မဟုတ်လား'

ဟု ပြောလိုက်၏။

ကျောင်းမြို့စားအပေါ် မနှစ်မြို့နိုင်အောင် ဖြစ်နေရကား အပ်ကျ မတ်ကျ စွပ်စွဲလိုက်ခြင်း ဖြစ်ပါတော့သည်။

ကျောင်းမြို့စား မကျေမနပ် ဖြစ်သွားလေသည်။

'မင်းက ကျုပ်ကို မတရားစွပ်စွဲနေတာ မကောင်းဘူး ထင်တယ်၊ ကျုပ်ကို စော်ကားလာရင် ကျုပ်က သည်းခံမှာမဟုတ်ဘူး'



ဟု ပြောလေသည်။

တစ်ဆက်တည်းပင်—

'မီးဘီလူးကို ကျုပ်က လုပ်ကြံစရာ ဘာမှအကြောင်းမရှိဘူး၊ သူဟာလေ လေပွေသိုင်းသမားနဲ့ ယှဉ်ပြိုင်ရင် အနိုင်မရမှာကို စိုးရိမ်ပြီး တိတ်တဆိတ် လုပ်ကြံသွားလို့ သူ့ကိုဖမ်းဆီးဖို့ ကျုပ်လိုက်လာတာပဲ'

ဟု ပြော၏။

ဤတွင်—

တစ်ယောက်ကို တစ်ယောက် အထင်လွဲကာ အခြေအနေ ရှုပ်ထွေးသွားရကြောင်း ကွမ်းကျူးခက် သဘောပေါက်လိုက်လေသည်။

'ခဏနေကြပါဦး ခင်ဗျာ'

ဟု ကြားဝင်ပြောလိုက်သည်။

ကျောင်းမြို့စားက—

'မောင်ရင်လေး ကွမ်းကျူး၊ မောင်ရင်လေးရဲ့ မိတ်ဆွေ ကျုပ်ကို မတရားစွပ်စွဲတာ ကျုပ်ဘယ်လိုမှ လက်မခံနိုင်ဘူးကွယ့်'

ဟု ပြောလေသည်။

ကွမ်းကျုံးခက်က—

'ဆည်းခံပါ ခင်ဗျာ၊ အခြေအနေအရ တစ်ယောက်ကို တစ်ယောက် အထင်လွဲစရာတွေ ဖြစ်နေလို့ပါ၊ ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ'

ကျောင်းမြို့စား မျက်ခေါင်ကြုတ်သွားသည်။

'ဘာတွေများ အထင်လွဲစရာ ဖြစ်နေလို့လဲ၊ ပြောစမ်းပါဦး'

'ဒီလိုပါ ခင်ဗျာ'

သူတို့သည် လေပွေသိုင်းသမား လုပ်ကြံခံရကြောင်း သတင်းကြားသဖြင့် မီးဘီလူး၏လက်ချက် ဖြစ်မည်ဟု ယူဆကာ လိုက်လာခဲ့ကြကြောင်း၊ သူသာနီမြေသို့ရောက်လျှင် မီးဘီလူးသည်လည်း ရန်သူ၏လက်ချက်ဖြင့် လုပ်ကြံခံရသည်ကို တွေ့ရကြောင်း၊ ကျောင်းမြို့စား ရောက်လာသောအခါ အထင်မှားရခြင်း ဖြစ်ကြောင်း အကျိုးအကြောင်းနှင့် ရှင်းပြလိုက်လေသည်။ ထိုအခါမှ ကျောင်းမြို့စား စိတ်ဆိုးပြေသွားပြီး—

'လက်စသပ်တော့ မီးဘီလူးလဲ လုပ်ကြံခံရတာကိုး၊ ကျုပ်က လေပွေသိုင်းသမားကို လုပ်ကြံခံတာ သူ့ရဲ့လက်ချက်လို့ထင်နေတာ၊ ဒီအတိုင်းဆိုရင် သူတို့နှစ်ယောက်စလုံးကို လုပ်ကြံသွားတာ၊ လျှို့ဝှက်ဂိုဏ်းရဲ့ လက်ချက်ပဲဖြစ်လိမ့်မယ်'

ဟု မှတ်ချက်ချလေသည်။



တစ်ဖန်—

'မီးဘီလူးရဲ့ အလောင်းက ဘယ်မှာလဲ'

ဟု မေးလာလေသည်။

ကွမ်းကျုံးခက်က—

'ဟိုခြုံပုတ်ကြီးရဲ့ နောက်ကွယ်မှာ ရှိပါတယ်'

ဟု ညွှန်ပြလိုက်၏။

သူ၏စကားဆုံးသည်နှင့် ကျောင်းမြို့စားက လျှပ်တစ်ပြက် ခုန်ဝင်သွားလေသည်။

သူ၏ လှုပ်ရှားမှုသည် အံ့သြစရာ ကောင်းလောက်အောင် လျင်မြန်လွန်းလှပေသည်။

ကွမ်းကျုံးခက်တို့ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

ထိုစဉ်—

'အား'

မီးဘီလူး၏ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။ ကွမ်းကျုံးခက်နှင့် ယန်းဖုံးတို့ ထိတ်လန့်သွားကြသည်။

ချက်ချင်းပင် ပြေးလိုက်သွားကြလေတော့သည်။

ကွမ်းကျုံးခက်နှင့် ယန်းဖုံးတို့ ချုပ်ပုတ်ကြီး နေခက်ကွယ်သို့ ရောက်သွားကြပြီ ဖြစ်ပါသည်။

ထိုအခါ—

ကျောင်းမြို့စားက မလှုပ်မယှက် ရပ်နေပြီး မီးဘီလူးကား မှောက်ခုံကြီး လဲကျနေ၏။

သူ၏ ကျောပြင်၌ ဓားတစ်လက် ထိုးဖောက် စိုက်ဝင်နေသည်။ မီးဘီလူး ကိုင်ဆောင်ခဲ့သော ဓားပင် ဖြစ်ပါသည်။

အခြေအနေကို ကြည့်ရှုဖြင့် မီးဘီလူး သေဆုံးနေပြီဖြစ်ကြောင်း သိနိုင်ပေတော့သည်။

ကွမ်းကျုံးခက်နှင့် ယန်းဖုံးတို့ မကျေမနပ် ဖြစ်သွားကြလေသည်။ နဂိုကပင် ကျောင်းမြို့စားအား မုန်း၊ တီး နေသည့် ယန်းဖုံး—

'ခင်ဗျားက ဘာကြောင့် သူ့ကိုသတ်ပစ်လိုက်ရတာလဲ၊ လျှို့ဝှက်ဂိုဏ်းအကြောင်း ဖော်ထုတ်မှာကို စိုးရိမ်လို့ မဟုတ်လား'

ဟု ဒေါသတကြီး ပြောလိုက်လေသည်။

ကျောင်းမြို့စားက....

'မင်းက ကျုပ်ကို စော်ကားပြန်ပြီလား၊ ကျုပ်ရောက်လာတော့ သူက ချုပ်ပုတ်ကို အကာအကွယ်ယူပြီးတော့ ဓားနဲ့ထိုး



လိုက်တာပဲ၊ ကျုပ်သာပြန်ပြီး မခုခံဘူးဆိုရင် ကျုပ်ဒုက္ခရောက်သွားမှာပေါ့'

ဟု ချေပလေသည်။

ကွမ်းကျုံးခက်သည် မီးဘီလူးကိုကြည့်ကာ စိတ်မကောင်းဖြစ်နေပါသည်။

ယန်းဖုံးကား ဒေါသထွက်နေသည်။

'သူ ဒဏ်ရာပြင်းပြင်းထန်ထန်ရတာ ခဏပဲဗျ၊ ခင်ဗျားလို လူသမားကြီး တစ်ယောက်ကို ဘယ်လိုလုပ်ပြီး ဒုက္ခပေးနိုင်မလဲ၊ ခင်ဗျား တမင်အကြံသက် သူ့ကို နှုတ်ပိတ်ပစ်လိုက်တာပဲ'

ဟု စွပ်စွဲပြောဆိုနေသည်။

ကျောင်းမြို့စား ဒေါပွသွားသည်။

'ခင်း...မင်း'

ယန်းဖုံးက—

'မီးဘီလူးက အဖြစ်မှန်ကို ထုတ်ပြောမှာကို ခင်ဗျား စိုးရိမ်တယ် မဟုတ်လား'

ကျောင်းမြို့စား အံကြိတ်လိုက်သည်။

'ဒီလောက်ဆောင်ဖြစ်တာ သိကြသေးတာပေါ့ကွ'

ပြောပြောဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

'နေပါဦးဗျာ'

ကွမ်းကျုံးခက် မနေနိုင်ဘဲ ကပျာကယာ ကြားဝင်ကာ တားမြစ်လိုက်လေသည်။

ကျောင်းမြို့စားက....

'ကွမ်းကျုံးခက်၊ မင်း ဘေးဖယ်လိုက်ချင်ကောင်းမယ်'

ကွမ်းကျုံးခက်က—

'ကျွန်တော့်မိတ်ဆွေ စကားပြောမှားတာလို့ အမှားပါရင် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

သူ၏ တောင်းပန်စကားကို ကြားလိုက်ရသောအခါ ယန်းဖုံး ခံပြင်းသွားလေသည်။

'ကွမ်းကျုံးခက်၊ မင်း ဘာမှ တောင်းပန်စရာ မလိုဘူး၊ ကြီး လူကောင်း ဟန်ဆောင်ပြီး သိုင်းလောကကို ဖျက်ဆီး လုပ်နေတာ၊ ဒီလိုလူစားမျိုးကို ဒါက ကြောက်နေရမှာလား သချင်သေသွားစမ်းပါစေ၊ သူနဲ့ ပြတ်ပြတ်သားသား ရင်ဆိုင် ရမှာပဲ'

ဟု ရင်ကော့ပြီး ပြောလေသည်။

ကွမ်းကျုံးခက်က....

'တော်ပါတော့ကွာ'



ကျောင်းမြို့စားနှင့် ယန်းဖုံးတို့နှစ်ယောက်ကြား၌ ဗျာများ နေရလေတော့သည်။

ကျောင်းမြို့စားက နောက်ဆုတ်လိုက်သည်။

'ကောင်းပြီလေ၊ မင်းက ကျုပ်ကို ရင်ဆိုင်ဝံ့တယ်ဆိုရင် နောက်ငါးရက် ကြာတဲ့အခါ ကြာစန်းတောင်ကုန်းကို လာခဲ့ ပါ၊ ကျုပ်စောင့်နေမယ်၊ မင်းကို သိုင်းကွက်ဆယ်ကွက် သင်ကြားပေးပါ့မယ်'

ဟု စိန်ခေါ်လေသည်။

ယန်းဖုံးက—

'စိတ်ချ ကျုပ်လာခဲ့မယ်၊ ခင်ဗျားကို ကောင်းကောင်းကြီး မပြုမယ်ဆိုတာ မှတ်ထား'

ဟု မကြောက်မရွံ့ ပြန်ပြောလေသည်။

ကျောင်းမြို့စားက....

'မင်းသာ အကြိတ်ဆက်လာခဲ့ပါ၊ မလာရဲဘူးဆိုရင်တော့ တော့ဘူး'

စကားဆုံးလျှင် ချာခနဲ လှည့်ကာ ထွက်သွားလေတော့ သည်။

## လမ်းခွဲ

လေပြေလေညင်းတို့ ယမ်းတိုက်ခိုက်လာသည်။ ရော်ရွက်ကလေးများ တဖြုတ်ဖြုတ်ကြွေကျသွားသည်။

အဝေးမှငှက်ကလေးသစ်ကောင်၏ တခါခါတာဝတေး ကြေးသံကို လွမ်းဆွေးဖွယ်ကြားနေရသည်။

သုသာန်မြေအတွင်းဝယ် တိတ်ဆိတ်ငြိမ်သက်မှုက မင်းမူ ပါသည်။ မီးဘီလူးသည် မြေပေါ်မှောက်ရှန့်လဲလျက် ဆုံးနေ၏။ သိုင်းပြိုင်ပွဲဝင်ကြမည့် လေစပွဲသိုင်းသမား မီးဘီလူးပါသေဆုံးသွားကြပြီ ဖြစ်သည်။

ပြိုင်ပွဲဝင်မည့်သူများအား လျှို့ဝှက်ဂိုဏ်းမှသိုက်လုံ နေသည့်အဖြစ်ကို ကွမ်းကျုံးခက် လက်တွေ့သိလိုက်ပြီ သည်။ ကွမ်းကျုံးခက်သည် ယန်းဖုံးအား ငေးကြည့်နေ



ယန်းဖုံးကား အလွန်တည်ကြည်သည့် အသွင်ရှိနေသည်။ ယခုယန်းဖုံးသည် ကျောင်းမြို့စားနှင့် သိုင်းပညာ ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ပါသည်။

အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ရသည့် ကိန်းဆိုက် နေသည်။ ကျောင်းမြို့စားသည် ယန်းဖုံးထက် သိုင်းပညာ အဆင့် အဆပေါင်းများစွာမြင့်သူ ဖြစ်ပါသည်။

ယန်းဖုံး မည်သည့်နည်းနှင့်မျှယှဉ်ပြိုင်မည် မဟုတ်ပါချေ။ ကွမ်းကျုံးခက် သက်ပြင်းချလိုက်သည်။

'သူငယ်ချင်း မင်းဘယ်လိုလုပ်မလဲ'

ဟု မေးလိုက်လေသည်။

ယန်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

'ဘာလုပ်ရမလဲ၊ ကြာပန်းတောင်ကုန်းကိုသွားပြီး ယှဉ်ပြိုင် ဖို့ပဲ ရှိတာပေါ့'

ကွမ်းကျုံးခက်က –

'ကျောင်းမြို့စားဟာ အဘော်ကြောက်စရာကောင်းတယ်ကွ'

ယန်းဖုံးက—

'ဘယ်သူ့တွေကပဲကြောက်ကြောက် ငါကတော့မကြောက် ဘူးကွ'

အလျှော့မပေးသောလေသံဖြင့်ပြောလေသည်။ ကွမ်းကျုံးခက်က...

‘ရန်သူတွေမှမဟုတ်ကြတာကွာ၊ စကားပြောအဆင်မပြေလို့ ဖြစ်သွားတာပဲ၊ စိန်ခေါ်ပြီး ယှဉ်ပြိုင်ကြတဲ့ အခြေအနေ အထိ ရောက်ဖို့မကောင်းပါဘူး’

ဟု ညည်းတွားလိုက်သည်။ ယန်းဖုံးက....

‘သူက အစ်ကိုကြီးနဲ့ အရင်းနှီးဆုံးဖြစ်တဲ့ ငါတို့ကိုကြည့်လို့ မရတာကြာပြီပဲကွ၊ ခုမှ သူ့ရဲ့ဝန်တိုစိတ် ပေါ်ပေါက်လာ တာပေါ့၊ မဟုတ်ဘူးလား’

ကွမ်းကျုံးခက်၏စိတ်ထဲ၌လည်း ကျောင်းမြို့စားသည် စတင် စိန်ခေါ်ဖို့မသင့်ဟု တွေးမိလေသည်။

ကျောင်းမြို့စားကဲ့သို့ အဆင့်အတန်းမြင့်မားလှသည့် ထိပ်သီး သိုင်းသမားကြီးတစ်ယောက်က ယန်းဖုံးအား စိန်ခေါ်သည် မှာ လူကြားလို့ပင်မကောင်းသော ကိစ္စဖြစ်သည်။

ယန်းဖုံးက....

‘ကွမ်းကျုံးခက်’

ဟု အလေးအနက်ထားကာ ခေါ်လာသည်။ ကွမ်းကျုံး ခက်က....



‘ပြောပါ သူငယ်ချင်း’

‘ကျောင်းမြို့စားအပေါ် ငါ့ရဲ့သုံးသပ်ချက်တွေကို ဘယ်လို ထင်သလဲ၊ မင်း လက်ခံနိုင်ပါ့မလား’

ကွမ်းကျုံးခက် ဆက်ပြင်းချလိုက်သည်။

‘ငါလက်ခံပါတယ် သူငယ်ချင်း’

သို့သော် သူ၏စိတ်ထဲ၌ ဇဝေဇဝါဖြစ်နေဆဲ ကျောင်းမြို့စား သည် လျို့ဝှက်ဂိုဏ်းနှင့် ပတ်သက်နေပြီး ကျွန်းဟိုအား ယှဉ် ပြိုင်ဖို့ သဲကြီးမဲကြီးကြိုးစားနေသူဟု လက်ခံဖို့ခဲယဉ်းနေသည်။

သူက ကျောင်းမြို့စားအား ကြည်ညိုလေးစားဆဲ မဟုတ်ပါ လား။ ယန်းဖုံးက....

‘ကျောင်းမြို့စားဟာ တကယ့်ကို ကြောက်စရာကောင်းအောင် ကြံအစည်ကြီးမားတဲ့ လူတစ်ယောက်ပဲကွ၊ မင်းကြည့်လေ သူ့ရဲ့ဟာ့ကွက်ကို လက်တွေ့မြင်နေရပြီ’

ကွမ်းကျုံးခက်က....

‘ဟာ့ကွက်တွေ ဟုတ်လား’

‘ဟုတ်တယ်လေ၊ မီးဘီလူးဒီနေရာမှာပုန်းအောင်းပြီး သိုင်း လေ့ကျင့်နေသည်ဆိုတာကို သိတဲ့သူ ရှားတယ်၊ ငါတော်

မတော်တဆကံကောင်းပြီး တွေ့ခဲ့မိတာ၊ ဒါပေမယ့် ကျင်ဖြူစားက ကောင်းကောင်းကြီးသိနေတယ်'

ကွမ်းကျုံးခက်က ဘာမှမပြောဘဲ နေလိုက်သည်။ ယန်းဖုံးက—

'သူက မီးဘီလူးဆီကိုလာတယ်၊ ပြီးတော့ သူ့ကိုတိုက်ခိုက်ဖို့ ကြိုးစားလို့ပါဆိုပြီး သတ်ပစ်လိုက်တယ်၊ မင်း စဉ်းစားကြည့်စမ်းပါ၊ မီးဘီလူးဟာတိုက်ခိုက်ဖို့မပြောနဲ့ ကိုယ့်ကိုကိုယ်တောင် အနိုင်နိုင်ဖြစ်နေတဲ့လူပါ'

ကွမ်းကျုံးခက်က...

'ဒါတော့ ဟုတ်တယ်ကွ'

ဟု လွတ်ခနဲ ထောက်ခံလိုက်သည်။

'မခုခံနိုင်တဲ့မီးဘီလူးကို ရက်ရက်စက်စက်သတ်ပစ်လိုက်တာ ဘာကြောင့်လဲ နှုတ်ပိတ်ချင်တဲ့အဘောကလွဲပြီး တခြား ဘာမှ မဖြစ်နိုင်တော့ဘူးလေ'

ကွမ်းကျုံးခက် သက်ပြင်းချလိုက်သည်။ ယန်းဖုံးက ဆက်ပြောသည်။

'သူက ငါ့ကို ဘာကြောင့် စိန်ခေါ်ရသလဲဆိုတော့ ငါ သဘောပေါက်ထားတယ်'



ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွားပြီး—

'ဘာဖြစ်လို့လဲ'

'မီးဘီလူးဆီက သူနဲ့ပတ်သက်တဲ့အတင်း တစ်စုံတစ်ခုရသွားပြီလို့ သံသယရှိနေတာကြောင့်ပဲ'

ကွမ်းကျုံးခက်က....

'ဖြစ်နိုင်ပါ့မလား၊ ဒါလဲရှိနေတာပဲ မဟုတ်လား'

ယန်းဖုံး မဲ့ပြုံး ပြုံးလိုက်ပြီး—

'အေး... မင်းကိုလဲ ချမ်းသာစေမှာမဟုတ်ဘူး၊ ငါ့ကိုသုတ်သင်ပြီးတာနဲ့ မင်းအလှည့် ရောက်လာမှာပဲ'

ဟု ပြောလေသည်။

ကွမ်းကျုံးခက် ပါးစပ်ပိတ်ထားလိုက်လေသည်။ ယန်းဖုံးက....

'ကွမ်းကျုံးခက်—မင်းကို ငါအကြံပေးချင်တာက ခုချိန်ကစပြီး မြောက်ပိုင်းကိုသွားပြီး အစ်ကိုကြီးကို ရှာပေတော့'

'ဟေ—'

'အစ်ကိုကြီးကိုရှာဖို့အရေးကြီးဆုံးပဲ၊ အစ်ကိုကြီးအပဲ ကျင်းဖြူစားကို ဟန့်တားနိုင်လိမ့်မယ်'

'ဝါက ဘယ်မှာသွားရှာရမလဲကွာ'

'အေး... မင်း ကြိုးစားရလိမ့်မယ်၊ သိုင်းလောကကို ကယ်တင်ဖို့ တာဝန်ဟာ မင်းရဲ့ပခုံးပေါ် ကျနေပြီဆိုတာ မှတ်ထားပါ'

'ငါ...ငါ'

ကွမ်းကျုံးခက် ထစ်ထစ်ငေါ့ငေါ့ဖြစ်နေပြီး ဘာမှ ဆက်မပြောနိုင်ပါချေ။

ယန်းဖုံးက—

'ကဲ... သူငယ်ချင်း တို့တစ်တွေ ခုချိန်ကစပြီး လမ်းခွဲလိုက်ကြရအောင်'

'ဟေ...'

မမျှော်လင့်သောစကား ကြားလိုက်ရလျှင် ကွမ်းကျုံးခက် ပါးစပ်အဟောင်းသား ဖြစ်သွားခလေသည်။ ယန်းဖုံးကို မယုံကြည်နိုင်စွာကြည့်ရင်း—

'တို့လမ်းခွဲကြရမယ် ဟုတ်လား'

'ဟုတ်တယ်'

'သူငယ်ချင်း မင်းက...'

ယန်းဖုံးသည် တည်ကြည်သောမျက်နှာထားဖြင့်—

'ငါလဲ ကြာပန်းတောင်မှာ ကျောင်းမြို့စားနဲ့ယှဉ်ပြိုင်ဖို့ သိုင်းပညာကို ပြန်နွှေးရဦးမယ်၊ မင်းလဲ အစ်ကိုကြီးကိုတွေ့အောင် ရှာပေတော့'



ကွမ်းကျုံးခက်က...

'မင်း တကယ်ပဲသွားမှာလား'

ယန်းဖုံး ပြုံးလိုက်သည်။

'ငါ မလာရင် ယောကျ်ားမဟုတ်ဘူးလို့ သူပြောသွားတာ မင်းမကြားဘူးလား'

ကွမ်းကျုံးခက်က...

'ငါက ကျောင်းမြို့စားနဲ့ သွားတွေ့လိုက်မယ်လေ'

ယန်းဖုံး လက်ကာပြလိုက်သည်။

'သူငယ်ချင်း... သိုင်းအမားတစ်ယောက်ရဲ့ ဘဝမှာ ဂုဏ်သိက္ခာဆိုတာ အရေးကြီးဆုံးပါပဲကွ'

သူ၏စကား လေးနက်လှပေသည်။ ကွမ်းကျုံးခက် ခေါင်းငိုက်စိုက်ကျသွားခလေသည်။ ယန်းဖုံးက...

'ဂုဏ်သိက္ခာမဲ့ပြီး အသက်ရှင်နေတာထက် သိက္ခာရှိရှိသေသွားရင် ပိုပြီးမြတ်ပါတယ်၊ မိတ်ဆွေဆိုတာ သေသည့်ပဲဖြစ်ဖြစ်၊ ရှင်သည်ပဲဖြစ်ဖြစ် နှလုံးသားထဲမှာတော့ ထာဝရရှင်သန်နေမှာပဲ မဟုတ်လား'

ကွမ်းကျုံးခက်၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေတော့သည်။ ယန်းဖုံးက—

'ကဲ.... ငါ့ကို ခွင့်ပြုဦး'

စကားဆုံးလျှင် ချစ်ခနဲ လှည့် ကသည်။

'ယန်းဖုံး'

ကွမ်းကျုံးခက် လွှတ်ခနဲ ခေါ်လိုက်လေသည်။

ယန်းဖုံးက လှည့်မကြည့်ဘဲ ဆက်၍လှမ်းသွား၏။ ကွမ်းကျုံးခက် ပြေးလိုက်သွားလိုပါသည်။

သို့သော်....

သူ၏ခြေနှစ်ဖက်ကို တစ်စုံတစ်ခုဖြင့် ချုပ်နှောင်ထားခြင်း ခံရသလိုရှိသည်။

လုံးဝ လှုပ်ရှား၍မရချေ။

ယန်းဖုံးကား ခြေလှမ်းကျဲကျဲဖြင့်ထွက်သွားရာ တစ်စထက် တစ်စ ဝေးကွာသွားလေသည်။

နောက်ဆုံး....

သူသာန် မြအတွင်းမှ ထွက်ကာ မြင်ကွင်းမှ ပျောက်ကွယ် သွားလေတော့သည်။

မြဿနာတစ်ရပ်

---

နေမွန်းလွဲပြီဖြစ်သည်။

ကွမ်းကျုံးခက်သည် သုသာန်မြေကို ကျော်ခိုင်းကာ မြို့ထဲသို့ ပြန်ဝင်လာခဲ့ လသည်။

သိုင်းပြိုင်ပွဲကား ပျက်စီးသွားချေပြီ၊ ယှဉ်ပြိုင်ကြမည့် လေးပွင့်သိုင်းသခားရော မီးဘီလူးပါ သေဆုံးကြပြီဖြစ်သည်။

သိုင်းလောကသားများ ကြားဝယ် လျှို့ဝှက်ဂိုဏ်းဆိုသော အမည် ရေပန်းစားသွားသည်။

လျှို့ဝှက်ဂိုဏ်းအကြောင်း ဝေဖန်ပြောဆိုကြသည်။ ဖော် ထုတ် ချေမှုန်းဖို့လည်း နီးစပ်ရာအချင်းချင်း တိုင်ပင်ဆွေးနွေး လာကြသည်။

ကိုယ့်အဘောနှင့်ကိုယ် နေထိုင်ခဲ့ကြသော သိုင်းလောကသားများသည် လျှို့ဝှက်ဂိုဏ်းကြောင့် စုစည်းမိရန် စတင်အကြောင်းဖန်လာပြီ ဖြစ်လေသည်။

ကွမ်းကျူးခက် မြို့ထဲဝင်လာသောအခါ လမ်းပေါ်၌ လူသွားလူလာ ရှင်းနေ၏။

စုရုံးရောက်ရှိလာကြသည့် သိုင်းလောကသားသည် သိုင်းပြိုင်ပွဲ ပျက်စီးသွားပြီဖြစ်၍ အလျှိုလျှို ပြန်လည်ထွက်ခွာသွားကြပြီ ဖြစ်လေသည်။

မြို့သူမြို့သားများသည်လည်း လေဧပွသိုင်းသမား လုပ်ကြံခံရသာကြောင့် ထိတ်လန့်ကာ အိမ်ထဲမှအိမ်ပြင် မထွက်ဝံ့အောင် ဖြစ်နေပုံရှိသည်။

ကွမ်းကျူးခက်သည် ယန်းဖုံးအား တွေ့ရလိုတွေ့ငြား တိုဟိုသည်သည်ကြည့်ကာ လျှောက်လာခဲ့ရာ ခရေပွင့်ခြံဝင်းနှင့် မလှမ်းမကမ်းသို့ပင် ရောက်လာတော့သည်။

'ခရေပွင့်ခြံဝင်း'

ကွမ်းကျူးခက် တီးတိုးရေရွတ်လိုက်သည်။ ခရေပွင့်ခြံဝင်းတွင် ကျောင်းလိန်မြို့စား တည်းခိုလျက်ရှိပါသည်။ ယခုအချိန်တွင် ရှိနေသေးသည်လော၊ ပြန်သွားပြီလော မဆိုနိုင်ပါချေ။



ကွမ်းကျူးခက် စိတ်လှုပ်ရှားသွားသည်။

'ဘာပဲဖြစ်ဖြစ် ကျောင်းမြို့စားနဲ့ဝင်တွေ့ပြီး အကျိုးအကြောင်း ပြောပြရကောင်းမယ်'

ဟု တွေးလိုက်သည်။ ခရေပွင့်ခြံဝင်းဆီသို့ ခပ်သွက်သွက် လှမ်းသွား၏။ ခြံဝင်းရှေ့မှ အစောင့်အကြပ်များသည် ကွမ်းကျူးခက်အား ကောင်းစွာမှတ်မိနေပြီ ဖြစ်ပါသည်။

ထို့ကြောင့်....

'သြော်...မိတ်ဆွေကိုး၊ အထဲဝင်သွားပါဗျာ'

ကြည်ကြည်ဖြူဖြူပင် ဝင်ခွင့်ပြုသည်။ သူကလည်း ကျေးဇူးတင်ကြောင်းပြောကာ ခြံဝင်းအတွင်းသို့ ဝင်လာခဲ့၏။

ခရေပွင့်ခြံဝင်းပိုင်ရှင် ကောင်းလီ၏ အဆောက်အအုံကြီးသည် ခမ်းနားထည်ဝါစွာ ရှိနေပါ၏။

သူသည် အဆောက်အအုံရှေ့သို့ရောက်သွားလျှင် အိမ်ထိန်းကြီးက ခရီးဦးကြိုပြုလာ၏။

'မောင်ရင်လေး ရောက်လာလိမ့်မယ်လို့ ကျောင်းမြို့စားက မှာသွားတယ်၊ ကြွပါ ကြွပါ'

ဟု ဖိတ်ခေါ်လေသည်။ သူ ရင်ထိတ်သွား၏။

'လက်စသပ်တော့ ငါရောက်လာမယ်ဆိုတာကို သူကြိုသိနေတာကိုး'

မည်သို့ဆိုစေ—

ကျောင်းမြို့စားနှင့် တွေ့ပြီးလျှင် ယန်းဖုံးအတွက် အခြေအနေ ကောင်းမွန်လာနိုင်သည်ဟု သဘောထားကာ အိမ်ထိန်းကြီးနောက်သို့ လိုက်သွား၏။

'ထိုင်ပါ မောင်ရင်လေး'

အိမ်ထိန်းကြီးသည် သူ့အားနေရာထိုင်ခင်းပေး၏။ ပြီးလျှင်

'ခဏနေဦး'

ဟု ဆိုကာ အတွင်းဘက်သို့ဝင်သွား၏။ သူက အေးအေးလူလူပင် ထိုင်စောင့်နေလိုက်၏။ မကြာပါချေ။

ခြေသံများ ထွက်ပေါ်လာပြီး အဘိုးအို တစ်ယောက် လှမ်းထွက်လာသည်ကို တွေ့ရသည်။ ထိုအဘိုးအိုမှာ ခရေပွင့်ခြံဝင်းပိုင်ရှင် ကောင်းလီဖြစ်၏။ ကောင်းလီက—

'ကြော်—မင်းရောက်လာပြီကိုး'

ဟု ပြောလာသည်။ သူက ထိုင်ရာမှထကာ ဦးညွှတ်လိုက်လေသည်။

'ခရေပွင့်ခြံဝင်းပိုင်ရှင်ကို ဂါရဝပြုပါတယ်ခင်ဗျာ'



ကောင်းလီက—

'ကျောင်းမြို့စားက မင်း ရောက်လာလိမ့်မယ်လို့ ပြောသွားပြီ'

'ဟုတ်ကဲ့ခင်ဗျာ၊ သူနဲ့ တိုင်ပင်ဆွေးနွေးစရာရှိလို့ပါ'

သူ၏စကားအဆုံးတွင်....

'ဟား ဟား ဟား'

ကောင်းလီက ဟားတိုက်ရယ်မောလိုက်၏။ သူ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ကောင်းလီရယ်သံသည် သူ့အား ချောင်ပြောင်သည့်အသွင် ရှိနေသည် မဟုတ်ပါလား။

ကောင်းလီသည် ဟားတိုက်ရယ်မောလိုက်ပြီးမှ—

'မင်းရဲ့သူငယ်ချင်းအတွက် တောင်းပန်ဖို့လို့ ပြောစမ်းပါ၊ မင်းတို့ဟာ ကျွန်းဟိုနဲ့ ခင်မင်ရင်းနှီးဖူးတာနဲ့ သိုင်းလောကမှာ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးလို့ထင်နေရင် မှားသွားမှာပေါ့'

'ဗျာ'

'မင်းတို့ငယ်စုဟာ ကျွန်ဟိုရဲ့အရှိန်အဝါနဲ့ မောက်မာနေတာကို မျက်စိ စပါးမွေးစူးရှနေကြတဲ့သူတွေ ရှိနေသေးတယ်ဆိုတာ မှတ်ထားစမ်းပါ'

ကွမ်းကျုံးခက် စိတ်ပျက်သွားသည်။ ကောင်းလီသည် ဘာကိုမှဂရုမစိုက်တဲ့ သူ ပြောချင်ရာကိုသာ ပြောနေသည် မဟုတ်ပါလား။

သူ သက်ပြင်းချလိုက်ပြီး—

'ကျင်းမြို့စားကြီးနဲ့ တွေ့ပါရစေခင်ဗျာ'

ဟု ပြောလိုက်၏။ ကောင်းလီက....

'သြော်—မင်းက ကျုပ်ကိုတောင် ဂရုမစိုက်တဲ့ ကျင်းမြို့စားနဲ့ တွေ့ခွင့်တောင်းနေတာပေါ့ ဟုတ်လား'

'အရေးကြီးလို့ပါ၊ သူနဲ့တွေ့ရမှ ဖြစ်ပါလိမ့်မယ်ခင်ဗျာ'

သူသည် ဒေါသမဖြစ်ရအောင် စိတ် ထိန်းချုပ်ကာ ပြောလိုက်၏။ ကောင်းလီ ခေါင်းခါယမ်းလိုက်သည်။

'ကျင်းမြို့စားနဲ့တွေ့ရဖို့ မမျှော်လင့်ပါနဲ့တော့'

'ဗျာ—'

'မင်းတို့လို ကိုယ့်ကိုကိုယ် အထင်ကြီးပြီး ကျန်းဟိုရဲ့အရှိန် အဝါကို မီမိုနေကြတဲ့ သူ တွေအတွက် သူက အချိန်ပေးနိုင် တော့မှာ မဟုတ်ဘူး၊ သူ့မှာ သိုင်းလောကအတွက် ဆောင် ရွက်စရာကိစ္စတွေနဲ့ မအားမလပ်အောင် ဖြစ်နေတယ်'

သူ မျက်မှောင်ကြုတ်သွားသည်။

'ကျင်းမြို့စား မရှိတော့ဘူးလားခင်ဗျာ'



ဟု မေးလိုက်သည်။ ကောင်းလီက—

'ဟုတ်တယ်၊ သူထွက်သွားပြီ၊ မရှိတော့ဘူး'

သူ ရင်မောသွားသည်။ သူက အားချင်းလိုက်လာခဲ့သော်လည်း နောက်ကျသွားပြီ မဟုတ်ပါလား။

သူလိုက်လာမည်ဟု သိနေခြင်းကြောင့် ကျင်းမြို့စားတမင်ရှောင်သွားခြင်းဖြစ်ကြောင်းလည်း ထင်ရှားလေသည်။ ကျင်းမြို့စား ထွက်သွားပြီမို့ ခရေပွင့်ခြံဝင်း၌ ဆက်နေစရာ အကြောင်းမရှိတော့ပါ။

'ဒါဆိုရင်လဲ ကျွန်တော့်ကိုခွင့်ပြုပါဦးဗျာ'

ဟု ခွင့်တောင်းလိုက်၏။

'ဟား—ဟား—ဟား—ဟား'

ကောင်းလီက ရယ်မောလိုက်၏။

'မင်းက ကျုပ်ရဲ့ခြံဝင်းထဲကိုလာချင်တိုင်းလာပြီး သွားချင်တိုင်း သွားလို့ဖြစ်မလား'

'ဗျာ'

'မင်းဟာ ကျန်းဟိုရဲ့အရင်းနှီးဆုံးမိတ်ဆွေဆိုတော့ ကျန်းဟိုရဲ့ သိုင်းပညာဘယ်လောက်များရထားသလဲဆိုတာ ကျုပ်သိချင်သေးတယ်'

'ကျွန်...ကျွန်တော်'

ကွမ်းကျုံးခက် ထစ်ထစ်ငေါ့ငေါ့ဖြစ်နေဆဲ၊ ကောင်းလီက ဆက်ဇွေ့ယမ်းပြလိုက်ပြီး...

'မင်းနဲ့ ကျုပ် တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်လိုက်ရအောင်'

ဟု ပြောလာသည်။ ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ပါဘူး ခင်ဗျာ၊ ကျွန်တော် ဘယ်သူနဲ့မှ သိုင်းပညာမယှဉ်ပြိုင်ချင်ပါဘူး'

ကောင်းလီက...

'ဘာလဲ ကျုပ်ဟာ မင်းနဲ့ မတူဘူး မတန်ဘူးလို့များ ထင်နေလို့လား'

'ကျွန်တော်...'

'ကဲ...ကျုပ်တို့ သိုင်းလေ့ကျင့်တဲ့ ခန်းမဆောင်ထဲသို့သွားကြရအောင်'

ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်၏။

'မဖြစ်နိုင်ပါဘူးခင်ဗျာ'



'ဘာလဲ မင်းက ငါ့ကို မယှဉ်ဝံ့ဘူးမဟုတ်လား'

ကွမ်းကျုံးခက်က ဘာမှ မပြောဘဲ နေလိုက်လေသည်။ ကောင်းလီက ရယ်မောလိုက်သည်။

'သိုင်းလောက ပထမဘွဲ့ ကျွန်းဟိုရဲ့အရင်းနှီးဆုံးမိတ်ဆွေဟာ အလကားပါလား၊ ဘာမှလဲ အသုံးမကျပါလား၊ ဟား...ဟား...ဟား'

ကွမ်းကျုံးခက် သက်ပြင်းချလိုက်၏။

'ကျွန်တော့်ကို ပြောချင် ပြောပါဗျာ၊ ဘာမှမဆိုင်တဲ့ အစ်ကိုကြီးကျွန်းဟိုကိုတော့ ထည့်မပြောပါနဲ့ခင်ဗျာ'

ဟု တောင်းပန်လိုက်သည်။

ကောင်းလီက...

'ကျွန်းဟိုကရော ဘာများ အသုံးကျလို့လဲ၊ ရှိနေသာ သိုင်းလောကမှာ ရှိဦးမယ်ဆိုရင် သူတစ်ပါးတပ်တွေးခွက်ထဲ ပက်လက်မျောသွားတော့မှာပဲကွ'

ကွမ်းကျုံးခက် မကျေမနပ် ဖြစ်လာသည်။

ကောင်းလီက...

'ကျွန်းဟိုဟာ သူ့ကိုဆုံးမမှာကြောက်ပြီး သိုင်းလောကက ထွက်ပြေးသွားတာ မဟုတ်လား၊ ဟား ဟား ဟား'

ကွမ်းကျုံးခက်က အံ့ကြိတ်ကာ....

'ခင်ဗျား ပါးစပ်ပိတ်ထားလိုက်ရင် ကောင်းမယ်'

ဟု အော်ပြောလိုက်မိလေသည်။

ကောင်းလီက—

'ဘာကွ၊ မင်းက ငါ့ကိုများ အော်ဝေါက်ရဲတယ် ဟုတ်လား'

'ခင်ဗျားက သိပ်ပြီးတော့ လွန်နေတာကိုးဗျ'

'ကျုန်းဟိုလို့ အသုံးမကျတဲ့ လူတစ်ယောက်ကို ငါကဖေဖန်တာ ဘာဖြစ်လဲ၊ မင်းတို့က ဘယ်လောက်များ အစွမ်းအစရှိလို့လဲ'

ကွမ်းကျုံးခက်က....

'အစွမ်းအစရှိလို့လဲ၊ အစ်ကိုကြီးဟာ သိုင်းလောက ပထမဘွဲ့ ရခဲ့တာပေါ့ဗျာ'

'ကျုန်းဟို ပထမဘွဲ့ရခဲ့တာလေးနဲ့ မင်းကလဲ ဘဝင်မြင့်နေတာပဲ မဟုတ်လား'

'ခင်ဗျား စကားကိုကြည့်ပြောရင် ကောင်းမယ်'



'ဟေ့....ငါက မင်းတို့ကို ဂရုစိုက်နေမယ်များ မှတ်သလား၊ မင်းတို့ကို ကောင်းကောင်းကြီး ဆုံးမပြမယ်ဆိုတာ မှတ်ထား'

ကွမ်းကျုံးခက် စိတ်မထိန်းနိုင်တော့ပါ။

'ကောင်းပြီလေ၊ ဘယ်သူက ဆုံးမနိုင်မလဲ ကြည့်ကြသေးတာပေါ့'

ဟု ပြောလိုက်မိသည်။

သူ့အလာရခြင်းကိစ္စနှင့် လားလားမျှ မဆိုင်တော့ပဲ ကောင်းလီ၏ စိန်ခေါ်မှုကို လက်ခံလိုက်လေသည်။

ကောင်းလီက—

'ဒါဖြင့် သိုင်းလေ့ကျင့်တဲ့ ခန်းမဆောင်ထဲကို သွားကြရအောင်'

ဟု ပြောလေသည်။

သိုင်းလေ့ကျင့်သည့် အဆောင်။

ထိုအဆောင်မှာ ကြီးမားကျယ်ဝန်းလှပေသည်။

အဆောင်ထဲ၌ ကျောက်ပြားများ ခင်းထားပြီး ဝဲယာတစ်ဖက် တစ်ချက်၌ ဓားလှံလေးမြှား အစရှိသည့် နက်လက်များ တင်ထားသည့် သစ်သားစင်များ အစီအရီ ရှိနေပါသည်။

ကောင်းလီသည် ကွမ်းကျုံးခက်အား ခန်းမဆောင်ထဲသို့ ခေါ်သွားသည်။

အဆောင်တံခါးကို အပြင်ဘက်မှ ပိတ်ခိုင်းထားလိုက်သည်၊ အဆောင်အတွင်း၌ အစောင့်အကြပ် တစ်ယောက်မျှကိုပင် မထားပါ၊

အဆောင်ထဲ၌ ကွမ်းကျုံးခက်နှင့် တစ်ယောက်ချင်း ယှဉ်ပြိုင်မည့်သဘော ဖြစ်လေသည်။

'ကောင်းလီသည် ခန်းမဆောင်အလယ်တွင် ခြေလှမ်းရပ်လိုက်လေသည်။ ကွမ်းကျုံးခက်လဲ ခြေလှမ်းရပ်လိုက်သည်။

တကယ်တမ်း ယှဉ်ပြိုင်တိုက်ခိုက်ရမည့် အချိန်ရောက်မှ ကွမ်းကျုံးခက် သတိဝင်လာလေသည်။

'ဒုက္ခပါပဲ၊ ငါလဲ့ စိတ်လိုက်မာန်ပါ ပြောလိုက်မိတာနဲ့ ခုတော့ တိုက်ပွဲကို ရှောင်လွှဲလို့ မရတော့ပါလား'



ဟု စိတ်ထဲ ညည်းတွားလိုက်မိသည်၊

သူသည် သိုင်းလောကနှင့် အဆက်ပြတ်ခဲ့သည်မှာ ဆယ်နှစ်လုံးလုံး ဖြစ်လေသည်။

ထိုဆယ်နှစ်အတွင်း သိုင်းလောကကြီး အပြောင်းလဲကြီး ပြောင်းလဲသွားပြီ ဖြစ်ပါသည်။

သိုင်းလောက၌ ခြေချလိုက်ပြီး မကြာမီမှာပင် တိုက်ပွဲနှင့် ရင်ဆိုင်ရခြင်း ဖြစ်တော့သည်။

'ဘာပဲဖြစ်ဖြစ်လေ၊ အစ်ကိုကြီးရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ရမှာပဲ၊ ဒီတိုက်ပွဲကို ငါရင်ဆိုင်ရမှာပဲ'

ကွမ်းကျုံးခက်က ဆုံးဖြတ်ချက် ချလိုက်သည်။

ကောင်းလီကိုလည်း စေ့စေ့ကြည့်လိုက်သည်။

ကောင်းလီသည် ကွမ်းကျုံးခက် ရပ်တန့်နေသည့် ပုံပန်းသဏ္ဌာန်ကို ကြည့်ကာ—

'ဟား ဟား ဟား'

ဟားတိုက်ရယ်မောလိုက်လေသည်။

ပြီးလျှင်—

'ကျွန်းဟိုရဲ့ သူငယ်ချင်းတွေ ဘယ်လောက်များ အစွမ်းအစ ရှိသလဲ ကြည့်ကြသေးတာပေါ့'

ဟု ကြုံးဝါးလိုက်၏။

ကွမ်းကျုံးခက်က—

'ကျွန်ုတော် ကောင်းရင်လဲ ကျွန်တော်၊ မကောင်းရင်လဲ ကျွန်တော်ပေါ့ဗျာ၊ အစ်ကိုကြီး ကျွန်းဟိုကိုတော့ မပြောပါနဲ့ ဗျာ'

ကောင်းလီက—

'ကျွန်းဟိုက ဘာမို့လို့လဲ၊ မင်းကသာ အထင်ကြီးနေတာ၊ ငါကတော့ လုံးဝဂရုစိုက်ဘူးကွ၊ ခုနေ သိုင်းလောကမှာသာ ရှိနေတယ်ဆိုရင် သူ့ဆီကို အရင်ဆုံး ရောက်သွားပြီး ဆုံးမ လိုက်မှာ၊ ငါပဲ'

အထင်သေးစွာ ပြောလေသည်။ ကွမ်းကျုံးခက် ခံပြင်း လာသဖြင့်....

'အစ်ကိုကြီးကျွန်းဟိုကိုမပြောနဲ့ ကျုပ်ကိုပဲ ယှဉ်ကြည့်ပါ ဦးဗျာ'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

'ဟား ဟား ဟား'



ကောင်းလီက ဟားတိုက်ရယ်မောရင်း....

'စိတ်ချ—မင်းကို မှတ်လောက်သားလောက်အောင် ဆုံးမ မြမယ်၊ ကဲ....ငါ့ရဲ့တိုက်ကွက်တွေပြီ သတိသာထားပေတော့'

စကားအဆုံးတွင် ရှေ့သို့ လျှပ်တစ်ပြက်တိုးသွားပြီး ကွမ်းကျုံးခက်အား ပြင်းထန်စွာ တိုက်ခိုက်လေသည်။

ကောင်းလီသည် သိုင်းလောကဥ္စလျှမ်းလျှမ်းတောက်ကျော် ကြားနေသော ထိပ်သီးသိုင်းသမားကြီးများ (၁၂) လူထူး လူ သန်း စုနှစ်ယောက်တွင် ပါဝင်သူတစ်ယောက်ဖြစ်သည်။

သို့သော်—

ကောင်းလီ၏စိတ်ဓာတ်သည် ကြောက်မက်ဖွယ်ကောင်းလှ သည်။ သူ့အစ်ပါးအား အထင်သေးသည့်အပြင် နိုင်လိုမင်း ထက် ပြုလုပ်လိုသူဖြစ်ပါလား။

အတောထား မပြည့်ဝခြင်းသည် ကောက်ကျစ်စဉ်းလဲမှုကို ဖြစ်ပေါ်စေသည်။

ကောက်ကျစ်စဉ်းလဲမှုသည် ယုတ်ညံ့သော သိုင်းကွက်များ အသုံးပြုဖို့ စေ့ဆော်ခဲ့လေသည်။

'ယား'

ကောင်းလီက လက်ဝါးတစ်ချက်ဖြင့် ရိုက်ချကာ စတင် တိုက်ခိုက်လာသည်။ ပထမဦးစွာ လက်ဝါးရိုက်ချက်ကို ထုတ် သောပြီးသည်နှင့် ကျန်တက်တစ်ဖက်ကို ဆန့်ထုတ်လိုက်၏။

သူ၏လက်တစ်ဖက်၌ ဓားမြှောင်တစ်လက် ပါလာလေသည် တကား။ လက်ဝါးရိုက်ချက်ကွယ်ဟန်ပြပြီး ဓားမြှောင်ဖြင့် ထိုး သွင်းကာ အပြီးတိုင်သတ်သင်ပစ်ရန် ကြိုးစားလိုက်ခြင်း ဖြစ် သည်။

သိုင်းကွက် တစ်ကွက် နှစ်ကွက်အတွင်းမှာပင် ပြတ်ပြတ် သားသား အနိုင်ယူလိုမှု စိုင်းပြင်းလိုက်ခြင်းလည်း ဖြစ်လေ သည်။

ကွမ်းကျုံးခက် ရင်ထိတ်သွားသည်။ ကောင်းလီကဲ့သို့ ထိမ် သီး သိုင်းသမားကြီးတစ်ယောက်က လက်ဦးမှုရယူကာ လက် နက်ကို အသုံးပြုလိုက်သည်မဟုတ်ပါလား။

ကွမ်းကျုံးခက် ခံပြင်းသွားလေသည်။ အမှန်တော့ နောက် ထွက် ရှောင်သင့်သော်လည်း မရှောင်တော့ဘဲ ရှေ့သို့ လျှပ်



စစ်ပြက် လှမ်းတက်ကာ လက်နှစ်ဖက်ကို ကျောက်တုံး တစ် တုံး မ ယူသကဲ့သို့ အပေါ်သို့ပင့်တင်လိုက်သည်။

ဤတွင်—

ကောင်းလီ၏ လက်နှစ်ဖက်စလုံးကို လက်ကောက်ဝတ်မှ တင်ပြီးသား ဖြစ်သွားသည်။

ကောင်းလီ၏လက်နှစ်ဖက် အပေါ်သို့ မြောက်တက်သွား သောအခါ ရင်ဘတ် အကာအကွယ်မရှိဘဲဖြစ်သွားသည်။

ကွမ်းကျုံးခက်သည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ကောင်းလီ၏ရင်ဝကို လက်ဝါးဖြင့်ရိုက်ချလိုက်သည်။

ကောင်းလီ ရင်ထိတ်သွားသည်။ ကပျာကယာ နောက် တ် ရှောင်တိမ်းဖို့ကြိုးစားလိုက်သော်လည်း နောက်ကျသွား ဖြစ်ပါသည်။

ကွမ်းကျုံးခက်၏ လက်ဝါးရိုက်ချက်သည် သူ၏ရင်ဝသို့ တိုးဝင်သွားလေသည်။

'ဝုန်း'

'အား'

စူးရှ ကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။ ကောင်းလီ ဒယီးဒယိုဖြင့် နောက်သို့သွားရ၏။

တိုက်ပွဲစသည်နှင့် ကောင်းလီ အရေးနိမ့်သွားပြီ ဖြစ်လေသည်။

ကောင်းလီ အခရေးနိမ့်သွားပြီဖြစ်ပါသည့်၊ ကွမ်းကျူးခက်ကို မယုံကြည်နိုင်စွာကြည့်ရင်း—

'မင်း....မင်း'

စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။ ကွမ်းကျူးခက်က—

'ခင်ဗျား ရှုံးသွားပါပြီဗျာ'

ဟု ပြောလိုက်သည်။ ကောင်းလီ၏မျက်နှာ ညှိုးပုပ်သွားသည်။



'မင်း—မင်းအသုံးပြုလိုက်တဲ့ သိုင်းကွက်ဟာ ကျွန်းဟိုရဲ့ မိုးမြေလက်ဝါး သိုင်းကွက်မဟုတ်လား'

ဟု မေးလာသည်။ ကွမ်းကျူးခက် သက်ပြင်းချလိုက်သည်။ ကောင်းလီပြောသကဲ့သို့ပင် သူက ကျွန်းဟိုသင်ပေးခဲ့သည့် မိုးမြေလက်ဝါး သိုင်းပညာမှ သိုင်းကွက်တစ်ခုကို ထုတ်ဖော်အသုံးပြုလိုက်ခြင်းဖြစ်သည်။

ကောင်းလီသည် ထိပ်တန်းသိုင်းသမားကြီး တစ်ယောက်ဖြစ်သလို တိုက်ပွဲကို အမြန်ဆုံးအဆုံးသတ်နိုင်မှုဖြစ်မည်ဟု ယူဆသော မိုးမြေလက်ဝါးသိုင်းပညာကို ထုတ်ဖော်အသုံးပြုလိုက်မိခြင်းဖြစ်သည်။

'ဟုတ်ပါတယ်ဗျာ၊ အစ်ကိုကြီးသင်ပေးခဲ့တဲ့ မိုးမြေ သိုင်းပညာကို ထုတ်ဖော်အသုံးပြုလိုက်တာ၊ ခင်ဗျားဟာ ကျုပ်ကို အောင်မနိုင်ဘဲ အစ်ကိုကြီးကိုယှဉ်ဖို့ဆိုတာ ဘယ်ဆော့မှုမစဉ်းစားပါနဲ့ဗျာ'

ဟု ပြောလိုက်သည်။

ကျွန်းဟိုအား စော်ကားမော်ကား ပြောခဲ့သဖြင့် ထိုကိုက် တန်တန် ဆုံးမလိုက်သည့်သဘောမျိုးလည်း ဖြစ်သည်ဟု ကွမ်းကျူးခက် ယူဆထားလေသည်။

'တောက်'

ကောင်းလီ ခံပြင်းစွာ တောက်ခေါက်လိုက်သည်။

'ငါက အလစ်ခံလိုက်ရလို့ပါ၊ မင်းတို့ဆက်ဝါးသိုင်းကို ဂရုစိုက်ရမှာလား'

ဟု ကြုံးဝါးလာသည်။ အမှန်တော့ သူကသာ အချော အငိုက်ချောင်းကာ တိုက်ခိုက်လာခြင်း ဖြစ်သည်။

ကျွမ်းကျုံးခက်က....

'ခင်ဗျား ရှုံးသွားပါပြီဗျာ'

ဟု ပြောလိုက်၏။ ကောင်းလီက—

'ငါ ဘယ်တော့မှမရှုံးဘူး၊ မင်းကိုသတ်ပစ်မယ်ဆိုတာ မှတ်ထား'

ဟု ကြုံးဝါးပြီး ကျားတစ်ကောင်ပမာ ခုန်အုပ်တိုက်ခိုက်လာ၏။ သူ၏တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပေသည်။

ကျွမ်းကျုံးခက် ဘာမှ မတတ်သာတော့ဘဲ ပြန်လည်ခုခံ တိုက်ခိုက်လိုက်ရပြန်လေတော့သည်။



ကျွမ်းကျုံးခက်သည် သိုင်းလောကသို့ ခြေချခဲ့ပြီးနောက် မိမိကိုယ်ကို အထင်ကြီးနေသော မိုးကြိုးရှိတိုက်ပိုင်ရှင်ချင်းလျှံနှင့် ရင်ဆိုင်ခဲ့ရလေ၏။

ထိုစဉ်က သူ၏ကိုယ်ပိုင်သိုင်းပညာကို အသုံးပြုကာ တိုက်ခိုက် အနိုင်ယူခဲ့ခြင်းဖြစ်လေ၏။

ယခုမူ....

ကောင်းလီသည် ကြောက်စရာကောင်းသူဖြစ်ကြောင်း နားလည်လာသလို ကျွင်းဟိုး၏ပညာကိုအထင်သေးနေခြင်းကြောင့် မိုးမြေလက်ဝါးသိုင်းပညာကို ထုတ်အသုံးပြုကာ ရင်ဆိုင်လိုက်ခြင်း ဖြစ်ပါတော့သည်။

ကောင်းလီ၏ တိုက်ကွက်များမှာလည်း ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေသည်။

ကျယ်ဝန်းသော ခန်းမဆောင်အတွင်း မည်သူမျှ နောက်ဆုတ်ဘဲ သူတစ်ပြန်ကိုယ်တစ်ပြန် ထပ်ပုတ်နေကြတော့သည်။

သို့ဖြင့်—

နောက်ထပ် သိုင်းကွက် ဆယ့်လေးငါးကွက် ယှဉ်ပြိုင်ပြီးသောအခါ လွန်စွာမှပင် အနိုင်ယူလိုချင်နေသည့် ကောင်းလီ

သည် အနေလေ့တကြီး တိုက်ခိုက်လိုက်ရကား ဟာကွက်တစ်ကွက် ဖြစ်ပေါ်လာလေသည်။ ကွမ်းကျုံးခက်သည် ကောင်းလီ၏ ဟာကွက်ကို သတိပြုမိလိုက်လျှင်....

'ဟား'

ညာသံပေးကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။ ကောင်းလီအား ကွမ်းကျုံးခက်၏ လက်ဝါးရိုက်ချက် တိုးဝင်လာသည်ကို ရိပ်ခနဲတွေ့မြင်လိုက်ပြီး ကပျာကယာ ရှောင်တိမ်းရန် ဟန်ပြင်လိုက်လေသည်။

သို့သော် လက်မအောင်သေး နောက်ကျသွားရကား...

'ဝုန်း'

ကွမ်းကျုံးခက်၏ လက်ဝါးသည် သူ၏ရင်ဝသို့ ရိုက်ချလိုက်မိလေတော့သည်။

'အင့်'

ကောင်းလီ ပသဲခကွဲညည်းတွားလိုက်သည်။ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ပြီး...

'ဖုတ်'

ကျောက်ပြားများပေါ်သို့ ဖင်ထိုင် ကျသွားလေသည်။ ကွမ်းကျုံးခက်က ဆက်၍တိုက်ခိုက်ခြင်းမပြုပါ။



ကောင်းလီအား သူက ဒုတိယအကြိမ်မြောက် အနိုင်ရ လိုက်ပြီ ဖြစ်လေသည်။

✻

ကောင်းလီသည် ဖင်ထိုင်ကျသွားရာမှ ရုတ်တရက် ပြန်ထ လာနိုင်ပါချေ၊ ကွမ်းကျုံးခက်ကို မျက်လုံးပြူး၍ ကြည့် ၏....

'မင်း...မင်း'

ထစ်ထစ်ငေါ့ငေါ့ ရေရွတ်နေသည်။ သူ၏နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာပါသည်။ အတွင်းဒဏ် ပြင်းထန်စွာ ရသွားပြီဖြစ်ကြောင်း ထင်ရှားနေပါ၏။

ကွမ်းကျုံးခက်က...

'ခင်ဗျား ရှုံးသွားပြီ'

ဟု ပြောလိုက်သည်။ ကောင်း လက်မခံနိုင်လို့သော် ငြား ကွမ်းကျုံးခက်အား မည်သို့မျှ မယှဉ်နိုင်ကြောင်း

ကောင်းကောင်းကြီး နားလည်သဘောပေါက်လိုက်ပြီ ဖြစ်ပေ
သည်။

ကွမ်းကျုံးခက်က....

'ကျုပ်ရဲ့အစ်ကိုကြီးကို စော်ကားမော်ကား ပြောသွား
ဘယ်တော့မှ မကြိုးစားပါနဲ့ဗျာ'

'ဟော့....မင်းတို့ကို ငါကျေနပ်မယ်မျှား ထင်နေသလား

ကောင်းလီ ဒေါသတကြီး ရေရွတ်လိုက်သည်။ ကွမ်းကျုံး
ခက်က ဂရုမစိုက်တော့ပါ။ ခန်းမဆောင် တံခါးမကြီးဆီသို့
လှမ်းသွားကာ တံခါးခေါက်လိုက်လေသည်။

မရှေးမနှောင်းမှာပင် အပြင်ဘက်မှ ဖွင့်ပေးလိုက်သဖြင့်
တံခါးပွင့်သွားလေသည်။

ခန်းမဆောင်ခြံဝင်းမှ အိမ်ထိန်းကြီးနှင့်တကွ အစေခံအကြွ
များ စုရုံးရောက်ရှိနေကြသည်ကို တွေ့ရ၏။

သူတို့သည် ကွမ်းကျုံးခက်ကို တွေ့မြင်လိုက်ကြရသောအခါ
တအံ့တသြ ဖြစ်ကုန်ကြလေသည်။

ကောင်းလီက မိမိအား ဆုံးမလိုက်မည်ဟု ထင်မှတ်ထား
သဖြင့် ယခုလို အံ့သြကုန်ကြခြင်းဖြစ်ကြောင်း ကွမ်းကျုံးခက်
သဘောပေါက်လိုက်မိလေသည်။



အိမ်ထိန်းကြီးကို ပြုံးပြလိုက်ပြီး....

'ခင်ဗျားတို့ ခြံဝင်းပိုင်ရှင်ကို ပြုစုလိုက်ကြပါဦးဗျာ'

ဟုပြောကာ ခပ်တည်တည်နှင့်ပင် လှမ်းထွက်လာခဲ့လေ
သည်။ သူ့အား မည်သူကမျှ ဟန့်တားနိုင်ကြလိမ့်မည် မဟုတ်
ပါချေ။

အိမ်ထိန်းကြီးတို့ကလည်း ဟန့်တားခြင်းမပြုကြပါ။ ကွမ်း
ကျုံးခက် ခပ်လှမ်းလှမ်းသို့ရောက်လျှင်ပင် ခန်းမဆောင်ထဲသို့
တိုးဝှေ့ ဝင်ရောက်သွားကြလေတော့သည်။

ဗေဒါကိုဏ်းမှအထောက်တော်

ခရေပွင့်ခြံဝန်းသည် နောက်ဘက်တွင် ကျန်ရစ်ခဲ့ပြီး ဖြစ်လေသည်။ ခရေပွင့်ခြံဝင်းပိုင်ရှင် ကောစင်းလီသည် မရှု... အရေးနိမ့်ကာ ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

သို့သော် ကွမ်းကျုံးခက်သည် ကောစင်းလီအား အနိုင်ယူနိုင်ခဲ့သော်လည်း ဝမ်းသာပျော်ရွှင်ခြင်း မရှိပေ။

ရှုပ်ထွေးပွေလှသော သိုင်းလောကနှင့် မာန်မာနတောင်လွှားနေသော သိုင်းသမားများကြောင့် စိတ်ပျက်နေသည်၊

'အစ်ကိုကြီး သိုင်းလောကကို ကျော်ခိုင်းသွားတာ သိ... ကောစင်းကောင်းပဲ'



ဟု ရေရွတ်လိုက်သည်။ သိုင်းသမား တစ်ယောက်အဖြစ် သိုင်းလောက၌ ဘဝကိုမြှုပ်နှံမည်ဟု ရည်ရွယ်ချက်ရှိသူ တစ်ယောက်မှာ သိုင်းလောကအား စိတ်ကုန်လာပြီတကား။ ကွမ်းကျုံးခက်သည် သိုင်းလောကအား စိတ်ကုန်လာပြီတကား။ ကွမ်းကျုံးခက်သည် သိုင်းလောကအား ကျော်ခိုင်း စွန့်ခွာသွားမည်တော့ မဟုတ်သေးပါချေ။

ယန်းဖုံးနှင့် ကျောင်းမြို့စားတို့၏ ပြဿနာကို လည်းကောင်း၊ လျှိုဝှက်ဂိုဏ်း၏ ပြဿနာကိုလည်းကောင်း ဖြေရှင်းပေးလိုစိတ် ရှိနေပါသေးသည်။

ယခု—

သူ့အတွက် အရေးတကြီး ဆောင်ရွက်ရမည့်ကိစ္စမှာ ကျောင်းမြို့စားနှင့် တွေ့ဆုံရန်ဖြစ်လေသည်။

သူလိုက်လာမည် ဆိုလည်းကို ကျောင်းမြို့စားက ရိပ်မိနေပြီး အတွေ့မခံဘဲ ရှောင်ထွက်သွားပါသည်။

ကျောင်းမြို့စား၏ စိတ်သဘောထားကား မည်သို့ ရှိလေမည်နည်း။ ကွမ်းကျုံးခက် တွေးရင်း ပင့်သက်ရှိုက်လိုက်မိသည်။ ကျောင်းမြို့စားသည် မည်သည့်နေရာသို့ ထွက်သွားသည်ကိုလည်း မသိနိုင်ပါ။

'ဒီအတိုင်းဆို ဝါးရက်ပြည့်တဲ့နေ့မှာပဲ ကြာပန်း တောင်ကုန်းမှာ တွေ့ရမယ်ထင်ပါရဲ့'

ဟုလည်း ညည်းတွားလိုက်မိသည်။ ယန်းဖုံးသည် ကျောင်းမြို့စားအား မည်သည့်နည်းနှင့်မျှ ရင်ဆိုင်နိုင်မည် မဟုတ်ပါချေ။

ကျောင်းမြို့စားကလည်း သူ့အား စော်ကားသည်ဆိုကာ ချမ်းသာပေးတော့မည် မဟုတ်ပါ။

ယန်းဖုံး၏ အသက်အန္တရာယ် စိုးရိမ်နေရပေတော့သည်။

ကွမ်းကျုံးခက်သည် ခဏတာသည့်အဆုံး—

'ကြာပန်းတောင်ကို ကြိုတင်သွားပြီး စောင့်ထိုင်နေလိုက်ရ အကောင်းဆုံးဖြစ်မှာပဲ'

ဟု ဆုံးဖြတ်လိုက်ရတော့သည်။ ထိုစဉ်—

'မင်း—ဘာတွေများ စဉ်းစားနေတာလဲ'

ကျယ်လောင်သော စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ကွမ်းကျုံးခက် သတိဝင်လာသည်။ ကမျာကယာကြည့်လိုက်လျှင် သူ၏အနီးသို့ ရောက်ရှိလာသော သူတောင်းစားတစ်ဦးကို တွေ့လိုက်ရသည်။

'ဟင်—'



ကွမ်းကျုံးခက် အံ့သြသွားသည်။ သူတောင်းစားက ရယ်မောလိုက်သည်။

'ဘယ်တို့လဲ၊ ကျုပ်ဆိုတောင် မမှတ်မိတော့ဘူးလား'

ကွမ်းကျုံးခက် သေသေချာချာကြည့်လိုက်မှ ထိုသူတောင်းစားမှာ ဗေဒါဂိုဏ်းမှ အထောက်တော်လီရှောင်လုံ ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။

'ဘယ်သူများလဲမှတ်တယ်၊ နောင်ကြီးလီရှောင်လုံကိုး'

ဟု ရေရွတ်လိုက်သည်။ လီရှောင်လုံက—

'ဟိုဘက် လမ်းကြားထိပ်ကနေပြီး မင်းကိုငါ စောင့်ကြည့်နေတာကြာပြီ၊ မင်း ဘာတွေများစဉ်းစားနေတာလဲ'

ဟု မေးလာသည်။ ကွမ်းကျုံးခက် ဝမ်းသာသွား၏။ လီရှောင်လုံသည် သိုင်းလောကနှင့်စပ်ဆက်သော သတင်းများကို သိနေတက်သူတစ်ယောက် မဟုတ်ပါလား။

လီရှောင်လုံထံတွင်စုံစမ်းကြည့်လျှင် ကျောင်းမြို့စား၏သတင်းကို သိနိုင်လိမ့်မည်ဟု ယုံကြည်လေသည်။ ထို့ကြောင့်—

'ခုချိန်ဆိုရင် ကျောင်းမြို့စားကို ဘယ်နေရာမှာများ တွေ့ရနိုင်မလဲလို့ တွေးတောစဉ်းစားနေမိတာပါဗျာ'

ဟု ပြောလိုက်သည်။ လီရှောင်လုံက—

'လက်စသတ်တော့ မင်းလဲ ကျောင်းမြို့စားကို စိတ်ဝင်စား နေပြီကိုး'

ကွမ်းကျုံးခက်မှာ မျက်မှောင်ကြုတ်သွား၏။

'ကျောင်းမြို့စားကို စိတ်ဝင်စားနေတဲ့လူတွေ ရှိသေးသလား'

ဟု မေးလိုက်မိလေသည်။ လီရှောင်လုံက....

'ဟ... ရှိပြီလား၊ ရှောင်လင်၊ ဝူတန်၊ ငိုမီ၊ ဂူပီစတဲ့ အထင်ကရဂိုဏ်းကြီးတွေက စိတ်ဝင်စားပြီး မျက်လုံးဒေါက်ထောက် ကြည့်နေကြပြီ'

ကွမ်းကျုံးခက်က—

'သိုင်းလောက ပထမဆုအတွက် သိုင်းပြိုင်ပွဲတွေ ကျင်းပဖို့ ကျောင်းမြို့စားက ဦးဆောင်ပြုခဲ့လို့ထင်တယ်'

လီရှောင်လုံက....

'ဒါကလဲ အကြောင်းတစ်ခုပေါ့၊ အဓိကကျတာကတော့ သိုင်းလောကမှာ ပေါ်ပေါက်လာတဲ့ လျို့ဝှက်ဂိုဏ်းနဲ့ ကျောင်းမြို့စားဟာ ဆက်စပ်မှုရှိနေတယ်လို့ သံသယဖြစ်စရာအကြောင်း အချက်တွေ ရှိနေတာကြောင့်ပဲပေါ့'

ကွမ်းကျုံးခက်သည် ယန်းဖုံး၏မျက်နှာကို ကွက်ခနဲ မြင်ယောင်မိ၏။ ယန်းဖုံးသည်လည်း လီရှောင်လုံကဲ့သို့ ပြောသွားသည် မဟုတ်ပါလား။ လီရှောင်လုံက—



'ဘာလဲ၊ မင်းက သိုင်းပြိုင်ပွဲကိုကြည့်ဖို့ ဒီမြို့ကိုရောက်လာပြီးမှ အဘေ့သိုင်းသမားနဲ့ မီးဘီသူးတို့ လျို့ဝှက်ဂိုဏ်းရဲ့ လက်ချက်ကြောင့် သေသွားကြတာကိုသိပြီး စိတ်ဝင်စားလာတာ မဟုတ်လား'

ဟု မေးလာသည်။ ကွမ်းကျုံးခက် ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ'

'အေး— မင်းကိုပါ စေတနာနဲ့ သတိပေးချင်တာပါ'

'ပြောပါဗျာ'

လီရှောင်လုံက တည်ကြည်သော မျက်နှာထားဖြင့်—

'အခြေအနေတွေက အတော့်ကို ရှုပ်ထွေးနေတာ၊ ဒါကြောင့် လျို့ဝှက်ဂိုဏ်းနဲ့ပတ်သက်တဲ့ ကိစ္စကို လက်ရှောင်နေရင် ကောင်းလိမ့်မယ်'

ဟု ပြောလေ၏။ ကွမ်းကျုံးခက်သည် လက်ရှောင်နေပါဟု ဆိုမှ ပိုပြီးစိတ်ဝင်စားသွားတော့သည်။

'ဘယ်လိုဖြစ်လို့လဲဗျ၊ ပြောစမ်းပါဦး'

လီရှောင်လုံက—

'ဘာဖြစ်ရမလဲ၊ လျို့ဝှက်ဂိုဏ်းမှာ ပါဝင်နေတဲ့လူတွေဟာ သိုင်းလောကမှာ နာမည်ကျော်ကြားနေတဲ့ ထိပ်သီး သိုင်း

သမားကြီးတွေ ဖြစ်နေကြလိမ့်မယ်ဆိုတဲ့ သဲလွန်စတွေဖြစ်ပေါ်နေသို့ပေါ့'

ကွမ်းကျုံးခက်က—

'သဲလွန်စတန်ခိုးလောက် ပြောပြနိုင်ရင် ပြောပြပါအုံးဗျာ'

ဟု တောင်းပန်လိုက်သည်။ လီရှောင်လုံ ပြုံးလိုက်သည်။

'ငါက လက်ရှောင်နေပါဆိုမှ မင်းက ပိုစိတ်ဝင်စားလာတယ် မဟုတ်လား၊ သဲလွန်စကတော့ တခြားမဟုတ်ဘူး၊ လျှို့ဝှက်ဂိုဏ်းရဲ့ထက် ချက်ကြောင့် သေဆုံးခဲ့ကြရတဲ့ လူတွေဟာ နှယ်နှယ်ရရမဟုတ်ဘဲ သိုင်းလောကပထမဆုကို ဆွတ်ခူးမယ်လို့ ရည်ရွယ်ထားကြတဲ့ ထိပ်သီးသိုင်းကမ်းသားတွေ ဖြစ်နေကြတာပဲပေါ့'

ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွားသည်။

'ဒါဟာ သဲလွန်စတဲ့လား'

'သိပ်ဟုတ်တာပေါ့'

'ကျွန်တော် နားမရှင်းတော့ဘူး'

လီရှောင်လုံ ခေါင်းကုတ်လိုက်သည်။



'ခက်တာပဲ၊ မင်း စောင်တော်နားဝေးပါလား၊ သိုင်းလောက ပထမဆုရအောင် ယူမယ်လို့ ရည်ရွယ်ထားတဲ့ လူတွေရဲ့ သိုင်းပညာအခြေအနေ ဘယ်လိုရှိမယ်တို့ မင်းထင်လဲ'

ဟု မေးလာသည်။

ကွမ်းကြုံးခက်က—

'သူတို့ဟာ ခေမ္မာမဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်'

လီရှောင်လုံ ခေါင်းညိတ်လိုက်သည်။

'ဒါပေါ့၊ သူတို့ဟာ သိုင်းပညာမခေသလို ကိုယ့်ကိုကိုယ်ယုံကြည်စိတ်ချထားသူတွေလဲဖြစ်တယ်၊ ကဲ— သူကိုကို လွယ်လွယ်ကူကူနဲ့ သုတ်သင်ရှင်းပစ်လို့ရမလား၊ ပြောစမ်းပါဦး'

ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ပါဘူး'

'ဟုတ်ပြီ၊ သူတို့ကို ရှင်းပစ်နိုင်ဖို့ဆိုတာ သူတို့ထက်ပိုပြီး သိုင်းပညာကောင်းမယ်၊ အတွေ့အကြုံရင့်ကျက်မယ်ဆိုမှ ဖြစ်မဟုတ်လား'

'ဒါတော့ဖြစ်နိုင်ပါတယ်'

လီရှောင်လုံ ရယ်မောလိုက်သည်။

'ဒါကြောင့်ပြောတာပေါ့၊ လျှို့ဝှက်ဂိုဏ်းမှာ တကယ့်ထိပ်သီးသိုင်းသမားကြီးတွေ ပါဝင်နေကြမယ်ဆိုတာလေ'

ကွမ်းကျုံးခက်သည် အနည်းငယ်တွေးဝေ စဉ်းစားလိုက်ပြီးမှ...

'ခင်ဗျားလ လျှို့ဝှက်ဂိုဏ်းမှာ သိုင်းလောကရဲ့ အထင်ရှားဆုံး လူဆန်းခုနစ်ယောက် ပါဝင်နေမယ်လို့ ဆိုလိုချင်တာလား'

ဟု မေးလိုက်သည်။ လီရှောင်လုံက...

'တခြားလူတွေတော့မသိဘူး၊ ငါတို့ ဗေဒါဂိုဏ်းကတော့ လူထူးလူဆန်းခုနစ်ယောက်ထဲက အနည်းဆုံး သုံးယောက်တော့ ပါဝင်နေလိမ့်မယ်လို့ ယူဆထားတယ်'

ပြောရင်း ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမျှော်ကြည့်လိုက်သည်။ လေသံကိုလည်း နှိမ့်ချလိုက်ပြီး...

'တကယ်တမ်းပြောရရင် ခရေပွင့်ခြံဝင်းပိုင်ရှင် ကောင်းလီတောင်မှ ပါဝင်နေတယ်လို့ မသင်္ကာစရာအချက်တွေ တွေ့ရတယ်ကွ'

ဟု ပြောလာသည်။

'ဟင်'



ကွမ်းကျုံးခက်အံ့သြသွားသည်။ ယခုကလေးပင် ခရေပွင့်ခြံဝင်းပိုင်ရှင် ကောင်းလီနှင့် ရင်ဆိုင်တိုက်ခိုက်ပြီး ထွက်လာခဲ့သည်မဟုတ်ပါလား။

လီရှောင်လုံက...

'မြို့ပြင်သုဿာန်မှာအသတ်ခံထားရတဲ့မီးဘီလူးရဲ့ အလောင်းကို တို့ရဲ့ဗေဒါဂိုဏ်းက လူတစ်ယောက်တွေ့ပြီး စစ်ဆေးကြည့်တဲ့အခါ ကောင်းလီကအသုံးပြုလေ့ရှိတဲ့ ခရေပွင့်လက်နက်ပုန်းလေးတစ်ခုကို တွေ့ခဲ့ရတယ်လေ'

'ဟင်...'

'မီးဘီလူးဟာ လက်နက်ပုန်းထိသွားလို့ သွက်သွက်လက်လက် မလှုပ်ရှားနိုင်တော့ဘဲ တကယ်ပဲ တစ်ဖက်လူရဲ့ တိုက်ခိုက်မှုကိုခံလိုက်ရပြီး သေဆုံးသွားတာလို့ စစ်ဆေး တွေ့ရှိခဲ့ရတယ်ကွ၊ ခရေပွင့်လက်နက်ပုန်းဟာ ခရေပွင့်ခြံဝင်း ပိုင်ရှင် ကောင်းလီရဲ့မူပိုင် လက်နက်ပုန်းဖြစ်နေတယ်'

ကွမ်းကျုံးခက် ပင့်သက်ရှိုက်လိုက်လေသည်။ သူနှင့် ရင်ဆိုင်ခဲ့စဉ်က ကောင်းလီသည် ခရေပွင့်လက်နက်ပုန်းကို ထုတ်သုံးခြင်းမပြုခဲ့ချေ။

သေသေချာချာ စဉ်းစားကြည့်သောအခါ ကောင်းလီ လက်နက်ပုန်းထုတ်သုံးဖို့ပင် အချိန်မရခဲ့ကြောင်း ထင်ရှားနေပါတော့သည်။ လီရှောင်လုံက...

'ငါက ခရေပွင့်ခြံဝင်း အခြေအနေကို သွားပြီးစုံစမ်း မလို့ကွ'

ဟု ပြောလာလေသည်။ ကွမ်းကျုံးခက်က သူနှင့် ကောင်း လီတို့ ဝင်ဆိုင်ခဲ့ရသည့် အဖြစ်ကို မပြောဘဲ နေလိုက်သည်။ လီရှောင်လုံးက—

'မင်းက ကျောင်းမြို့စားကိုလိုက်ရှာမယ်လို့ဆိုရင် ကြာပန်း တောင်ဘက်ကိုသွားရင် ကောင်းမယ်၊ ကျောင်းမြို့စားရဲ့ မြင်း လှည်းဟာ အဲဒီဘက်ကို သွားနေတယ်လို့ သတင်းရတယ်ကွ'

ကွမ်းကျုံးခက် ဝမ်းသာသွား၏။

'ကောင်းပါပြီဗျာ၊ ကဲ — ကျုပ်ကိုခွင့်ပြုပါဦး'

'အေး....တို့တစ်တွေ ပြန်တွေ့ကြသေးတာပေါ့'

လီရှောင်လုံးက ဇက်ခေါ့ ယမ်းပြ လိုက်လေသည်။ ကွမ်း ကျုံးခက်သည် လီရှောင်လုံးကိုနှုတ်ဆက်ကာ ထွက်လာခဲ့၏။ ခြေလှမ်းသုံးလေးလှမ်းမျှ လှမ်းသွားပြီးလျှင်—

'နေဦး'

လီရှောင်လုံး၏ ဟန့်တားသံထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။ ကွမ်းကျုံးခက် ခြေလှမ်းရပ်ကာ လှည့်ကြည့် လိုက်၏။ လီရှောင်လုံးက....



'မင်းကို သတင်းတစ်ခုပေးရဦးမယ်'

ကွမ်းကျုံးခက် ခေါင်းညိတ်လိုက်၏။

'ပြောပါဗျာ'

လီရှောင်လုံးက—

'မင်းရဲ့ မိတ်ဆွေတွေကိုဒုက္ခပေးသွားတဲ့ သမားတော်ကြီး မ်းပါကို ငါတွေ့ခဲ့တယ်ကွ'

'ဟင်'

ကွမ်းကျုံးခက် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သမား တော် ဝမ်းပါမကြောင့် သူ၏အချစ်ဆုံး သူငယ်ချင်း တုရှောင် င်း သေဆုံးသွားသည်မဟုတ်ပါလား။

'သမားတော် ဝမ်းပါ ဘယ်မှာလဲဗျာ'

ဟုလည်းမေးလိုက်မိလေသည်။ လီရှောင်လုံးက—

'မင်း တွေ့ချင်ရင် ဇီမြို့ကနေ အရှေ့ဘက်စူးစူးကိုသွားပါ၊ မ်ထွေဆိုတဲ့ မြို့ကိုရောက်လိမ့်မယ်၊ ဝမ်ထွေမြို့မှာ သူဟာ ားတော် ဝမ်းပါဆိုတဲ့နာမည်နဲ့ ဆေးကုနေတယ်၊ ကြာပန်း င်ကိုသွားမယ့်လမ်းနဲ့ကြုံကြိုက်နေတာပဲ'

'ကျေးဇူးပါပဲဗျာ'

ကွမ်းကျုံးခက်သည် လီရှောင်လုံးကို လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း လှိုက်လှိုက်လှဲလှဲပင်ပြောလိုက်လေသည်၊ လီရှောင်လုံးက လက်ဝှေ့ယမ်းပြရင်း—

'ပြန်ဆုံကြတာပေါ့ကွာ'

ဟု နှုတ်ဆက်လိုက်၏။

ထို့နောက် နှစ်ယောက်သား လမ်းခွဲလိုက်ကြသည်။

ဝမ်ထွေမြို့—

ဝမ်ထွေမြို့သည် စည်ကားသိုက်မြိုက်သော မြို့ကြီးတစ်မြို့ဖြစ်လေသည်။ ကွမ်းကျုံးခက်သည် လီရှောင်လုံးနှင့် လမ်းခွဲပြီး ခရီးပြင်းနှင်လာခဲ့ရာ ညနေဆည်းဆာအချိန်တွင် ဝမ်ထွေမြို့သို့ ရောက်ရှိလာသည်။

လီရှောင်လုံး အတင်းပေးလိုက်သည့်အတိုင်း 'သမားတော်ပ...' ဟူသော အမည်ဖြင့် စုံစမ်းသိုက်ရာ မြို့စွန်ရှိအိမ်တစ်လုံးခြံဝ...



...မြုပ်နေထိုင်သော သမားတော် ဝမ်းပေါ်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားတော့သည်။

'ဒေါက်—ဒေါက်'

လီရှောင်လုံးက တံခါး ခေါက်လိုက်လေသည်။ မရှေးမနှောင်းမှာပင်....

'လာပါပြီဗျာ—လာပါပြီ'

အတွင်းဘက်မှ စကားသံ၊ ခြေသံများနှင့်အတူ တံခါးပွင့်သွား၏။ အိမ်ဖော်လုလင်တစ်ယောက် ထွက်လာလေသည်။

ကွမ်းကျုံးခက်သည် ကောင်းစွာ မှတ်မိလိုက်သော်လည်း အိမ်ဖော်လုလင်မှာ ကွမ်းကျုံးခက်ကို ရုတ်တရက် မမှတ်မိပါချေ။

'ဘာကိစ္စများရှိလို့လဲ အခန့်ရှိပါဗျာ'

ပျူပျူငှာငှာ မေးမြန်းလာသည်။ ကွမ်းကျုံးခက်က—

'သမားတော်ကြီး ရှိသလား'

'ရှိပါတယ်—ရှိပါတယ်၊ လူနာကိုဆေးကုဖို့ လာပြီးပင့်ဖိတ်တယ်ဆိုရင်တော့ နောင်ကြီးအနေနဲ့ ခြေကြွခကို ငွေတစ်ရာ ပိုပေးရပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုရင် သမားတော်ကြီးဟာ

ရှုလိုအချိန်မျိုးမှာ တစ်နေကုန် ပင်ပန်းခဲ့လို့ အနားယူနေနိုင်ဖြစ်လို့ပါပဲ'

ကွမ်းကျုံးခက် စိတ်ထဲမှ ကျိတ်ပြုံးလိုက်မိလေသည်။

'ကျပ်ငွေသုံးရာ ပို့ပေးပါမယ်၊ သမားတော်ကြီးနဲ့ အရဆုံး တွေ့ပါရစေ'

အိမ်ဖော်လုလင်သည် ငွေများများရနိုင်မည် ထင်မှတ်ကာ ဝမ်းသာအားရ ဖြစ်သွားလေသည်။

'ကောင်းပါပြီခင်ဗျာ....အထဲကိုကြွပါ'

အိမ်ထဲသို့ ဖိတ်ခေါ်လိုက်လေသည်။ ကွမ်းကျုံးခက်က အိမ်ထဲဝင်လိုက်၏။ အိမ်ဖော်လုလင်က—

'လူနာအတွက် ဆရာ့ကို လာပင့်တာပါခင်ဗျာ'

ကျယ်လောင်သောအသံဖြင့် ပြောလိုက်သော် အဘိုးအို တစ်ယောက် ထွက်လာသည်ကို တွေ့ရလေသည်။

သမားတော်ပါဟု အမည်ပြောင်းထားသော သမားတော်ကြီး ဝမ်းပါပင် ဖြစ်လေတော့သည်။ ဝမ်းပါသည် ကွမ်းကျုံးခက်ကို ရုတ်တရက် မမှတ်မိပါချေ။

'ထိုင်ပါ—မောင်ရှင်လေး၊ ကျုပ် ဘာအကူအညီ ပေးရမလဲ ဆိုတာ ပြောပါ'



ဟု မေးလာ၏။ ကွမ်းကျုံးခက်က....

'တခြားတော့ မဟုတ်ပါဘူး၊ ရောဂါရှိတဲ့ လူတစ်ယောက်ကို ရောဂါဝေဒနာ လုံးဝမရှိဘူးလို့ ပြောပေးဖို့နဲ့ အသိပ်ဆေး တိုက်ကျွေးပေးဖို့ပါ'

'ဟေ'

ဝမ်းပါ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ကွမ်းကျုံးခက်ကိုလည်း မျက်လုံးပြူးအောင် ကြည့်လိုက်လေသည်။ ကွမ်းကျုံးခက် ပြုံးလိုက်သည်။

'ကျုပ်ကို မမှတ်မိတော့ဘူးလားဗျာ၊ ခင်ဗျား ဒီမှာလာပြီး ပုန်းနေပေမယ့် ကျုပ်က ခင်ဗျားကို တွေ့အောင်ရှာနိုင်လို့ မအံ့သြဘူးလားဗျာ'

ဟု မေးလိုက်လေသည်။ ဝမ်းပါသည် တဖြည်းဖြည်းနှင့် မှတ်မိသွားတော့သည်။

'မင်း....မင်း'

'ဘယ်လိုလဲ...ခင်ဗျား မှတ်မိပြီလား'

ဝမ်းပါသည် ကြောက်ရွံ့ထိတ်လန့်စွာ ချက်ခြင်း ထွက်ပြေးဖို့ ဟန်ပြင်လေသည်။ သို့သော်—

'ခင်ဗျား ပြေးလို့ မရတော့ပါဘူးဗျာ'

ကွမ်းကျုံးခက်က ဟန့်တား တားလိုက်လေသည်။ ဝမ်းပါ မျက်စိမျက်နှာ ပျက်နေပါသည်။

'ကျုပ်—ကျုပ်ကို ချမ်းသာပေးပါ'

ဟုလည်း တောင်းပန်လာလေသည်။ ကွမ်းကျုံးခက်က—

'ခင်ဗျားဟာ ကျုပ်ရဲ့မိတ်ဆွေနှစ်ယောက်အပေါ်မှာ ရက်စက်ခဲ့တာဆိုတော့ ချမ်းသာပေးဖို့ အတော့်ကိုစဉ်းစားရလိမ့်မယ်'

'ကျုပ်—ကျုပ်ကို ခွင့်လွှတ်ပါကွယ်၊ ကျုပ်သဘောနဲ့ကျုပ် လုပ်တာမဟုတ်ပါဘူး၊ သူခိုင်းတဲ့အတိုင်း မလုပ်ရင် ကျုပ်ကို သတ်ပစ်မယ်လို့ လူတစ်ယောက်က ခြိမ်းခြောက်ခဲ့တာကြောင့် ကြောက်လို့ လုပ်ပေးခဲ့ရတာပါ'

ကွမ်းကျုံးခက် မျက်မှောင် ကြုတ်သွားသည်။ နီးရာဓား ကြောက်ရွံ့ကာ ဝမ်ပါက တုရှောင်အင်းအား ဒုက္ခပေးခဲ့ရသည်ဟု သိရပြီမဟုတ်ပါလား။

ဝမ်ပါကို စိုက်ကြည့်လိုက်ရင်း—

'ခင်ဗျားကို ဘယ်သူကခိုင်းစေခဲ့တာလဲ ပြောပါ'

ဟု မေးလိုက်သည်။ ဝမ်ပါက—



'ရွှေလုံရှင် ချန်းကုဝေပါ'

'ဗျာ....'

ကွမ်းကျုံးခက်သည် ကြားလိုက်ရသောစကားကို မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။ ရွှေလုံ့ရှင်ချန်းကုဝေဆည် သိုင်းလောကထိပ်သီး လူထူးလူဆန်းသိုင်းသမား ခုနစ်ယောက်တွင် တစ်ယောက်အပါအဝင်ဖြစ်နေသည် မဟုတ်ပါလား။

ကွမ်းကျုံးခက်က—

'သူက ဘာကြောင့် ခင်ဗျားကို ဒီလိုလုပ်ခိုင်းရတာလဲ'

ဟု မေးလိုက်သည်။ ဝမ်ပါက—

'သူရဲ့ကောင်းကြီးကျွန်းဟို သိုင်းလော ကမှာ ပြန်ပြီးခြေချသာအောင် လုပ်ရမယ်လို့တော့ လွှတ်ခနဲပြောတာ ကြားမိပါတယ်၊ တခြား ဘာမှမသိပါဘူး'

'လက်စသတ်တော့ ဒီလိုကိုး'

ကွမ်းကျုံးခက် ဒေါသထွက်လ လာတော့သည်။

'ခင်ဗျားကရော ငွေမက်လို့လုပ်ခဲ့တာ မဟုတ်လား'

'ဟာ မဟုတ်ပါဘူး မဟုတ်ပါဘူး၊ ခိုင်းတဲ့အတိုင်းမလုပ်ရင် ကျုပ်ကိုသတ်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့တာကြောင့် လုပ်ခဲ့ရတာပါ၊ ကျုပ်ကိုခွင့်လွှတ်ပါ'

ဝမ်ပါသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် တောင်းပန်လာလေသည်။ ကွမ်းကျုံးခက် သက်ပြင်းချမိပါသည်။ ဝမ်ပါကို အပြစ်တင်ဖို့ခက်လှပေသည်။

ရွှေလုံ့ရှင်ချန်းကုဝေ စေခိုင်းသည့်အတိုင်း လုပ်မပေးလျှင် အရင်ဆုံး အသတ်ခံရမည့်သူမှာ ဝမ်ပါသာဖြစ်နေသည် မဟုတ်ပါလား။

တကယ်တမ်းတွင် ရွှေလုံ့ရှင်ချန်းကုဝေနှင့် စာရင်းရှင်းရမည် မဟုတ်ပါလား။ ကွမ်းကျုံးခက်က—

'ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ လူ့အသက်ကိုကယ်တဲ့ သမားတော် တစ်ယောက်ဖြစ်ပြီး လူ့အသက်ကိုသတ်ဖို့ ကြံစည်ခဲ့တာ မကောင်းပါဘူးဗျာ၊ နောက်နောင် ဒီအလုပ်မျိုး ဘယ်တော့မှ မလုပ်ပါဘူးလို့ ခင်ဗျား ကတိပေးရလိမ့်မယ်'

ဟု ပြောလိုက်သည်။ ဝမ်ပါ ဦးခေါင်းတညိတ်ညိတ် လုပ်လိုက်သည်။

'စိတ်...စိတ်ချပါ၊ ကျုပ် ကတိပေးပါတယ်'

'ကောင်းပြီ—ခင်ဗျား ကတိတည်ပါစေ၊ ခင်ဗျား ကတိဖျက်ပြီးဆိုတာနဲ့ ခင်ဗျားဆီကို ကျုပ် ချက်ချင်းရောက်လာမှာပဲ'

'ကျုပ်—ကျုပ် တကယ်ကိုကတိပေးပါတယ်'



ကွမ်းကျုံးခက်သည် ဝမ်ပါကိုတစ်ချက်စိုက်ကြည့်လိုက်ပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။

သူ၏ခြေလှမ်းများသည် ရွှေလုံ့ရှင်ချန်းကုဝေထံသို့ ဦးတည်နေလေတော့သည်။

ရွှေလုံ့ရှင်ချန်းကုဝေ....

ကွမ်းကျုံးခက်သည် ရွှေလုံ့ရှင်ချန်းကုဝေ၏အိမ်သို့ ဆိုက်ဆိုက် မြိုက်မြိုက်ပင် ရောက်ရှိသွားသည်။

သို့သော်—

ချန်းကုဝေ ခရီးထွက်သွားသည်ဟု သိရပြီး မတွေ့ခဲ့ရချေ။ နောက်လေးငါးရက်ကြာမှ ပြန်ရောက်လာမည်ဟု ဆိုပေသောကြောင့် စိတ်ပျက်သွားရလေသည်။

'ယန်းဖုံးနဲ့ ကျောင်းမြို့စားရဲ့သိုင်းပြိုင်ပွဲကို အချိန်မီအရောက် သွားဖို့လဲ အရေးကြီးသေးတယ်၊ အင်း—ကြာပန်းတောင်ကို အရင်သွားမှပဲ၊ ကြာပန်းတောင်ကပြန်တော့မှ ချန်းကုဝေဆီကို ဝင်ရတော့မှာပဲ'

ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် ကြာပန်းတောင်ဘက်သို့ ခြေဦးလှည့်လိုက်ရလေသည်။

ဤတွင်—

အန္တရာယ်အသွယ်သွယ်

---

ကြာပန်းတောင်...

ကြာပန်းတောင်သည် ပင်မတိုက်စန်းတောင်ကြီးမှ ခွဲဖြာထွက်လာသော တောင်စဉ်တောင်တန်း အသွယ်သွယ်အနက် ဧတိယတောင်တန်းတွင်ပါဝင်သော တောင်တစ်လုံးဖြစ်လေသည်။ ကြာပန်းတောင်သည် စစ်အိမ်မြို့နှင့် တိုက်ကျင်းမြို့တို့ကြားမှ ဖြတ်ဆန်း ဖောက်လုပ်ထားသော လမ်းခရီးအတိုင်း အရောက်သွားနိုင်လေသည်။

ကြာပန်းတောင်သည် အလွန် သာယာလှပသော တောင်တစ်လုံးဖြစ်ပြီး လူသိများ ထင်ရှားလေသည်။



တောင်ထိပ်ပေါ်တွင် ထူးထူးခြားခြား ရေကန်ကြီးတစ်ကန် ရှိလာ ထိုရေကန်အတွင်း၌ ရောင်စုံကြာပန်းများသည်း ပေါက်ရောက်လျက် ရှိပေသည်။ ထို့အတွက်ကြောင့်လည်း ကြာပန်းတောင်ဟု ခေါ်ဆိုကြခြင်းဖြစ်ပါတော့သည်။

ဂွမ်းကျုံးခက်သည် တိုက်ကျင်းမြို့တွင် ခရီးတစ်ထောက် နားပြီးလျှင် တောလမ်းအတိုင်း ကြာပန်းတောင်သို့ ခရီးဖြင်းနှင်လိုက်လေသည်။

နေခြည် ဖြာကျနေပါသည်။

မိုးကောင်းကင်ပေါ်ဝယ် တိမ်ဖြူများသည် အုပ်လိုက် အခဲလိုက် ရှိနေပြီး လေနှင့်အတူ လွင့်မျောနေကြလေသည်။

ကျေးငှက်ကလေးများသည်း အသံတစာစာပေးကာ ပျံသန်းသွားကြ၏။ အေးမြလတ်ဆတ်သော လေပြည်လေညင်းက ဝေ့ယမ်းတိုက်ခတ်လာသည်။ စိမ်းလန်းသော တောအုပ်များသည် မျက်စိတဆုံးရှိနေ၏။

ကွေ့ကွေ့ကောက်ကောက်ရှိနေသော တောလမ်းကလေး၏ နံဘေး၌ အရောင်အသွေးလင်စုံစွာ ငှားငှားစွင့်စွင့်ဖူးပွင့်နေသော တောပန်းများကလည်း သာယာလှပနေစေပါတော့သည်။

ကွမ်းကျုံးခက်သည် တောလမ်းကလေးအတိုင်း လျှောက်လှမ်းလာရင်း သဘာဝအလှအပများကြောင့် စိတ်ထဲကြည်နူးလာသည်။

တေးကဗျာ သီကုံးရေးစပ်လိုစိတ်များလည်း ဖြစ်ပေါ်လာသည်။ သူသည် စာပေသမားတစ်ယောက်ဖြစ်နိုင်ရန် ကြိုးစားခဲ့သော်လည်း လက်တွေ့တွင် သိုင်းသမားတစ်ယောက်ဖြစ်လာရသူ မဟုတ်ပါလား။

ကွမ်းကျုံးခက်သည် လတ်တလောအချိန်တွင် ပွင့်ပင်သောက များကို မေ့လျော့သွားသည်။

သူရထားသော သဘာဝအလှဘွဲ့တေးများ ကဗျာတစ်ပုဒ်ကိုရွတ်ဆိုလိုက်လေသည်။ သံနေသံထားဖြင့် စိတ်ပါလက်ပါ ရွတ်ဆိုလိုက်ခြင်းဖြစ်ပါသည်။

ကွမ်းကျုံးခက်သည် စိတ်ပါစွာ ကဗျာကိုရွတ်ဆိုလိုက်ပြီးနောက် အားရပါးရပြုံးလိုက်၏။ ကိုယ့်ကိုယ်ကိုကျေနပ်သွားခြင်းဖြစ်လေသည်။



ထိုစဉ်—

'ဖျောင်း…ဖျောင်း… ဖျောင်း

လက်ခုပ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသောသည်။ ကွမ်းကျုံးခက် ခြေလှမ်းများ တုန့်ခနဲ ရပ်သွားပါတယ်၊ မျက်မှောင်ကြုတ်ကာ လက်ခုပ်သံ ထွက်ပေါ်လာရာဆီသို့လည်း လှမ်းကြည့်လိုက်မိသည်။

ထိုအခါ…

မလှမ်းမကမ်းရှိ သစ်ပင်တစ်ပင်အောက်၌ လူတစ်ယောက်ရှိနေသည်ကို တွေ့ရသည်။

ထိုသူမှာ တစ်ကိုယ်လုံး အနက်ရောင်အဝတ်အစားများဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထားလေသည်။

ကွမ်းကျုံးခက် ရင်ထိတ်သွား၏။

'မျက်နှာဖုံးစွပ်ပြီး ရုပ်ဖျက်ထားရတော့ သယ်နည်းနဲ့မှ လူကောင်းတစ်ယောက်မဖြစ်နိုင်ဘူး'

ဟုလည်း စိတ်ထဲသွေးလိုက်မိလေသည်။ ထိုလူသည် လက်ခုပ်တီးပြီးလျှင်….

'ကောင်းလိုက်တဲ့ကဗျာ'

ဟု ချီးကျူးလိုက်လေသည်။ ကွမ်းကျုံးခက် ဦးညွှတ်လိုက် သည်။

'ခုလို ချီးကျူးစကားကို ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ထိုလူက....

'ငါ့ကိုကျေးဇူးတင်ရင် မင်းမှားသွားမှာပေါ့'

'ဘာဖြစ်လို့လဲဗျာ'

'ငါက မင်းကိုသတ်မလို့စောင့်နေတာ'

ထိုလူ၏စကားကြောင့် ကွမ်းကျုံးခက် ဟားတိုက်ရယ်မော လိုက်၏။

'ဟား...ဟား...ဟား'

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။

ထိုလူက...

'ငါက ရယ်စရာပြောနေတာလို့ မင်းထင်ရင် မှားသွား လိမ့်မယ်'

ဟု ခပ်ထန်ထန်ပြော၏။ ကွမ်းကျုံးခက်က—

'မမှားနိုင်ပါဘူးဗျာ၊ ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ် မသိဘူး၊ ပြီးတော့ ကျုပ်တို့ချင်း ရန်ငြိုးရန်စလည်းမရှိတော့ မှားနိုင်စရာ အကြောင်းမရှိတော့ဘူးပေါ့'



ထိုလူက....

'မင်းနဲ့ငါ ရန်ငြိုးရန်စမရှိတာ မှန်ပေမယ့် မင်းကိုငါ သတ်ပစ်ရမှာပဲ'

ကွမ်းကျုံးခက်က....

'ကဲဗျာ...ကျုပ်ကိုခင်ဗျားက ဘာကြောင့်များသတ်ပစ်ချင် ရတယ်ဆိုတာ ပြောစမ်းပါဦး'

ထိုလူက...

'မင်းဟာ ကျွန်းဟိုနဲ့ အရမ်းနှီးဆုံးလူ ဖြစ်နေလို့ပေါ့'

'ဟား ဟား ဟား'

ကွမ်းကျုံးခက် ရယ်မောလိုက်ပြန်သည်။

'အစ်ကိုကြီးကျွန်းဟိုနဲ့ အရင်းနှီးဆုံးဖြစ်တာ ဂုဏ်ယူစရာ ပါဗျာ၊ ကျုပ်ကိုသတ်ပစ်ချင်တာ အဓိပ္ပာယ်မရှိပါဘူး၊ကောင်း ခင်ဗျားဟာ လျှို့ဝှက်ဂိုဏ်းက လူတစ်ယောက် ဖြစ်မယ်ထင် တယ်'

ထိုလူ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

'အပိုတွေပြောမနေနဲ့၊ မင်းတတ်ထားတဲ့ မိုးမြေလက်ဝါး သိုင်းပညာကို ထုတ်သုံးဖို့သာ ကြိုးစားပေတော့'

စကားဆုံးလျှင် စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ကွမ်းကျုံးခက်က....

'ခင်ဗျားက ကျုပ်အကြောင်း ဒီလောက်အောင်သိနေတာ မရှိးသားဘူးထင်တယ်'

'စကားမရှည်နဲ့၊ ရှောင်နိုင်ရင်ရှောင်ပေတော့'

မျက်နှာဖုံးနှင့်လူသည် ကျယ်ချောင်စွာ အော်ဟေါက်ရင်း လက်နက်ပုန်းပညာဖြင့် စတင်တိုက်ခိုက်လာတော့သည်။

ကွမ်းကျုံးခက်သည် ကြာမန်းဘောင်သို့ ဦးတည်သွားစု အမ်းခရီးမှာပင် အန္တရာယ်နှင့် ရင်ဆိုင်လိုက်ရပြီ ဖြစ်သည်။

ဝှစ် ဝှစ် ဝှစ်'

စူးရှသော လေတိုးသံများ ထွက်ပေါ်လာသည်။လက်နက်ပုန်းလေးများသည် ပျားပိတုန်းများအလား ကွမ်းကျုံးခက် ထံသို့ တစ်ဟုန်ထိုး ပစ်လွှင့်လာသည်။



ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွား၏။ ထိုလူသည် ...က်နှာဖုံးစွပ်ထားခြင်းမှာ မည်သူမည်ဝါဖြစ်ကြောင်း လူသိ ...ခံနိုင်၍ဖြစ်ပေမည်။

...၏အကြောင်းကို ထိုသူက သိနေခြင်းကြောင့် လျှို့ဝှက် ...က်းသားတစ်ယောက် ဖြစ်ရမည်မှာလည်း ထင်ရှား၏။

သို့သော်...

လက်နက်ပုန်း ပစ်ခတ်...က်ပုံမှာ ဆာမန် အဆင့်မျှသာ ...သော တိုက်ခိုက်မှုမျိုး ဖြစ်နေသည်။

ကွမ်းကျုံးခက်က လက်စစ်ဖက်ကို အသာအယာဝှေ့ယမ်း ...က်သည်။

'ထောက် ထောက် ထောက်'

လက်နက်ပုဝ်းလေးများသည် မြေပေါ် တဖြုတ်ဖြုတ် ...က်ကျသွားတော့၏။ ကွမ်းကျုံးခက်က...

'ခင်ဗျားရဲ့ပညာ ဒါအကုန်ပဲလားဗျာ၊ ဒါဆိုရင် ကျုပ်ကို ...ကြံဖို့ ဆက်ပြီးမကြိုးစားဘဲ မြန်မြန် ထွက်ပြေးသွားတာ ...များအတွက် ကောင်းပေမယ်ဗျ'

ဟု ပြောလိုက်လည်း။
ထိုလူက...

'ပြောတာ စောပါသေးတယ်လေ၊ မျက်တောင်မွေးတစ်ဆုံပဲ မကြည့်ရဘူးဆိုတဲ့ စကားရှိတယ်မဟုတ်သား၊ ဒီတစ်ခါကြည့်ပါဦး'

စကားဆုံးလျှင် လက်ဝှေ့ယမ်းပြန်သည်။

'ဝှစ် ဝှစ် ဝှစ်'

စူးရှသော အသံနှင့်အတူ သက်နက်ပုန်းလေးများတရစပ် ပစ်လွှင့်လာပြန်သည်၊ ကွမ်းကျုံးခက်က...

'ဒီလောက်အော့ ကျုပ်က မမှုသေးပါဘူးဗျာ'

အင်္ကျီအက်ကို ဝှေ့ယမ်းကာ ရိုက်ထုတ်ပစ်လိုက်ပြန်သည်၊ ယခုတစ်ကြိမ် ရှေ့မှပစ်လွှင့်လာသည့် လက်နက်ပုန်းလေးများမြေပေါ်ပြုတ်ကျသွားလျှင် ထိုလက်နက်ပုန်းလေးများနှင့်အတူ အပ်ကလေးများသည် အသံမမြည်ဘဲ တိတ်ဆိတ်စွာ ပစ်လွှင့်လာသည်ကို တွေ့မြင်လိုက်ရ၏၊

'ဟင်....'

ကွမ်းကျုံးခက် ရင်ထိတ်သွားလေသည်။ ထိုလူ၏လက်နက်ပုန်းများသည် ထူးဆန်းသည့်အသွင် ဆောင်နေသည်မဟုတ်ပါလား။

ရှေ့မှ လက်နက်ပုန်းများသည် စူးရှသော မြည်သံပေးကာ ပစ်လွှင့်လာပြီး အဆိပ်အပ်ကလေးများကမူ တိတ်ဆိတ်စွာ ရောနှော၍ပါလာသည်။



အနည်းငယ်ပေါ့ဆမိလိုက်သည်နှင့် ဒုက္ခရောက်သွားရမည်မှာ သေချာလှပေသည်။

ကွမ်းကျုံးခက်သည် အပ်ကလေးများကို ဖမ်းယူထားဖို့ဝံ့ရဲသလို ရိုက်ချပင်ဖို့လည်း အချိန်မရတော့ပါချေ။

ထို့ကြောင့်...

'ယား'

ညာသံပေးကာ မြေပေါ် ခြေဆောင့်၍ လေထဲခုန်တက်ကာ ရှောင်တိမ်းလိုက်ရတော့၏။

ကပျာကယာ ရှောင်တိမ်းနိုင်လိုက်ခြင်းကြောင့် သာလျှင် အပ်ကလေးများ၏ အန္တရာယ်မှ လွတ်မြောက်သွားခြင်းဖြစ်ပါတော့သည်။

'ဟား ဟား ဟား'

ယခုတစ်ကြိမ်...

ကွမ်းကျုံးခက်၏အဖြစ်ကို ကြည့်ကာ မျက်နှာဖုံးစွပ်ထားသူ ဟားတိုက်ရယ်မောလိုက်သည်။

ကွမ်းကျုံးခက် မြေပေါ်ခုန်ဆင်းလိုက်ပြီး...

'ခင်ဗျားဟာ သိပ်ပြီးအထောက်ကျနေတယ်ပေါ့ ဟုတ်လား၊ ကြာရင် ကျုပ် သည်းခံနိုင်တော့မှာ မဟုတ်ဘူးဗျ'

ဟု မကျေမနပ်ပြောလိုက်သည်။

ထိုသူက—

'ဒါတော့ နမူနာပဲရှိသေးတာ၊ ကျုပ်ရဲ့လက်နက်ပုန်းကို ရှောင်နိုင်တဲ့လူ များများစားစား မရှိသေးဘူး၊ ဒီတစ်ခါတော့ မင်း လွယ်မှာမဟုတ်တော့ဘူး'

ပြောရင်း လက်ဝှေ့ယမ်းလိုက်ပြန်သည်။

'ဝှမ်း—'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာသည်၊ သံမဏိကြိုးမျှင်ခြင်း သွယ်တန်းထားသည့် သံမဏိလုံးကလေး လေးလုံးသည် အချင်းချင်း တခြွမ်းခြွမ်းမြည်အောင် ရိုက်ခတ်ရင်း ကွမ်းကျုံးခက်ထံသို့ ပစ်လွှင့်လာသည်။

ထိုသံမဏိလုံးကလေးများသည် အချင်းချင်း ရိုက်ခတ်မိသောအခါ အရှိန်လျော့ကျမသွားသည့်အပြင် ပို၍ အရှိန်ပြင်းလာပြီး ကွမ်းကျုံးခက်အား တိုက်ခိုက်ပြီးသားဖြစ်သွားလေသည်။

အကယ်၍—

သံမဏိလုံးကလေးများ၏ ရိုက်ခတ်ခြင်းခံရပါက ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားမည်ဖြစ်သည်။



ကွမ်းကျုံးခက် ကပျာအယာ နောက်ဆုတ် ရှောင်လိုက်လေသည်။

'ခြွမ်း—ခြွမ်း'

သံမဏိအလုံးကလေးလေးလုံးသည် အချင်းချင်းရိုက်ခတ်ရင်း ရှေ့ဆက် ပစ်လွှင့်လာသည်။

ကွမ်းကျုံးခက် ရှောင်တိမ်းသွားရာ နောက်သို့ တရကြမ်း လိုက်လံတိုက်ခိုက်နေသကဲ့သို့ ရှိနေပါတော့သည်။

ကွမ်းကျုံးခက်မှာလည်း ကြာကြာ ရှောင် တိမ်း နိုင် မည် မဟုတ်ပါ။

ထိုလူ၏ ထူးခြားဆန်းပြားလှသော လက်နက်ပုန်းကြောင့် ဒုက္ခရောက်ရတော့မည် ဖြစ်ပေသည်။

'ဟား ဟား ဟား ဟား'

ကွမ်းကျုံးခက် ဒုက္ခရောက်ကာ ဗျာများနေသည်ကိုတွေ့ရလျှင် ထိုလူက သဘောကျစွာဖြင့် ဟားတိုက်ရယ်မောလိုက်လေသည်။

သို့သော်—

သူ၏ရယ်မောသံသည် တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းကား—

'ချွမ်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး သံမဏိအလုံး လက်နက်ပုန်းမှာ နောက်ထပ်သုံးမရအောင် ဖြစ်သွားသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူ မျက်လုံးပြူးသွားလေတော့သည်။

အမှန်တော့...

ကွမ်းကျုံးခက်သည် သံမဏိလက်နက်ပုန်းကြောင့် ဒုက္ခရောက်ရနိုင်သည်ကို တွက်မိသဖြင့် အနီးရှိ သစ်ပင်တစ်ပင်သို့ လျင်မြန်စွာ ခုန်တက်လိုက်လေသကိုး။

သံမဏိအလုံးကလေးများသည် ရှေ့ဆက် ပစ်လွှတ်လာရာမှ ရှုပ်ထွေးနေသော သစ်ကိုင်းများကြားသို့ တိုးဝင်မိလိုက်သလို ဖြစ်သွား၏။

သစ်ကိုင်းများ ကျိုးပြတ်ကုန်သည်။
သစ်ရွက်များ ကြွေကျကုန်သည်။

ထိုအတူ သံမဏိကြိုးမျှင်များသည် သစ်ကိုင်းသစ်ခက်များနှင့် ငြိတွယ်မိကာ အရှိန်သေသွားပြီး ရှေ့ဆက် သုံးမရနိုင်အောင် ဖြစ်သွားလေတော့သည်။



ကွမ်းကျုံးခက်က ချက်ချင်းပင် မြေပေါ်သို့ ပြန်၍ခုန်ဆင်းလာပြီးလျှင်....

'လက်စသပ်တော့ ခင်ဗျားဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ လက်နက်ပုန်း ဝိဇ္ဇာဟန်ယီမင်းကိုး'

ဟု ပြောလိုက်လေသည်။

ဟန်ယီခင်း....

လက်နက်ပုန်း ဝိဇ္ဇာ ဟန်ယီခင်းသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းသမားတစ်ယောက် ဖြစ်ပါသည်။

အထင်ကရ သိုင်းထိပ်သီးများ(၀၇) လူထူးလူဆန်း ခုနစ်ယောက်တွင် ပါဝင်နေသူလည်း ဖြစ်သည်။

ကွမ်းကျုံးခက်၏ စကား ကြားလိုက်ရသောအခါ....

'ဟား ဟား ဟား'

ထိုလူက ဟားတိုက်ရယ်မောလိုက်သည်။

မျက်နှာပေါ်၌ စပ်ဆင်ထားသော မျက်နှာဖုံးစွပ်ကိုလည်း ချွတ်ပစ်လိုက်လေသည်။

ထိုအခါ—

အသည်ကြည်စန့်ညားပြီး ကြည်ညိုအေးစားဖွယ်ကောင်းသော အဘိုးအိုတစ်ယောက်၏ ရုပ်သွင် ပေါ်ထွက်လာလေသည်။

ထိုသူမှာ ကွမ်းကျုံးခက် ပြောအလိုပင် ပင်လယ်လက်နက် ပုန်း ဝိဇ္ဇာ ဟန်ယီမင်း ဖြစ်နေပါတော့သည်။

ကွမ်းကျုံးခက်က—

'ခင်ဗျား သိုင်းလောကရဲ့ အထင်ကရ သိုင်းသမားကြီး တစ်ယောက်ပါဗျာ၊ ကျုပ်လို ပမွားလေးတစ်ယောက်ကို ဘာဖြစ်လို့များ ဒုက္ခပေးချင်ရတာလဲဗျ'

ဟု မေးလိုက်၏။

ဟန်ယီမင်းက....

'မင်းဟာ ပမွားမဟုတ်ပါဘူး၊ ခရေပွင့် ခြံဝင်းပိုင်ရှင်ကို တောင် အနိုင်ယူသွားနိုင်တယ် မဟုတ်လား၊ မင်းဟာ ကျန်းဟိုဆီက မိုးမြေသက်ဝါးသိုင်းပညာကို ရထားတယ်ဆိုတာ ကျုပ်တို့ သိပြီးပြီလေ'



ကွမ်းကျုံးခက်က....

'ခရေပွင့် ခြံဝင်းပိုင်ရှင် ကောင်း နဲ့ ကျုပ်ယှဉ်ပြိုင်ခဲ့တဲ့ အကြောင်းကို ခင်ဗျား သိနေတယ်ဟုတ်လား'

ဟန်ယီမင်းက....

'သိတာပေါ့ကွာ၊ မင်းရဲ့သက်ချက်ကြောင့် ကောင်းလီ သေသွားပြီလေကွာ'

'ဗျာ....'

'ကောင်းလီကိုတောင် မင်းက ရှင်းပစ်နိုင်ခဲ့တယ်ဆိုတော့ မင်းဟာ ကျန်းဟိုဆီက သိုင်းပညာရခဲ့တယ်ဆိုတာ ထင်ရှားနေတာပေါ့'

ကွမ်းကျုံးခက်က ဘာမှမပြောဘဲ နေလိုက်လေသည်။

ဟန်ယီမင်းက—

'ကျန်းဟိုဟာ သိုင်းလောက ပထမတွဲ ရခဲ့သူဆိုတော့ သူရဲ့ ပညာ ဘယ်လောက်စွမ်းထက်သလဲဆိုတာ ထက်တွေ့စမ်းသပ် ကြည့်ဦးမှပဲ'

စကားဆုံးလျှင် လက်ဝါးစောင်း နှစ်ဖက်ဖြင့် စတင်တိုက် ခိုက်လိုက်လေသည်။

ကွမ်းကျုံးခက်က အဘွင်းအားကို လက်ဝါးနှစ်ဖက်နှင့် စုစည်းကာ ပြန်လည်တိုက်ခိုက်လိုက်လေတော့သည်။

ကွမ်းကျုံးခက်နှင့် ဟန်ယီမင်းတို့သည် ပြင်းထန်စွာ ထိပ်တိုက် ရင်ဆိုင်နေကြပြီ ဖြစ်လေသည်။

ဟန်ယီမင်းသည် လက်ဝါးစောင်းနှစ်ဖက်ဖြင့် တိုက်ခိုက်နေသလို ကွမ်းကျုံးခက်က လက်ဝါးစောင်းတစ်ဖက် လက်သီးဆုပ် တစ်ဖက်ဖြင့် ရင်ဆိုင်နေသည်။

ဟန်ယီမင်းမှာ ဝါရင့်သိုင်းသမားကြီးတစ်ယောက် ဖြစ်ပါသည်။

သို့သော်…

ထိပ်တိုက် ရင်ဆိုင်လိုက်ကြသောအခါ ကွမ်းကျုံးခက်ကို အနိုင်မယူနိုင်ဘဲ ဖြစ်နေပါတော့သည်။

ကွမ်းကျုံးခက်သည် ဟန်ယီမင်း၏ တိုက်ကွက်များကို တစ်ကွက် ချေဖျက်ပစ်လိုက်သည်။

ထို့နောက်…

အလွန်ထူးခြား ဆန်းပြားသော လက်ဝါးရိုက်ချက်များဖြင့် လွှမ်းမိုးတိုက်ခိုက်လိုက်လေသည်။



ကွမ်းကျုံးခက်၏ လက်ဝါးရိုက်ချက်များသည် ဟန်ယီမင်း၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားလေသည်။
ဟန်ယီမင်း မျက်နှာပျက်သွားသည်။

သူရဲကောင်း ကျုန်းဟိုမှာ အဘယ်ကြောင့် သိုင်းလောက ပထမဘွဲ့ရခဲ့သည်ကိုလည်း တဘောပေါက်လာလေသည်။

ကျုန်းဟိုထံမှ ပညာလက်ဆင့်ကမ်းရခဲ့သည့် ကွမ်းကျုံးခက်ကိုပင် မယှဉ်နိုင်အောင် ဖြစ်ရသည် မဟုတ်ပါလား။

ဟန်ယီမင်း ဒေါပွသွားသည်။

'ယား'

ညာသံပေးကာ ကွမ်းကျုံးခက်၏ လက်ဝါးရိုပ်များကို အရကြမ်း ထိုးဖျက်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ကွမ်းကျုံးခက်၏ လက်ဝါးရိုက်ချက်များကား ထိုးဖောက်ဖို့ မလွယ်သော တိုက်ကွက်များ ဖြစ်နေပါသည်။

ပိုက်ကွန်သဖွယ် တစ်ကိုယ်လုံး လွှမ်းခြုံနေသည် ဖြစ်ရာအားကြမ်း ထိုးဖောက်လိုက်သည်နှင့်—

'ဝုန်း'

ဟန်ယီမင်း၏ ပခုံးတွင် လက်ဝါးတစ်ချက် ရိုက်ခံလိုက်ရပြီး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေတော့သည်။

ပြင်းထန်သောတိုက်ပွဲသည် ရုတ်ခြည်း ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ဟန်ယီမင်း၏ ဝဲဘက်လက်မှာ တွဲလောင်းကျနေ၏။

ကွမ်းကျုံးခက်၏ လက်ဝါးရိုက်ချက်ထိသွားသဖြင့် ပခုံးရိုး ပြုတ်ထွက်သွားခြင်းဖြစ်၏။ ဟန်ယီမင်းသည် နာကျင်မှုကိုပင် ဂရုမစိုက်နိုင်ဘဲ ကွမ်းကျုံးခက်ကို မျက်လုံးပြူး၍ကြည့်ကာ...

'မင်း...မင်း'

ကွမ်းကျုံးခက်က—

'ခင်ဗျား ရှုံးသွားပါပြီဗျာ'

ဟု ပြောလိုက်၏။ ဟန်ယီမင်းက—

'ငါရှုံးသွားတာ မှန်တယ်၊ ဒါပေမယ့် မင်းကိုလွှတ်မပေးနိုင်ဘူး'

'ခင်ဗျားက ဆက်ပြီးတိုက်ခိုက်မယ်ဆိုတဲ့ သဘောလား'

'ဟုတ်တယ်'

'ခင်ဗျား ဘယ်လိုလုပ်ပြီး တိုက်ခိုက်နိုင်တော့မှာလဲ'

'စိတ်ချ—မင်းကိုတော့ သတ်ပစ်နိုင်ပါသေးတယ်'

ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျား ဘာကြောင့် ဒီလောက်တောင် အငြိုးတကြီး ဖြစ်နေရတာလဲဗျ'



ဟန်ယီမင်းက....

'မင်းကိုသတ်ပစ်လိုက်မှ ကျွန်းဟိုက သိုင်းလောကမှာပြန်ပြီး ခြေချလာမှာပေါ့'

'ဘာဗျ'

'ကျွန်းဟိုတစ်ယောက် သိုင်းလောကမှာ ပြန်ပြီးခြေချဖို့ဟာ ကျုပ်တို့အတွက် အဓိကအရေးကြီးဆုံးပဲ'

ကွမ်းကျုံးခက်က—

'ခင်ဗျားတို့က အစ်ကိုကြီးကျွန်းဟိုကို လိုချင်နေတာ ဟုတ်တိလား'

'ဟုတ်တိတယ်'

'ဘာဖြစ်လို့ ဒီလောက်တောင် သဲကြီးမဲကြီးဖြစ်နေတာလဲဗျာ'

ဟန်ယီမင်းက—

'သိုင်းလောက ပထမတွဲထူးကြောင့်ပေါ့'

ကွမ်းကျုံးခက် စိတ်ပျက်သွားလေတော့၏။

'ဖြစ်မှ ဖြစ်ရလေဗျာ'

ဟန်ယီမင်းက—

'သိုင်းလောက ပထမတွဲထူးဟာ တန်ဖိုးထားတတ်တဲ့သူ အတွက်တော့ အသက်ထက်တောင် အရေးကြီးသေးတယ်ဆိုတာ မင်းနားလည်စမ်းပါ'

ကွမ်းကျုံးခက်က...

'ခင်ဗျားက သိုင်းလောကပထမတွဲထူးကို လိုချင်နေတယ် ဟုတ်လား'

ဟန်ယီမင်းက ဘာမှမပြောချေ။ ကွမ်းကျုံးခက်က—

'ကျုပ်သဘောပေါက်ပါပြီ၊ ခင်ဗျားဟာတစ်စုံတစ်ယောက် အတွက် အလုပ် လုပ်ပေးနေတာပဲဖြစ်မယ်'

ဟန်ယီမင်း မျက်နှာပျက်သွား၏။

'စကားမရှည်နဲ့ သေဖို့သာပြင်ထားပေတော့'

ဟု ကြုံးဝါးကာ အကောင်းပကတိရှိသေးသော လက်တစ် ဖက်ဖြင့် တိုက်ခိုက်လိုက်လေ၏။



'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာ၏။ ဟန်ယီမင်းသည် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။ ကွမ်းကျုံးခက် က်ပြင်းချလိုက်သည်။

'ခင်ဗျား မယှဉ်နိုင်တော့ပါဘူးဗျာ၊ ထပ်ပြီးကြိုးစားချင် နဲ့ဘော့'

ဟု ပြောလိုက်၏။ ဟန်ယီမင်းက ဂရုမစိုက်ပါ။

'ယား'

ညာသံပေးကာ တရကြမ်းတိုက်ခိုက်လာပြန်၏။ ယခု တစ်ကြိမ် လက်ဝါးဖြင့်ရိုက်ချလိုက်သည်သာမက လက်နက်ပုန်းဖြင့် ပါ တိတ်တဆိတ်တိုက်ခိုက်လိုက်ခြင်းဖြစ်လေ၏။

ကွမ်းကျုံးခက်သည် ဟန်ယီမင်းကို တိုက်ခိုက်လိုခြင်း မရှိ တော့ပါချေ။ ထို့ကြောင့် ထိပ်တိုက်ရင်မဆိုင်ဘဲ နောက်ဆုတ် လိုက်၏။

ထိုအချိန်မှာပင် ဟန်ယီမင်းက လက်နက်ပုန်းဖြင့်တိုက်ခိုက် သောအခါ—

'အ—'

ကွမ်းကျုံးခက် လွတ်ခနဲ အော်လိုက်၏။ သူ၏လက်မောင်း တွင် လက်နက်ပုန်းလေးတစ်ခု စိုက်ဝင်သွားသည် မဟုတ်ပါ လား။

ကွမ်းကျုံးခက် ဒယီးဒယိုင်ဖြစ်သွား၏။

'ဟား ဟား ဟား'

ဟန်ယီမင်းက ဟားတိုက်ရယ်မောလိုက်၏။

'မင်း ဘာတတ်နိုင်မှာမို့လဲ'

ဟု ကြုံးဝါးကာ အရကြမ်းတိုက်ခိုက်ပြန်လေသည်။ ကွမ်းကျုံးခက်သည် နောက်ဆုတ်ရှောင်တိမ်း၍ မလွတ်နိုင်မှန်းသိ၍ လက်ဝါးတစ်ချက်ရိုက်ထုတ်ကာ ပြန်သည်တိုက်ခိုက်လေသည်။ သူ၏လက်ဝါးသည် ဟန်ယီမင်း၏ရင်ဝသို့ တည့်တည့်မတ်မတ် တိုးဝင်သွားတော့သည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။ ဟန်ယီမင်းသည် စူးရှစွာအော်ဟစ်လိုက်ပြီး အဝေးသို့လွင့်စဉ်သွားတော့သည်။



ယခုမှ တိုက်ပွဲသည် အမှန်တကယ်ပြီးဆုံးသွားပြီဖြစ်လေ၏။ ကွမ်းကျုံးခက်က မလှုပ်မယှက်ရပ်နေ၏။

သူ၏မျက်လုံးများ ရီဝေနေ၏။

မြေပေါ်လဲကျနေသော ဟန်ယီမင်းကို ငေးကြည့်နေ၏။ ဟန်ယီမင်းက မြေပြင်ပေါ်တွင် ခွေခွေအလေးလဲကျနေသည်။ သူ၏နှုတ်ခမ်းထောင့်တွင် သွေးများယိုစီးကျနေ၏။

သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော လက်နက်ပုန်းဝိဇ္ဇာ ဟန်ယီမင်းကား လူ့လောကကြီးကိုကျော ...်းသွားခဲ့ပြီဖြစ်သည်။

အကယ်၍....

မိမိအား အစသသတ်ဖို့မကြိုးစားခဲ့ပါလျှင် ကွမ်းကျုံးခက် တိုက်ခိုက်မည်မဟုတ်ပါချေ။

ကွမ်းကျုံးခက်သည် ကိုယ့်ကိုကိုယ်ခုခံကာကွယ်သည့်သဘော ...် ပြန်လည်တိုက်ခိုက်ရခြင်း ဖြစ်ပါသည်။

ကျွန်းဟို၏ မိုးမြေလက်ဝါးသိုင်းပညာသည် ကြောက်မက်...် ကောင်းအောင် အစွမ်းထက်နေသည်ပကား။

ကျွန်းဟိုသင်ပေးခဲ့သည့် ကွမ်းကျုံးခက်သည်ပင်လျှင် သိုင်း ...ားထိပ်သီးများအား အနိုင်ယူလောက်အောင် အစွမ်းထက် ...သည် မဟုတ်ပါလား။

ကွမ်းကျုံးခက်သည် ဟန်ယိမ်းအားခဲးကြည့်ရင်း ရပ်ထဲ ဖော်မပြနိုင်အောင် ခံစားချက်များ ဖြစ်ပေါ်လာ၏။

လေးလုံဖင့်နှဲ့စသာခြေလှမ်းများဖြင့် ကျောခိုင်းကာ ထွက် လာခဲ့မိတော့သည်။

ရွှေလွှ ရှင်

---

လေဝေ့ ယမ်းတိုက်ခတ်လာ၏။

သစ်ရွက်ခြောက်လေးများ ကြွေကျလာ၏။

ကွမ်းကျုံးခက်သည် လမ်းပေါ် ကြွေကျနေသည့် သစ်ရွက် ခြောက်လေးများကိုနင်းရင်း ရွှေဆက်လျှောက်လာခဲ့၏။

အတားအဆီးတစ်ခုကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်ပါ၏၊ သို့ သော် သူ၏သက်မောင်း၌ ဒဏ်ရာတစ်ချက်ရလိုက်၏။

သူသည် အင်္ကျီအိတ်ထဲမှ ပဝါတစ်ထည်ကို ထုတ်ယူကာ ဒဏ်ရာကို စည်းနှောင်လိုက်၏။

ကြာပန်းတောင်ကုန်းသို့ မဖြစ်မနေ အရောက်သွားရမည် ဖြစ်ပါ၏။ သို့မှသာ ယန်းဖုံး၏အသက်ကို ကယ်တင်နိုင်လိမ့် မည် မဟုတ်ပါလား။

သူသည် ဟန်ယီမင်းကို မေ့ပစ်လိုက်ပြီး ခရှဆက်လျှောက်လာစဉ်မှာပင်—

'ဗိုး—'

'ဒုတ်....'

ရွှေရောင် အလင်းတန်းတစ်ခုသည် တောအုပ်ထဲမှ ပစ်ခွင်းလာပြီး သူ၏ခြေထောက်ရှေ့ မြေပြင်ပေါ်ဝယ် စိုက်ဝင်သွားလေ၏။

ကွမ်းကျုံးခက် ခြေလှမ်းရပ်လိုက်၏၊ မြေပြင်တွင် စိုက်ဝင်နေသည့်အရာကို ကြည့်လိုက်၏။

ရွှေရောင်တလက်လက် တောက်ပနေသော လှံတိုလေး ဖြစ်ပါတော့၏။

'ဟင်—ရွှေလှံရှင်'

သူ လှံ့ကိုခနဲရေရွတ်လိုက်၏၊

ထိုစဉ်—

'မင်းက ကျုပ်ကိုသိနေတယ်ဆိုတော့ မင်းကို ဆက်ညှာရမှာပေါ့လေ'

အေးတိအေးစက်စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ သူ လှမ်းကြည့်သောအခါ သစ်ပင်များနောက်မှ



ရွှေရောင်အဝတ်အစားများ ဝတ်ဆင်ထားသူ တစ်ယောက် လှမ်းထွက်လာသည်ကို တွေ့မြင်ရလေ၏။

ထိုသူမှာ သိုင်းထိပ်သီး လူထူးလူဆန်းခုနစ်ယောက်တွင် ပါဝင်နေသည့် ရွှေလှံရှင် ချန်းကုဝေဖြစ်ပါသည်။

ချန်းကုဝေကိုမြင်လျှင် သူ ဒေါပွသွား၏၊

'ခင်ဗျားကိုး၊ ကျုပ်က ခင်ဗျားကို တွေ့ချင်နေတာနဲ့ အတော်ပဲ'

ရွှေလှံရှင်ချန်းကုဝေက—

'ဘာလဲ၊ မင်းရဲ့သူငယ်ချင်းနှစ်ယောက်အတွက်မဟုတ်လား'

ကွမ်းကျုံးခက်က...

'မှန်လိုက်တာဗျာ၊ ခင်ဗျား အစမ္မစေစိုင်းခဲ့သို့ အမားတော် ဝမ်ပါရဲ့လက်ချက်နဲ့ ကျုပ်သူငယ်ချင်း တုရှောင်အင်း သေဆုံးသွားရပြီ'

ချန်းကုဝေက—

'မပူပါနဲ့လေ၊ ယန်းပုံးလဲ အသက်ရှင်နိုင်တော့မှာ မဟုတ်ပါဘူး'

'ဘာဗျ'

'မင်းတို့သုံးယောက်ကို ဆုံးမရင် ကျန်းဟိုဟာ သိုင်းလောကထဲကို ပြန်ဆင်းလာလိမ့်မယ် မဟုတ်လား'

'တောက်...'

ကွမ်းကျုံးခက်မှာ တက်ခေါက်ကာ လာပြန်ပြီတစ်ခေါက်ဟု စိတ်ထဲမှ ရေရွတ်မိသည်။

ချန်းကုဝေက—

'သိုင်းလောက ပထမတွဲအတွက် သိုင်းပြိုင်ပွဲတွေ ကျင်းပနေတာဟာ တကယ်တော့ ကျွန်းဟို နေမထိသိုင်းမှာသာဖြစ်လာအောင် မြှူဆွယ်နေတာပါပဲလေ၊ ခုတော့ ပြိုင်ပွဲတွေအားလုံးလဲ ပျက်စီးသွားပြီ၊ မင်းတို့လဲ သေသွားရတော့မယ်'

ကွမ်းကျုံးခက်က—

'ပြိုင်ပွဲဝင်မယ့် သိုင်းသမားတွေကို တိုက်တာဆိုက် လုပ်ကြနေတာဟာ ခင်ဗျားတို့လက်ချက်ပဲ မဟုတ်လား'

ချန်းကုဝေ ရယ်မောလိုက်သည်။

'မှန်တာပေါ့၊ သူတို့ကိုယ်သူတို့ သိုင်းလောက ပထမတွဲကို ရယူနိုင်မယ်လို့ ထင်နေကြတာ ဘယ်လောက်ရယ်စရာကောင်းသလဲ၊ ကျုပ်တို့ကိုတောင် ယှဉ်နိုင်တဲ့အရည်အချင်းမှ မရှိဘဲ သေသွားတာ ပိုမကောင်းဘူးလား'

ကွမ်းကျုံးခက်က....

'ဒါဆိုရင်လဲ အစကတည်းက ပြိုင်ပွဲတွေမလုပ်ဘဲနေလိုက်ရင် ပိုမကောင်းဘူးလား'



ချန်းကုဝေက....

'ကျွန်းဟို သိုင်းလောကထဲပြန်ပြီး ခြေချလာအောင် မြှူဆွယ်ဖို့ တမင်လုပ်ခဲ့တာလို့ ကျုပ်ပြောပြီးပြီလေ'

ကွမ်းကျုံးခက် မကျေမနပ်ဖြစ်သွားသည်။

'ခင်ဗျားတို့ ဘာကြောင့် အစ်ကိုကြီးကျွန်းဟိုအပေါ်မှာ ရန်ငြိုးထားနေကြတာလဲဗျ'

ချန်းကုဝေက လက်ကာပြ၏။

'မင်းမှားပြီ၊ ကျုပ်တို့က ရန်ငြိုးထားတာ မဟုတ်ဘူး၊ သိုင်းလောက ပထမတွဲအတွက် ယှဉ်ပြိုင်ချင်လို့ပါ'

'အစ်ကိုကြီးဟာ သိုင်းလောကကို ကျောခိုင်းသွားပြီပဲဗျ'

'ဒါ ကျုပ်တို့နဲ့မဆိုင်ဘူး၊ သူ့ကိုမနိုင်ရဘဲနဲ့ ဘယ်နည်းနဲ့မှ ပထမ မဖြစ်နိုင်ဘူးလို့ ကျုပ်တို့နားလည်ထားကြတယ်'

ကွမ်းကျုံးခက်က—

'ဒါတော့ ခင်ဗျားတို့သဘောပဲ၊ အစ်ကိုကြီးကတော့ သိုင်းလောကထဲ ပြန်ဆင်းလာတော့မှာ မဟုတ်ဘူးဗျ'

ချန်းကုဝေ ရယ်မောလိုက်၏။

'မပူပါနဲ့လေ၊ ကျွန်းဟို သိုင်းလောကထဲ ဆင်းလာအောင် လုပ်နိုင်တဲ့နည်းလမ်းကို ကျုပ်တို့ရှာလို့တွေ့ထားပါပြီ'

သူ-မျက်မှောင်ကြုတ်သွားပြီး…

'ကျုပ်တို့ကို တိုက်ခိုက်မယ်ဆိုတဲ့ သဘောလား'

ဟု မေးလိုက်၏။ ချန်းကုဝေ ခေါင်းညိတ်လိုက်၏။

'တုရှောင်အင်းရယ်၊ ယန်းဖုံးရယ်၊ ပင်းရယ်၊ အဲဒီ သုံးယောက်ကို ရှင်းပစ်ရင် ကျွန်းဟို မနေနိုင်တော့တဲ့ သိုင်းလောကထဲကို ဆင်းလာလိမ့်မယ်လို့ ကျုပ်တို့ နားလည်ထားကြပြီးပြီလေ၊ အထူးသဖြင့် မင်းကိုပေါ့'

'ကျုပ်'

'ဟုတ်ကယ်၊ မင်းဟာ ကျွန်းဟိုနဲ့ ညီရင်းအစ်ကိုလို ချစ်ခင်ကြတယ်မဟုတ်လား၊ မင်းကိုထိရင် ကျွန်းဟို ခံနိုင်မှာမဟုတ်ဘူးလို့ ကျုပ်တို့တွက်မိကြတယ်'

ကွမ်ကျုံးခက်က…

'ခင်ဗျားတို့ မှားနေပြီဗျ၊ ဘူးဆိုရင် ဖရုံမသီးတတ်တဲ့ အစ်ကိုကြီးအကြောင်းကို ကျုပ် ကောင်းကောင်းသိထားတယ် ခင်ဗျားတို့လုပ်ရပ်ဟာ အကျိုးရှိမှာမဟုတ်ဘူး'

ချန်းကုဝေက…

'ကိစ္စမရှိဘူး၊ မင်းတို့ကိုရှင်းပြီးရင် အဖြေ ပေါ်လာလိမ့်မယ်လို့ ငါတို့ယုံကြည်ထားတယ်'



ကွမ်ကျုံးခက် အံကြိတ်လိုက်၏။

'ထားပါတော့လေ၊ ကျုပ်ကလဲ အကောက်ကြံခဲ့တဲ့ ခင်ဗျားတို့နဲ့ စာရင်းရှင်းစရာရှိသေးတယ်'

ဟု ပြောလိုက်သည်။

'ဟား…ဟား…ဟား…ဟား'

ချန်းကုဝေက ဟားတိုက်ရယ်မောလိုက်ပြီး…

'ကောင်းပြီ၊ ကျုပ်တို့စာရင်းရှင်းလိုက်ကြတာပေါ့'

စကားဆုံးလျှင် ခါးကြားတွင်ထိုးထားသော ရွှေသွဲ့ကိုဆွဲထုတ်ကာ စတင်တိုက်ခိုက်လိုက်တော့၏။

✱

ကွမ်းကျုံးခက်သည် သိုင်းလောကနှင့် ဆယ်နှစ်တာမျှ အဆက်ပြတ်ခဲ့သော်လည်း၊ သူ၏သိုင်းပညာသည် ယုတ်လျော့သွားသဲ မကြာက်ခန်းလိလိတိုးတက်နေပြီဖြစ်သည်။

ကျွန်းဟို၏ မိုးမြေအက်ဝါးသိုင်းကွက်ကို သူက အပတ်အကုတ်မလေ့လာကာ ညက်ညက်ကျေကျေအောင် လေ့ကျင့်ထားခဲ့သည်မဟုတ်ပါလား။

လောကပေါ်တွင် ပြိုင်ဘက်ကင်းသော မိုးမြေလက်ဝါးသိုင်းပညာတတ်မြောက်သူဟူ၍ ကွမ်းကျုံးခက်နှင့် ကျန်းဟိုတို့နှစ်ယောက်သာ ကျန်ရှိနေကြပေတော့၏။

ချန်းကုဝေသည်လည်း ခေသူတစ်ယောက် မဟုတ်ပါ။

သူ၏ရွှေလှံပညာမှာ အစွမ်းထက်လှသဖြင့် သိုင်းထိပ်သီးလူထူးလူဆန်းတစ်ယောက်အဖြစ် ထင်ရှားကျော်ကြားခဲ့ခြင်းဖြစ်သည်။

'ယား'

ချန်းကုဝေက ညာသံပေးကာ ရွှေရောင် တဖိတ်ဖိတ်တောက်ပနေသော လှံတိုကိုကိုင်ကာ တရကြမ်း တိုက်ခိုက်လိုက်သည်။

ရွှေရောင်အလင်းတန်းများ ရိပ်ခနဲ ရိပ်ခနဲထွက်ပေါ်လာသည်။ ကွမ်းကျုံးခက်၏တစ်ကိုယ်လုံးသို့ လွှမ်းခြုံထားလိုက်သည်။

ရွှေလှံသည် မြွေဟောက် တစ်ကောင်ပမာ ဆတ်ခနဲ ဆတ်ခနဲတိုးထွက်ကာ တိုက်ခိုက်လာ၏။

ကွမ်းကျုံးခက် သတိကြီးစွာထားပြီး ပြန်လည်ခုခံရလေသည်။ ယခုတစ်ကြိမ် ကွမ်းကျုံးခက်သည် တုရှောင်ထင်းသေဆုံးခဲ့ရသည့် အဖြစ်ကြောင့် ခံပြင်းဒေါသထွက်နေပါသည်။



ယန်ယီခင်းနှင့်ယှဉ်ပြိုင်ခဲ့စဉ်ကကဲ့သို့မဟုတ်တော့ဘဲ မိုးမြေလက်ဝါးသိုင်းကျမ်းမှ အကောင်းဆုံးသိုင်းကွက်များကို ရွေးချယ်ကာ စိတ်ပါလက်ပါတိုက်ခိုက်လေသည်။

ထို့ကြောင့်....

သူ၏တိုက်ခိုက်မှုသည်လည်း ကြောက် မက် ဖွယ် ကောင်းအောင် အရှိန်အဟုန် ပြင်းထန်နေပါတော့သည်။

သူတို့နှစ်ယောက် တိုက်ခိုက်ရာမှ ထွက်ပေါ်လာသော အရှိန်ကြောင့် သစ်ရွက်များ တဖြုတ်ဖြုတ် ကြွေကျလာလေသည်။

ချန်းကုဝေနှင့် ကွမ်းကျုံးခက်တို့အား သူတစ်ပြန်ကိုယ်တစ်ပြန် ပြင်းထန်စွာ တိုက်ခိုက်နေကြဆဲ။

တိုက်ပွဲအချိန် ကြာမြင့်လာသောအခါ အခြေအနေမှာသိသိသာသာ ထင်ရှားပေါ်လွင်လာလေသည်။

ချန်းကုဝေသည် ရွှေလှံကိုကိုင်ကာ တိုက်ခိုက်နေသော်လည်း ပြင်းထန်စွာ ကျရောက်လာသည့် ကွမ်းကျုံးခက်၏လက်ဝါးသိုင်းကွက်များကိုမူ ကုန်စင်အောင် ဖယ်ရှားနိုင်ခြင်းမရှိတော့ချေ။

နောက်သို့ တစ်ဆုတ်သည်း ဆုတ်ပေးလိုက်ရတော့သည်။

ကွမ်းကျုံးခက်က…

'လူယုတ်မာကြီး၊ ခင်ဗျား ဘယ်ပြေးမလဲ'
ဟု ကြုံးဝါးကာ တရကြမ်း တိုက်ခိုက်လိုက်လျှင်….

'ဝုန်း'

'အား'

ဦးရှကျယ်အောင်အော အသံများ ထွက်ပေါ်လာသည်။ ချန်းကုဝေမှာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

'ဟား ဟား ဟား'

ကွမ်းကျုံးခက် ဟားတိုက်ရယ်မောလိုက်လေသည်။

တုရှောင်အင်းအား သေဆုံးသွားရသည်အထိ ဒုက္ခပေးခဲ့သော ချန်းကုဝေကို သူက အနိုင်ယူနိုင်လိုက်ပြီ ဖြစ်ပါသည်။

သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားသည့် ခရေပွင့်ခြံဝင်းပိုင်ရှင် ကောင်းလီ၊ လက်နက်ပုန်းဝိဇ္ဇာ ဟန်ယီ



စင်းနှင့် ရွှေလှရှင် ချန်းကုဝေတို့အား ကောင်းစွာ ရင်ဆိုင်အနိုင်ယူနိုင်လိုက်ခြင်းကြောင့် ကွမ်းကျုံးခက် အားတက်လာသည်။

သူ ဘတ်မြောက်ထားသည့် မိုးမြေဆက်ဝါး သိုင်းပညာအပေါ်၌ ပို၍ယုံကြည်စိတ်ချမှု ရှိလာလေသည်။

ချန်းကုဝေသည် ခန္ဓာကိုယ် အရှိန်ထိန်းကာ ရပ်လိုက်၏။ ဆက်ဝါးရိုက်ချက်တစ်ချက် ခံလိုက်ရသည်ဖြစ်၍ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျလာသည်။

ကွမ်းကျုံးခက်ကို မကျေမနပ် ကြည့်ရင်း….

'ကျွန်းဟိုဆီက သိုင်းပညာရသားတော့ မင်းက မာနတောင်လွှားနေတာပေါ့ ဟုတ်လား'

ဟု ပြောလေသည်။

ကွမ်းကျုံးခက် မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်သာ မာနထောင်လွှားခဲ့ရင် ခင်ဗျား သေသွားတာကြာပါပြီဗျာ'

'ဟွန်း… မင်းက ဘာများထက်နိုင်မှာမို့လဲ'

'စိတ်ချ၊ ခင်ဗျားကိုတော့ ကောင်းကောင်းကြီး ဆုံးမနိုင်သေးတယ်'

'ကြည့်ကြသေးတာပေါ့လေ'

ချန်းကုဝေသည် မြေပေါ်ကျနေသည့် ရွှေလှံကို ကောက်ယူလိုက်၏။

ထို့နောက်—

'ယား'

ညာသံပေးကာ ကြိုးပြတ်လာသည့် ကျဲရိုင်းတစ်ကောင်ပမာ ကွမ်းကျုံးခက် ထံသို့ တစ်ဟုန်ထိုး ပြေးဝင်လာလေတော့သည်။

ကွမ်းကျုံးခက် အံကြိတ်လိုက်သည်။

ရှောင်တိမ်းခြင်း လုံးဝမပြုဘဲ လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

ချန်းကုဝေက—

'သေပေတော့'

ဟု အော်ဟစ်ကာ လှံဖြင့် ထိုးသွင်းလိုက်လျှင်....

'ယား'

ကွမ်းကျုံးခက်ကလည်း ညာသံပေးကာ လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

အမှန်တော့ မိမိက လက်ဝါးဖြင့် ရိုက်ချလိုက်လျှင် ချန်းကုဝေသည် လှံကိုရုပ်သိမ်းကာ နောက်ဆုတ်သွားလိမ့်မည်ဟု ကွမ်းကျုံးခက် မျှော်လင့်ထားလေသည်။



လက်တွေ့တွင်မူ ထင်သလိုဖြစ်မလာပါချေ။

ချန်းကုဝေသည် ရှောင်တိမ်းခြင်း လုံးဝမပြုသည့်အပြင် ရွှေလှံဖြင့် ဆက်၍ထိုးသွင်းလာ၏။

မမျှော်လင့်ခြင်း အဖြစ်နှင့် ကြုံတွေ့လိုက်ရသောအခါ ကွမ်းကျုံးခက် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ယခုမှ ရှောင်တိမ်းဖို့လည်း မဖြစ်နိုင်တော့ပါ၊ တစ်ဒင်္ဂအချိန်လေး အတွင်းမှာပင် သူ၏လက်ဝါးသည် ချန်းကုဝေ၏ရင်ဝကို ရိုက်ချလိုက်ပြီး ချန်းကုဝေ ထိုးသွင်းလိုက်သော ရွှေလှံသည် သူ၏ဝမ်းဗိုက်၌ စိုက်ဝင်သွားလေတော့သည်။

'ဝုန်း'

'အား'

ဗူးရှကျွယ်လောင်သော အသံများ ထွက်ပေါ်လာသည်။ ချန်းကုဝေရော ကွမ်းကျုံးခက်ပါ မြေပေါ်လဲကျသွားလေသည်။

ခါဝေ့ယမ်း တိုက်ခတ်လာသည်။

ကျေးငှက်ကလေးတစ်ကောင်၏ အော်မြည်သံ ထွက်ပေါ်လာသည်။

ထိုငှက်ကလေးသည် တောလမ်းကလေး နံဘေးရှိ သစ်ကိုင်းတစ်ခုတွင် လာရောက်နားလိုက်ပြီး ရုတ်တရက် အဝေးသို့ပျံသန်းသွားလေသည်။

အကြောင်းကား—

မြေပေါ်၌ မလှုပ်မယှက် လဲကျနေသူ နှစ်ယောက်မှ လူတစ်ယောက်က လူးလိမ့်ထလာခြင်းကြောင့် ဖြစ်ပါသည်။

ထိုသို့ လူးလိမ့်ထလာသူမှာ ကွမ်းကျုံးခက် ဖြစ်ပါသည်။ ကွမ်းကျုံးခက်၏ ဝမ်းဗိုက်၌ သွေးချင်းချင်း နီရဲနေသည်။

ချန်းကုဝေ၏ လှံချက်ကြောင့် ဒဏ်ရာရသွားပြီ ဖြစ်လေသည်။

ကွမ်းကျုံးခက်သည် အသင့်ဆောင်ထားသော အသက်ကယ်ဆေးနှစ်လုံး ထုတ်ယူကာ တစ်လုံးကို သောက်ချလိုက်ပြီး ကျန်တစ်လုံးကို ခြေမွကာ ဒဏ်ရာတွင် သိပ်ထည့်ပေးလိုက်သည်။

ယိုစီးကျနေသော သွေးများ ချက်ချင်း တိတ်သွားလေသည်။



ကွမ်းကျုံးခက်သည် ဒယီးဒယိုင်ဖြင့် မတ်တပ်ရပ်ရင်း မလှမ်းကမ်း၌ ရှိနေသော ချန်းကုဝေကို လှမ်းကြည့်လိုက်၏။

ချန်းကုဝေ မလှုပ်မယှက် ရှိနေသည်။

သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည့် ရွှေလှံရှင် ချန်းကုဝေမှာ လောကကြီးအား ကျောခိုင်းစွန့်ခွာသွားပြီ တကား။

ကွမ်းကျုံးခက်သည် ချန်းကုဝေကို ကြည့်ရင်း မိမိ၏ဟာကွက်ကို သတိရလာလေသည်။

မိုးချမြလက်ဝါးသိုင်းပညာကို တတ်မြောက်ထားခြင်းကြောင့် သူ၏ သိုင်းပညာသည် ချန်းကုဝေထက် သာနေပြီဖြစ်သည်။

သို့တိုင်—

တစ်ဖက်လူ၏ သူ့အသက်ကိုယ်သော တိုက်ကွက်နှင့် ကြုံရသောအခါ သတိလက်လွတ် နှောင့်နှေးနေသဖြင့် ယခုလို ခံလိုက်ရခြင်း ဖြစ်ပေသည်တကား။

ကွမ်းကျုံးခက်သည် ချန်းကုဝေတို့ ကျောခိုင်းပြီး ဒယီးဒယိုင်ဖြင့် ပြေးထွက်လာခဲ့လေတော့သည်။

## ကျားလက်ဝါးစုအိမ်း

တောလမ်းကလေးသည် ကွေ့ကွေ့ကောက်ကောက် ရှိနေပါ၏။ စိမ်းလန်းသော သစ်တောကို ဖြတ်ကျော်ပြီးနောက် လွင်တီးခေါင်တစ်ခု ဖြစ်ပေါ်လာသည်။

ထိုလွင်တီးခေါင်၏အစ်ဖက်တွင် ပို၍စိမ်းလန်းသော တောအုပ်တစ်ခုကို တွေ့မြင်နေရ၏။

ကွမ်းကျုံးခက်သည် အားတင်းပြီး လွင်တီးခေါင်ကိုဖြတ်, ကျော်သွားခဲ့လေ၏။

သူ၏စိတ်ထဲ၌ ကြာပန်းတောင်သို့ အရောက်သွားနိုင်မှ ယန်းဖုံးအား ကယ်တင်နိုင်လိမ့်မည်ဟု ယုံကြည်သား၏။



ထို့ကြောင့် ရရှိထားသောဒဏ်ရာများကို အမှုမထားနိုင်ဘဲ ခရီးနှင်နေခြင်း ဖြစ်ပါ၏။

နေခြစ်ခြစ်တောက် ပူလောင်နေသော လွင်တီးခေါင်ကို ဖြတ်ကျော်လာရသဖြင့် တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်စို့ရွဲကာ မောလည်းမော ရေလည်းဆာလာ၏။

ရရှိထားသော ဒဏ်ရာများကလည်း ပိုပြီးနာကျင်လာသည်ဟု ခံစားရလေ၏။

ကွမ်းကျုံးခက်သည် အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်သို့ရောက်လျှင် ဟန်မဆောင်နိုင်တော့ဘဲ မြေပေါ်ထိုင်ချလိုက်ပြီး သစ်ပင်ကို ကျေးမှီကာ မျက်လုံးပိတ်ထားလိုက်လေ၏။

သူ၏မျက်လုံးထဲ၌ ကျွန်းဟိုနှင့် ကျောင်းမြို့စားတို့၏ပုံရိပ်များကို တစ်လှည့်စီမြင်ယောင်လာသည်။

ကျောင်းမြို့စားနှင့် ကျွန်းဟိုတို့၏ ပညာပြိုင်မှုတွင် သူသည် ...က်တွေ့အသုံးချခံရသလိုရှိနေသည် မဟုတ်ပါလား။ ကွမ်းကျုံးခက် အမောဖြေနေစဉ်မှာပင်....

'ဒုတ်'

ကျွယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာ၏။ တစ်စုံတစ်ခုသည်အရှိန်ပြင်းစွာပစ်ခွင်းလာပြီး ကွမ်းကျုံးခက် ကျော၏မှီထားသည့် သစ်ပင်ကြီး၌ စိုက်ဝင်သွားခြင်းဖြစ်သည်။

ကွမ်းကျုံးခက် ဆတ်ခနဲ ခေါင်းထောင်သွား၏။ မျက်လုံးဖွင့်ကာ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်လေသည်။

ထိုအခါ—

သစ်ပင်ထက်တွင်စိုက်ဝင်နေသော ရွှေရောင်လှံတိုလေးကို အံ့ဩဖွယ်ရာ တွေ့မြင်လိုက်ရ၏။

ကွမ်းကျုံးခက် ကြောင်အမ်းအမ်းဖြစ်သွား၏။

'ဟင်—'

ထိုရွှေလှံတိုလေးသည် ချန်းကုဝေ၏အထိမ်းအမှတ်ဖြစ်နေသည် မဟုတ်ပါလား။ ချန်းကုဝေသည် သူ၏လက်ချက်ကြောင့် အသက်ပျောက်သွားခဲ့ပြီဖြစ်ပါ၏။

ဤသို့ဆိုလျှင်—

ကွမ်းကျုံးခက် အတွေးရခက်နေစဉ် ခြေသံများထွက်ပေါ်လာပြီး လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရသည်။

✻



အနီရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်သည် ပန်းဥယျာဉ်အတွင်း လေညင်းခံထွက်လာသူပမာ လက်နှစ်ဖက် နောက်ပစ်ကာ ခြေတာလမ်းကလေးအတိုင်း ခြေလှမ်းကဲ့ကဲ့ဖြင့် လျှောက်လှမ်းလာ၏။

ကွမ်းကျုံးခက်နှင့် ခလှမ်းမကမ်းသို့ရောက်မှ ခြေလှမ်းရပ်တန့်လိုက်၏။

ကွမ်းကျုံးခက်သည် ထိုအဘိုးအိုအား မျက်ခွောင်ကြုတ်ကာ ကြည့်လိုက်လေ၏။ ထိုအဘိုးအိုကို သူတစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး မမြင်ဖူးခဲ့ပါချေ။ အဘိုးအိုကလည်း သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လာ၏။

ပြီးလျှင်....

'ကွမ်းကျုံးခက်ဆိုတာ မင်းလား'

ဟု မေးလာ၏။ ကွမ်းကျုံးခက် ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ခင်ဗျားက ရော ဘယ်သူလဲ၊ ရွှေလှံလေးကို ဘယ်က ရလာတာလဲ'

ဟု ပြန်မေးလိုက်၏။ အဘိုးအိုက—

'ချန်းကုဝေအလောင်းဘေးက ကောက်ယူလာတာလေ'

'ဩော်....'

'မင်းက ချန်းကူဝေကိုသတ်ပစ်လိုက်တာ ဟုတ်လား'

ကွမ်းကျုံးခက်က—

'သူဟာ ကျုပ်ကိုမယှဉ်နိုင်လို့ အရေးနိမ့်သွားတယ်ဆိုတာ ဝန်ခံလိုက်ရင် ခုလိုအဖြစ်ဆိုးနဲ့ ကြုံရလိမ့်မယ်မထင်ဘူး'

အဘိုးအို ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'သူကအောက်မကျော့လို့ မင်းက တိုက်ခိုက် သုတ်သင်လိုက်တယ်ဆိုပါတော့လေ'

'ဒါ အမှန်ပဲဗျ'

အဘိုးအိုက—

'တစ်ယောက်နဲ့တစ်ယောက် ယှဉ်ပြိုင်ကြပြီးမှ သူမသေရင် ကိုယ်သေရမှာပဲဟုတ်လား'

'ဗျာ—'

'ခင်းအသက်ရှင်ခဲ့တော့ သူသေသွားတာ မဆန်းပါဘူးလေ၊ တကယ်လို့သာ သူအသက်ရှင်နေမယ်ဆိုရင် သေသွားတဲ့လူဟာ မင်းပဲဖြစ်လိမ့်မယ်'

ကွမ်းကျုံးခက် ပါးစပ်ပိတ်ထားလိုက်၏။ အဘိုးအိုက—

'ဘာပဲဖြစ်ဖြစ် ခင်းအသက်ရှင်နေတာကို ငါဝမ်းသာပါတယ် ကွမ်းကျုံးခက်'



ကွမ်းကျုံးခက်က လက်နှင်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

'ကျေးဇူးပါပဲဗျာ'

အဘိုးအိုက...

'ကျေးဇူးတင်မနေစေနဲ့ဦး၊ ကျုပ်ဘယ်သူလဲဆိုတာရော မင်းသိလို့လား'

ကွမ်းကျုံးခက် မျက်မှောင်ကြုတ်ရင်း—

'ခင်ဗျားက'

'အေး— မသိရင်မှတ်ထား၊ ကျွားအက်ဝါးစုအိမ် ဆိုတာငါပဲ'

အဘိုးအို၏စကားကြောင့် ကွမ်းကျုံးခက်မှာ မကောင်းသော အတိတ်နိမိတ်များ ခံစားလိုက်ရသည်။

ကျွားလက်ဝါးအမည်ထင်ရှားသော စုအိမ်းသည် ချန်းကူဝေ၊ ဟန်ယီခင်း၊ ကောင်းလီတို့ကဲ့သို့ လူထူးလူဆန်း ခုနစ်ယောက်တွင် ပါဝင်သူဖြစ်နေသည်မဟုတ်ပါလား။ ယခု—

ကျွားအက်ဝါးစုအိမ်းက သူ၏ရှေ့သို့ရောက်ရှိလာရခြင်းမှာ အဘယ်ကြောင့် ဖြစ်သည်ကို တွေးဆော ဆင်ခြင်မိလိုက်လျှင် ကွမ်းကျုံးခက်မှာ မျက်နှာပျက်သွားလေသည်။

'လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်အချိန်က ကျုပ်ဟာ ကျွန်းဟိုနဲ့ ရင်ဆိုင်ခဲ့ဖူးတယ်၊ ကျုပ်အရေးနိမ့်သွားတယ်၊ ဒါကြောင့်လဲ ကျုပ်ရဲ့ပညာကို ဟာကွက်မရှိအောင်မွမ်းမံပြုပြင်ဆင်ပြီး ကျွန်းဟိုကို ရင်ဆိုင်ဖို့ စီစဉ်ခဲ့တယ်၊ ဒါပေမယ့်....'

ကွမ်းကျုံးခက်က...

'အစ်ကိုကြီးဟာ သိုင်းလောကထဲကို ဘယ်အသော့ဆင်းတော့မှာ မဟုတ်ဘူးဗျ'

ဟုပြောလိုက်၏။ စုအိမ်းက...

'သာမန်အတိုင်းဆိုရင် လူတိုင်းက မင်း တွေးသလိုတွေးတွေးလာကြတော့မှာပေါ့'

'ဘာဗျ...'

ကွမ်းကျုံးခက် ရင်ထိတ်သွား၏။ စုအိမ်းက...

'မင်းကိုရှင်းပြလိုက်ရင်တော့ သူ မဆင်းလာဘဲ မနေနိုင်တော့ပါဘူးကွာ'

ကွမ်းကျုံးခက် ခံပြင်းလာ၏၊

'ခင်ဗျားတို့ဟာ နာမည်ကြီး ဝါရင့် သိုင်းသမားကြီးတွေဖြစ်ပြီး ဘော်တော်ယုဘ်မာကြပါလား'



စုအိမ်းက....

'ဒါတော့ မင်းအဘောပဲလေ၊ ထင်ချင်သလို ထင်နိုင်ပါတယ်၊ ကျုပ်တို့ကတော့ အားလုံးပြင်ဆင်ပြီးကြပြီ၊ ကျွန်းဟိုနဲ့ တွေ့ရဖို့ပဲ ကျန်တော့တယ်'

ကွမ်းကျုံးခက်က...

'အစ်ကိုကြီးကို တွေ့ချင်ရင်မြောက်ပိုင်းဒေသကိုသွားပြီး ရှာကြပါဗျာ'

စုအိမ်းက...

'မင်းတစ်ယောက်လုံး ရှိနေမှတော့ သွားစရာ မလိုတော့ပါဘူး၊ ကျုပ်တို့အတွက် အဆင်ပြေသွားတာပေါ့'

ကွမ်းကျုံးခက် မကျေမနပ်ဖြစ်သွား၏။

'ကောင်းပြီလေ၊ ခင်ဗျားက ယှဉ်ပြိုင်ချင်တယ်ဆိုရင်လဲ မြန်မြန်သာ လာခဲ့ပေတော့'

ဟု စိန်ခေါ်လိုက်တော့သည်။

စုအိမ်းက...

'စိတ်ချ၊ ကျုပ် ဘယ်တော့မှ နောက်ဆုတ်ဘူးဆိုတာ မှတ်ထား'

စကားဆုံးလျှင် ရှေ့သို့ လျင်မြန်စွာ လျှပ်တစ်ပြက်တိုး လာပြီး လက်ဝါးနှစ်ဖက်ကို လက်နက်သဖွယ် အသုံးပြုကာ စတင်တိုက်ခိုက်တော့သည်။

စုအိမ်နှင့် ကွမ်းကျုံးခက်တို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ပြီး ဖြစ်သည်။

စုအိမ်သည် လက်နက်ကိုင်ဆောင်ခြင်း လုံးဝမရှိဘဲ လက်ဝါးနှစ်ဖက်ကို လက်နက်သဖွယ်အသုံးပြုကာ တိုက်ခိုက်လေ့ ရှိသူဖြစ်သည်။

သူ၏ လက်ဝါးရိုက်ချက်များသည် ကျောက်တုံးကျောက်ခဲ များကိုပင် ကြေမွသွားစေလောက်အောင် ပြင်းထန်သည်ဟု ကျော်ကြားသော အတွင်းအား အလွန်ကောင်းသူ ဖြစ်ရကား ကွမ်းကျုံးခက်မှာ သတိကြီးစွာထားပြီး ရင်ဆိုင်နေရသည်။

မည်သို့ဆိုစေ—

ကွမ်းကျုံးခက်သည် မိုးမြေလက်ဝါး သိုင်းပညာကို ကောင်းစွာ ကျွမ်းကျင်ထားပြီး ဖြစ်ပါသည်။



ထို့ကြောင့်....

လက်နက်ကိုင်ဆောင်ခြင်း မပြုကြဘဲ ယှဉ်ပြိုင်လိုက်ကြသောအခါ ကွမ်းကျုံးခက်သည် ကောင်းစွာ ခုခံနိုင်သည့်အပြင် ပြန်လည်တိုက်စစ်ဆင်နိုင်ခဲ့သည်။

လက်ဝါးပညာတွင် မိုးမြေလက်ဝါးပညာသည် ပြိုင်ဘက်ကင်းကြောင်း လက်တွေ့ပြသနိုင်သည်။

နှစ်ယောက်သား သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ရင်း သိုင်းကွက်နှစ်ဆယ် ကျော်လာသောအခါ....

'ယား—'

စုအိမ်သည် ညာသံပေးကာ ရှေ့သို့ ဝါးသုံးဆို တိုးဝင်လာပြီး လက်ဝါးနှစ်ဖက်ဖြင့် ကွမ်းကျုံးခက်၏ရင်ဝကို ရိုက်ချလိုက်သည်။

ကွမ်းကျုံးခက်သည် ခန္ဓာကိုယ်ကိုတွန့်လိမ်ကာ ပွတ်ကာသီကာ ရှောင်တိမ်းပေးလိုက်ပြီး....

'နောက်ဆုတ်လိုက်စမ်း'

ညာသံပေးကာ စုအိမ်၏ လက်ကောက်ဝတ်ကို လက်ဝါးစောင်းဖြင့် ခုတ်ချပစ်လိုက်သည်။ စုအိမ်၊ ရင်ထိတ်သွား၏။

သူ၏လက်ကို ကပျာကယာ ရုပ်သိမ်းဖို့ ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

'ခဖြောင်း—'

'အား—'

ပေါ်အုပ်အုပ်အသံများ၊ မသဲမကွဲ ညည်းတွားလိုက်သော အသံများ ထွက်ပေါ်လာသည်။

စုအိမ်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။ ကွမ်းကျုံးခက်ကလည်း ဆက်၍တိုက်ခိုက်ခြင်းမပြုဘဲ ရပ်တန့်လိုက်၏။

သူက စုအိမ်းကို အနိုင်ရ က်ပြီ မဟုတ်ပါလား။

တိုက်ပွဲ ပြီးဆုံးသွားပြီဖြစ်သည်။

တောလမ်းပေါ်တွင် လူနှစ်ယောက် မျက်နှာချင်းဆိုင်ရပ်နေကြသည်။ ထိုလူနှစ်ယောက်မှာ ကွမ်းကျုံးခက်နှင့် ကျားဆက်ဝါး စုအိမ်းတို့ ဖြစ်ကြသည်။

လေတိုက်ခပ်၍ သူတို့၏တဝတ်အစားများ လူးလွန့်သွားသော်လည်း စုအိမ်းတို့နှစ်ယောက်ကား တုတ်တုတ်မျှ မလှုပ်ကြချေ။

အတော်ကလေးကြာတော့မှ သက်ပြင်းချသံသဲ့သဲ့ ထွက်ပေါ်လာသည်။



စုအိမ်းက—

'ကျုန်းဟိုရဲ့ သိုင်းပညာဟာ နောင်လာမယ့်နှစ်ပေါင်း ရာထောင်ချီပြီးတော့ အတည်တံ့ ခိုင်မြဲနေမှာပဲ'

ဟု ရေရွတ်လိုက်၏။

ကွမ်းကျုံးခက်က—

'အစ်ကိုကြီးဟာ သိုင်းလောကထဲကို ဆင်းလာတော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် သူနဲ့ယှဉ်ပြိုင်မယ်ဆိုတဲ့ မျှော်လင့်ချက်ကို ရုပ်သိမ်းထားလိုက်ပါတော့ဗျာ'

စုအိမ်း ခေါင်းညိတ်လိုက်လည်း။

'ကျုပ် သဘောပေါက်ပါပြီ၊ ကျုန်းဟို သိုင်းလောကထဲကို ပြန်ဆင်းလာရင်လဲ ကျုပ်က သူ့ကို ဘယ်နည်းနဲ့မှယှဉ်နိုင်မှာ မဟုတ်တော့တာပဲ'

ကွမ်းကျုံးခက် ကျေနပ်သွားသည်။

စုအိမ်းက—

'ကျုပ်ဟာ နှစ်ပေါင်းများစွာ အပင်ပန်းခံခဲ့ရတာပါ၊ ကြိုးစားခဲ့ရတယ်၊ ဘာကြောင့်လဲဆိုရင် တစ်နေ့မှာ သိုင်းလောကရဲ့ ပထမဘွဲ့ထူးကို ရယူမယ်လို့ သန္နိဋ္ဌာန်ချထားတာကြောင့်ပဲ၊ ခုတော့....'

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။ ရှေ့ဆက် မပြောနိုင်တော့ဘဲ ဝမ်းနည်းကြေကွဲသည့်အသွင် ဆောင်လာသည်။ ကွမ်းကျုံးခက်က—

'ကဲ—ကျုပ်ကို သွားခွင့်ပြုပါဦးဗျာ'

ဟု ဆိုကာ ကျောခိုင်းလှည့်ထွက်လိုက်၏။ ထိုတဒင်္ဂအချိန်အတွင်းမှာပင် စုအိမ်း၏လက်တစ်ဖက် လှုပ်ရှားသွားသည်ကို တွေ့လိုက်ရ၏။

ကွမ်းကျုံးခက်သည် ရင်ထိတ်သွား၏။ ကပျာကယာလှည့်ကြည့်လိုက်သည်။ ထိုအခါ...

စုအိမ်းသည် သူ့အား တိုက်ခိုက်ခြင်းမပြုဘဲ သူ၏ငယ်ထိပ်ကိုသာလျှင် လက်ဝါးဖြင့်ဖိချကာ ကိုယ့်ကိုကိုယ် အဆုံးစီရင်လိုက်ခြင်းဖြစ်ကြောင်း တွေ့မြင်ရသည်။

'ခွပ်—'

အရိုးများ ကွဲအက်သွားသောအသံ ခပ်အုပ်အုပ်ထွက်ပေါ်လာသည်။ ထို့နောက်တွင်ကား....

'ဝုန်း'

စုအိမ်း မြေပေါ်လဲကျကာ အသက်ပျောက်သွားတော့သည်။



ကွမ်းကျုံးခက် သက်ပြင်းချလိုက်၏။

မည်တမတ္တသညာသားလျှင်ရှိလော သိုင်းလောက ပထမဆုဟူသည့် ဆုထူးအတွက် ရှေ့ဆက်မည်သို့သော အခက်အခဲတွေ၊ ဒုက္ခများနှင့်ကြုံတွေ့ရပေဦးမည်နည်းဟု တွေးတောကာ နွေးကွေးလေးလံသော ခြေလှမ်းများဖြင့် ရှေ့ဆက်လှမ်းသွားလိုက်မိတော့၏။

## သစ္စာဖောက်

တောအုပ်တစ်ခုကို ဖြတ်ကျော်ပြီးသောအခါ ရှေ့တွင် ချောင်းတစ်ခုက ကန့်လန့်ဖြတ် ဖြတ်သန်းစီးဆင်းနေသည်ကို တွေ့ရ၏။ ထိုချောင်းကလေး၌ ချောင်းကူးတံတားတစ်ခုရှိနေသည်။

တံတားမှာ အိုမင်းဟောင်းနွမ်းကာ ပျက်စီးယိုယွင်းနေပြီဖြစ်လေ၏။

ကွမ်းကျုံးခက်သည် ရှေ့ဆက်ခရီးနှင်လာရင်း ချောင်းကူးတံတားရှေ့သို့ရောက်လျှင် ခြေလှမ်းရပ်တန့်လိုက်သည်။

လမ်းတစ်လျှောက်တွင် သူ့အား လုပ်ကြံသတ်ဖြတ်လိုကြသူများနှင့် တစ်ယောက်ပြီး တစ်ယောက် ရင်ဆိုင်တွေ့ဆုံခဲ့ရပါသည်။



တို့ကြောင့်လည်း အန္တရာယ်သည် အချိန်မရွေး နေရာမရွေး ပေါ်ပေါက်လာနိုင်ကြောင်း အသိပေါက်ထားလေသည်။

ကွမ်းကျုံးခက်သည် ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်၏။ ချောင်းတံတား တစ်ဖက်တန်း၌ အိမ်အိုပျက်ကြီးတစ်လုံး ရှိနေသည်ကိုလည်းကောင်း၊ ထိုအိမ်အိုပျက်ထဲမှ မီးခိုးများ ထွက်ပေါ်နေသည်ကို လည်းကောင်း တွေ့မြင်ရလေ၏။

ကွမ်းကျုံးခက် ပြုံးလိုက်သည်။

အန္တရာယ်၏အငွေ့အသက်ကို သူကောင်းစွာခံစားမိလိုက်ခြင်းဖြစ်ပါသည်။ တစ်စုံတစ်ယောက်သည် အိမ်အိုပျက်ထဲမှနေပြီး သူ့အား စောင့်မျှော်နေလိမ့်မည် မဟုတ်ပါလား။

ကွမ်းကျုံးခက်သည် ချောင်းကူးတံတားကို ခပ်သွက်သွက် ဖြတ်ကျော်လိုက်သည်။

တံတားခင်းထားသော ပျဉ်ချပ်များသည် နှစ်ပရိစ္ဆေဒ ကြာမြင့်ဟန်ရှိပြီး ဆွေးမြေ့နေပြီဖြစ်သည်။

သို့သော်—

ကွမ်းကျုံးခက်က ကိုယ်ဖော့ပညာ အသုံးပြုကာ ဖြတ်သွားလိုက်ရာ ချောင်းတစ်ဖက်ကမ်းသို့ ချောချောမောမောပင် ရောက်ရှိသွားတော့သည်။

ကွမ်းကျုံးခက်သည် ခြေလှမ်းရပ်ကာ အိမ်အိုပျက်ကြီးကို အကဲခတ်ကြည့်လိုက်၏။

ဝန်းကျင်တစ်ခုလုံး ပကတိအေးချမ်းသာယာနေ၏။ ကျေးငှက် တိရစ္ဆာန်ကလေးများသည် သာသာယာယာ ပျော်မြူးနေကြ၏။

တောပန်းရိုင်းများသည် ငွားငွားစွင့်စွင့် ဖူးပွင့်နေကြသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည် ဆိုနိုင်၏။ အန္တရာယ်ဖြစ်စေနိုင်လောက်သော အကြောင်းခြင်းရာ တစ်စုံတစ်ခု မတွေ့ရပါချေ။

သို့သော်—

ပတ်ဝန်းကျင်ကို အရုပ်ဆိုးသွားစေသည့် အိမ်အိုပျက်ကြီး အထဲ၌ကား အန္တရာယ်ရှိလိမ့်မည်ဟု ကွမ်းကျုံးခက် ဆင်ခြင်မိလေသည်။

မည်သို့ဆိုစေ—

သူက နောက်ဆုတ် ရှောင်ကွင်းသွားဖို့ စိတ်မကူးပါချေ။ လာမည့်ဘေးကို ပြေးတွေ့လိုက်ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေတော့သည်။



ကွမ်းကျုံးခက်သည် တစ်ချက် အကဲခတ်ကြည့်လိုက်ပြီး အိမ်အိုပျက်ကြီးဆီသို့ လှမ်းသွားလိုက်သည်။

အိမ်အိုပျက်တံခါးမှာ ဟောင်းလောင်းဖြစ်ကာ တံခါးရွက်များ တွဲလောင်းကျနေ၏။

အိမ်အိုပျက်ရှေ့သို့ရောက်တွင် အတွင်းဘက်မှ မွှေးကြိုင်သော အသားကင်အနံ့များ ထွက်ပေါ်လာသည်။

အမှတ်မထင် ကွမ်းကျုံးခက် ဆာလောင်လာတော့သည်။ သူသည် ကြာပန်းတောင်သို့ ရောက်သွားလိုစိတ် ပြင်းပျနေခြင်းကြောင့် စားသောက်ဖို့ပင် မေ့လျော့နေခဲ့သည် မဟုတ်ပါလား'

ကွမ်းကျုံးခက်က တံခါးပေါက်ကို ဖြတ်ကျော်ကာ အိမ်အိုပျက်ထဲ လှမ်းဝင်လိုက်၏။

ဤတွင်—

မီးဖိုတစ်ခုဖိုကာ ယုန်တစ်ကောင်ကို မီးကင်နေသည့် အဘိုးအိုတစ်ယောက်အား တွေ့မြင်ရသည်။

အဘိုးအိုသည် အစိမ်းရောင်အင်္ကျီရှည် ဝတ်ဆင်ထားကာ မီးပုံတွင် ယုန်တစ်ကောင်ကို မီးကင်နေသည်။

ယုန်ကင်မှ ထွက်လာသော အမွှေးကြိုင်သည့် အနံ့အသက်များသည် ကွမ်းကျုံးခက်အား ပို၍ဆာလောင်စေသည်။

ကွမ်းကျုံးခက်က အဘိုးအိုနှင့် မလှမ်းမကမ်းတွင် ခြေလှမ်းရပ်ကာ…

'အဟမ်း'

ချောင်းဟန့်သံ ပေးလိုက်လေသည်။

သူ၏ ချောင်းဟန့်သံ ထွက်ပေါ်လာတော့မှ အဘိုးအိုသည် ထတိဝင်လာဟန်ဖြင့် လှည့်ကြည့်လာသည်။

ယခု—

အဘိုးအိုနှင့် ကွမ်းကျုံးခက်တို့ မျက်နှာချင်း ဆိုင်မိကြပြီ ဖြစ်သည်။

'ဟင်'

အဘိုးအို၏ မျက်နှာကို မြင်လိုက်ရလျှင် ကွမ်းကျုံးခက်လွတ်ခနဲ ရေရွတ်မိလေသည်။

အကြောင်းကား —



ထိုအဘိုးအိုသည် သူလုံးဝမျှော်လင့်မထားသော ကျင်းမြို့စား ဖြစ်နေခြင်းကြောင့်တည်း။

ကျင်းမြို့စား ပြုံးလိုက်သည်။

'မင်း ရောက်လာပြီကိုး'

ကွမ်းကျုံးခက်သည် လှုပ်ရှားနေသော စိတ်စဉ်ကို ချက်ချင်းပင် ပြန်ထည့်ထိန်း ချုပ်နိုင်သည်။

'ဟုတ်ပါတယ်ဗျာ'

ကျင်းမြို့စားက…

'မင်းက ကြာပန်းတောင်ကို သွားမလို့လား'

'ဟုတ်တယ်'

'မင်းရဲ့သူငယ်ချင်းအတွက် ကျုပ်ကိုသွားရှာပြီး တောင်းဝန်မလို့ မဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

ကျင်းမြို့စား သဘောကျစွာ ပြုံးလိုက်သည်။

'မင်းရဲ့ သူငယ်ချင်းအတွက် မစိုးရိမ်ပါနဲ့ကွာ၊ ဘာမှပူစရာမလိုတော့ပါဘူးကွ'

'ဗျာ'

'ကျုပ်က သူ့အပေါ် ဘယ်လိုမှ သဘောမထားတော့ပါဘူး'

ကွမ်းကျုံးခက်သည် ကျောင်းမြို့စားအား မယုံကြည်နိုင်စွာ ကြည့်မိသည်။

ကျောင်းမြို့စားသည် ပြဿနာအရပ်ရပ်ကို ဖန်တီးနေသူဟု သူ ကောင်းကောင်းကြီး သဘောပေါက်ထားပြီး ဖြစ်ပါသည်။

သူ့အပေါ်တွင် အဘယ်ကြောင့် ဤမျှသဘောကောင်းနေရပါသနည်း။

သူ့အပေါ်တွင် အဘယ်ကြောင့် ဤမျှသဘောကောင်းနေရပါသနည်း။ သူ တွေးတောနေစဉ်မှာပင်—

'မင်းရဲ့ သူငယ်ချင်းဟာ ကျုပ်အတွက် အရေးကြီးတဲ့သူမှ မဟုတ်တာပဲ'

ကျောင်းမြို့စားက ပြောလေသည်။

ကွမ်းကျုံးခက်က—

'ခင်ဗျားက ကျုပ်ကို လိုချင်တာပေါ့ ဟုတ်လား'

ဟု မေးလိုက်သည်။

ကျောင်းမြို့စား ခေါင်းခါယမ်းသည်။



'မဟုတ်ဘူး ကွယ့်'

'ဒါဖြင့်'

'ခုလောက်ဆိုရင် အခြေအနေ အရပ်ရပ်ကို မင်းသဘော ပေါက်နေလောက်ပါပြီ၊ ကျုပ်ပြောတာ မှန်ရဲ့လား'

ကွမ်းကျုံးခက် မဲ့ပြုံးပြုံးလိုက်သည်။

'သိပ်မှန်တာပေါ့ဗျာ၊ ခင်ဗျားဟာ ဘယ်လိုလူစားမျိုးဆိုတာလဲ ကျုပ်ကောင်းကောင်းကြီး သဘောပေါက်ထားပြီဗျ'

ကျောင်းမြို့စားက မပြုံးချေ။

အလွန်တည်ငြိမ် ရင့်ကျက်သော အသံဖြင့်....

'ဟုတ်တယ်၊ ငါတကယ်လိုချင်တာ ကျန်းဟိုပဲ'

ဟု ပြောလေသည်။

ကွမ်းကျုံးခက်က—

'အစ်ကိုကြီးကို ခင်ဗျား ဘယ်တော့မှ မရနိုင်ဘူးဆိုတာမှတ်ထားပါဗျာ'

ကျောင်းမြို့စားက—

'မင်း သေချာရဲ့လား'

'သိပ် သေချာတာပေါ့ဗျာ'

ကျောင်းမြို့စားသည် သည့်စကားကို ရပ်တန့်ကာ မီးပုံပေါ်မှ ယုန်ကင်ကို ချလိုက်သည်။

'ကျုပ်မှာ အရက်တစ်အိုးနဲ့ ယုန်ကင်တစ်ကောင်ရှိရင် မင်းစားဦးမလား'

ဟု မေးလာသည်။

ကွမ်းကျုံးခက် ခေါင်းခါလိုက်၏။

မှန်ပေသည်။

ကျောင်းမြို့စား၏ မျက်နှာကို တွေ့မြင်လိုက်သည်နှင့် ဆာလောင် မွတ်သိပ်မှုများ ပျောက်ကွယ်သွားပြီ မဟုတ်ပါလား။

ကျောင်းမြို့စားက ယုန်ကင်ကို တစ်ဖဲ့ဖဲ့စားရင်း...

'သိုင်းလောကကြီးကို ကြည့်စမ်းပါ၊ ဘယ်လောက် စိတ်ပျက်စရာ ကောင်းသလဲဆိုတာ တွေ့လာရလိမ့်မယ်၊ ကျုပ်ပြောတာကို မင်းသဘောကျမယ် မဟုတ်လား'

ကွမ်းကျုံးခက်က...

'သိပ်မှန်တာပေါ့ဗျာ၊ အော့နှလုံးနာစရာ ကောင်းလောက်ကို ဖြစ်နေတာပဲဗျ'

ကျောင်းမြို့စားက...



'အနှစ်မရှိတဲ့တောမှာ ကြက်ဆူပင်မင်းမူ ဆိုတဲ့စကားလို ပေါ့၊ သိုင်းလောကသားတွေဟာ ကိုယ့်ကိုကိုယ် အထင်ကြီး တစ်ခွဲသားနဲ့ ရှိနေကြပေမယ့် လက်တွေ့မှာတော့ ဘာမှအသုံး မကျဘူးလေ၊ ဒါကြောင့်လဲ သိုင်းလောကပထမတွဲကို ရယူ မယ်လို့ ကြွေးကြော်နေသူတွေဟာ ရှေ့မလှ လုပ်ကြံခံရတာပေါ့၊ လူတို့မှာသာ တကယ်အရည်အချင်းရှိကြမယ်ဆိုရင် လုပ်ကြံခံရ စရာအကြောင်း ရှိပါ့မလား၊ မင်းကော ဘယ်လိုထင်တာလဲ'

ကွမ်းကျုံးခက်က အဖြေမပေးတဲ့...

'လုပ်ကြံမှုတွေရဲ့ လက်သည်တရားခံဟာ ခင်ဗျားပဲမဟုတ် လားဗျ၊ ကျုပ် အားလုံးသိပြီးပြီ'

ဟု ပြောလိုက်သည်။ ကျောင်းစား သက်ပြင်းချလိုက်၏။

'အရည်အချင်းမရှိတဲ့ဟန်ဆောင်ကြွားဝါနေတဲ့လူတွေ ရှေ့ မလှ ဇာတ်သိမ်းသွားကြတာကို ကျုပ် ဘယ်လိုမှ သနားတာ မထားပါဘူး၊ တကယ်ပညာရှင်ဆိုတာ အင်မတန်ရှားပါးတယ် ဆိုတာလဲ ကျုပ် ကောင်းကောင်းကြီး သဘောပေါက်ထား ပါပြီလေ'

ကွမ်းကျုံးခက်က....

'ခင်ဗျားရဲ့ လျှို့ဝှက်ဂိုဏ်းကို သိုင်းလောကသားတွေ ခွင့် လွှတ်ကြမှာ မဟုတ်ဘူးဗျ'

သူတို့နှစ်ယောက်သည် ကိုယ်ပြော ချင်ရာကိုသာ ပြောနေကြသလို ရှိပါတော့သည်။

ကျောင်းမြို့စားအေ…

'ကျုပ်ရဲ့မျက်စိထဲမှာတော့ လောကပေါ်မှာ ထကယ် ပညာရှင်အစစ်ဟာ တစ်ယောက်တည်းပဲ ရှိလိမ့်မယ်၊ ကျုပ်အားကိုးကိုလိုတယ်ဆိုတာ မင်းရိပ်မိမှာပေါ့'

ဟု မေးလာသည်။

ကွမ်းကျုံးခက်က…

'ခင်ဗျားဟာ အစ်ကိုကြီးကျွန်းဟိုပြောနေတာမဟုတ်လား'

ဟု ပြန်မေးလိုက်သည်။

ကျောင်းမြို့စား ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်းဟိုကလွဲပြီး တယ်သူမှ မရှိနိုင်တော့ပါဘူး'

ကွမ်းကျုံးခက်က…

'အစ်ကိုကြီးက ခင်ဗျားကိုတောင် ဆုံးမအနိုင်ယူခဲ့သေးတာပဲလေ၊ ဒါပေမယ့် သူဟာ သိုင်းလောကကို ကျောခိုင်းလိုက်ပြီဆိုတော့ ခင်ဗျားရဲ့ ချီးကျူးစကားကို ကြားနိုင်တော့မှာ မဟုတ်ပါဘူး'



ဟု ပြောလိုက်၏။ ကျောင်းမြို့စား လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။ မျက်နှာတစ်ခုလုံးလည်း ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်တင်းမာသွား၏။

ကွမ်းကျုံးခက်ကို စားမတတ်ဝါးမတတ် စိုက်ကြည့်ရင်း…

'ကျုပ်ရဲ့ပညာဟာ ကျွန်းဟိုထက် သာတယ်ဆိုတာ မင်းမကြာခင်သိရလိမ့်မယ်'

ဟု ပြောလေသည်။

'ဟား ဟား ဟား'

ကွမ်းကျုံးခက်က ခွက်ထိုးခွက်လန် ရယ်မောလိုက်၏။ ကျောင်းမြို့စား ကြွမြီးတိုသွားသည်။

'ခင်း ဘာရယ်တာလဲ'

'သဘောကျလို့ပါဗျာ'

'ဘာကွ'

'ခင်ဗျားဟာ အစ်ကိုကြီးကိုခယှဉ်နိုင်လို့ ရှုံးနိမ့်ခဲ့ပြီးတာတောင်မှ အသံမလျော့သေးတာကို သဘောကျလို့ ပေါ့ဗျာ'

အမှန်တော့ ကွမ်းကျုံးခက် တမင် ပြောပစ်လိုက်ခြင်းဖြစ်သည်။ ကျောင်းမြို့စားအား လှန်စွာမှန်းတီးနေပြီမဟုတ်လား။ ကျောင်းမြို့စား ဒေါသထွက်သွားလေသည်။

'စိတ်ချ—ဒီတခါ ပါ ကျွန်းဆွဲကို သုံးမပြမယ်ဆိုတာ မင်းမှတ်ထားပါ'

'အစ်ကိုကြီးမှ သိုင်းလောကထဲကို မဆင်းတော့တာ ဘယ်လိုလုပ်ပြီး ခင်ဗျားဆုံးမနိုင်မှာလဲ'

'စိတ်ချ၊ သိုင်းလောကထဲ သူ ဆင်းကိုဆင်းလာစေရမယ်'

ကွမ်းကျုံးခက်က—

'သူ ဆင်းလာပြီဆိုရင်လဲ ခင်ဗျားမလွယ်ပါဘူး'

ကျောင်းမြို့စားက—

'ကိစ္စမရှိဘူး၊ အဲဒီအချိန်ရောက်မှ ဘယ်သူ ပညာပိုသာသလဲဆိုတာ ကြည့်ကြရသေးတာပေါ့'

စကားသုံးလျှင် ထိုင်ရာမှထလိုက်သည်။

ကွမ်းကျုံးခက် သတိထားနေလိုက်သည်။

ကျောင်းမြို့စား တိုက်ခိုက်လာပါက ပြန်လည် တိုက်ခိုက်နိုင်ရန်လည်း အသင့်ပြင်ထားလိုက်၏။

သို့သော်—

ကျောင်းမြို့စားသည် တိုက်ခိုက်ရန် ကြိုးစားခြင်းမရှိချေ။



'ကျုပ်ဘို့ ပြန်တွေ့ကြသေးတာပေါ့၊ မင်းရထားတဲ့ဒဏ်ရာ ဟွေကိုလဲ ဂရုစိုက်ပါ၊ မင်းရဲ့အစ်ကိုကြီး ရောက်လာတော့မှ မင်း တစ်ခုခုဖြစ်သွားတယ်ဆိုတာ သိရရင် စိတ်မကောင်းဖြစ်နေပါဦးမယ်'

ဟု ပြောလေ၏။ ထို့နောက်—

ဘာကိုမှအမှုမထားတော့ဘဲ အိမ်အိုပျက်ထဲမှ လှမ်းထွက်သွားလေတော့၏။

ကျောင်းမြို့စား ထွက်သွားပြီဖြစ်လေသည်။ ကွမ်းကျုံးခက် ဒေါပွသွားသည်။

သိုင်းလောကၡ ပေါ်ပေါက်နေသော ပြဿနာအမျိုးမျိုးနှင့် လျှို့ဝှက်ဂိုဏ်းအားဖန်တီးခဲ့သူမှာ ကျောင်းမြို့စားဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပြီ ဖြစ်သည်။

ကျောင်းမြို့စားသည် ကျွန်းဟိုနှင့် သိုင်းပညာယှဉ်ပြိုင်နိုင်ရေးကို အဓိကထားကာ ထင်သလို ပြုမူဆောင်ရွက်ခဲ့သည် မဟုတ်ပေ

လား။ ကျောင်းမြို့စား၏ လုပ်ရပ်များကို လက်ပိုက်ကြည့်နေ၍ မဖြစ်တော့ပါ။

'ရပ်လိုက်'

ကွမ်းကျုံးခက်က အော်ပေါက်ကာ အိမ်အိုပျက်အပြင်ဘက်ကို ခုန်ထွက်လိုက်၏။

သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ တစ်ဟုန်ထိုး တိုးထွက်ကာ အိမ်အိုပျက်အပြင်ဘက်သို့ ရောက်ရှိသွား၏။

သို့သော်—

မြေပေါ်ခြေချမိပြီး ပတ်ဝန်းကျင်၌ ရှာဖွေကြည့်လိုက်လျှင် ကျောင်းမြို့စားကို မတွေ့ရတော့ပါ။

'ဟင်—'

ကွမ်းကျုံးခက် ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။ တစ်ဒင် အ နံ့အတွင်းမှာပင် ကျောင်းမြို့စားပျောက်ကွယ်သွားခဲ့သည် မဟုတ်ပါလား။

'တောက်—ခင်ဗျား ဘယ်ပြေးမလဲ'

ကွမ်းကျုံးခက်သည် တောက်ခေါက်ရင်း ကျောင်းမြို့စားအား လိုက်လံရှာဖွေရန် ဟန်ပြင်လိုက်လေ၏။

ထိုစဉ်—



'ကွမ်းကျုံးခက်'

ခေါ်သံတစ်ချက် ထွက်ပေါ်လာ၏။ ကွမ်းကျုံးခက် လှည့်ကြည့်လိုက်သောအခါ လူတစ်ယောက် ပြေးလာနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူကိုမြင်လျှင်....

'ဟင်—ယန်းဖုံး'

ဟု လွှတ်ခနဲ ခေါ်လိုက်မိသည်။ ကွမ်းကျုံးခက် ဖော်မပြနိုင်အောင် ဝမ်းသာသွားလေသည်။ ယန်းဖုံးအား အကောင်းပကတိ ပြန်တွေ့လိုက်ရသည် မဟုတ်ပါလား။

'ယန်းဖုံး—မင်း ဘာမှမဖြစ်ဘူးနော်'

ဟု ဆီး၍မေးလိုက်၏။ ယန်းဖုံးက—

'ဘာမှမဖြစ်ပါဘူးကွ၊ ဘာလဲ ငါ့အတွက် စိုးရိမ်နေတာလား'

'ဟုတ်တယ်လေ၊ ကြာပန်းတောင်မှာ မင်းသွားပြီးယှဉ်ပြိုင်မယ်ဆိုရင် ငါစိတ်မချနိုင်ဘူးကွ'

ယန်းဖုံးက ရယ်မောလိုက်၏။

'မပူပါနဲ့ကွာ၊ သူနဲ့ငါ ယှဉ်ပြိုင်ဖြစ်တော့ပါဘူး'

'ဟေ…'

ကွမ်းကျုံးခက် အံ့သြသွားလေသည်။ ယန်းဖုံးကိုစိုက်ကြည့်ရင်း…

'ဘယ်လိုဖြစ်တာ ပြောစမ်းပါဦး'

ဟု မေးလိုက်၏။ ယန်းဖုံးက…

'ဘာဖြစ်ရမလဲ သူလိုချင်တာက ငါမှမဟုတ်ဘဲ'

'ဩော်…'

'သူက မင်းကိုလိုချင်နေတာလေ၊ မင်းဟာ အစ်ကိုကြီးဆီကနေပြီး မိုးမြေလက်ဝါးသိုင်းကျမ်းကို ရခဲ့တယ်နော်'

ကွမ်းကျုံးခက် အက်ပြင်းချလိုက်၏။

'ဟုတ်ပါတယ်ကွာ၊ ဘယ်သူ့ကိုမှမပြောရဘူးလို့ အစ်ကိုကြီးက မှာခဲ့တာကြောင့် မင်းတို့ကိုတောင်အသိမပေးနိုင်ခဲ့တာပါ'

ယန်းဖုံးက…

'ဆယ်နှစ်လုံးလုံး မင်းပျောက်သွားတာ မိုးမြေလက်ဝါးသိုင်းကို သွားပြီးလေ့ကျင့်နေတာ မဟုတ်လား'

ကွမ်းကျုံးခက် ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်'

ယန်းဖုံးက…

'ကွမ်းကျုံးခက်… ငါတို့ဟာလဲ ဘဝကို သိုင်းလောကမှာ …ပ်နှံထားတဲ့လူတွေပါ၊ ပြီးတော့ ညီရင်းအစ်ကိုလိုချစ်ကြတဲ့ …ငယ်ချင်းတွေပဲ မဟုတ်သား'

ကွမ်းကျုံးခက်က….

'ဟုတ်တယ်လေ'

ယန်းဖုံးက….

'ဒါဖြင့် မင်းရထားတဲ့မိုးမြေသိုင်းကျမ်းကို ငါတို့ကို ဘာ…ကြောင့် မျှဝေမပေးနိုင်တာလဲ'

ကျန်းဟို၏ မိုးမြေလက်ဝါးသိုင်းပညာကို သိုင်းလောက…တစ်ခုလုံး စိတ်ဝင်စားနေကြသည့်နည်းတူ ယန်းဖုံးလည်း စိတ်…ဝင်စားနေကြောင်း ထင်ရှားလေသည်။

ကွမ်းကျုံးခက်က….

'မပေးချင်လို့မဟုတ်ပါဘူး၊ အစ်ကိုကြီးက ငါတစ်ယောက်…ည်းပဲ လေ့လာရမယ်လို့ မှာသွားလို့ပါ'

ဟု ပြောလိုက်သည်။

ယန်းဖုံး မခံချမနုပ်ဖြစ်သွားလေသည်။

'ဒါတော့ အစ်ကိုကြီး မဟုတ်ဘူးထင်တယ်'

ကွမ်းကျုံးခက်က...

'အစ်ကိုကြီးကိုတော့ ဒီလိုမပြောပါနဲ့ကွာ'

ယန်းဖုံးက....

'ငါက သူ့ကိုအပြစ်တင်တာမဟုတ်ပါဘူး၊ ငါတို့လဲရှိလျက် အားနဲ့ မင်းကိုပဲ ကွက်ပြီးပေးခဲ့တယ်ဆိုတော့ ငါတို့ ဘယ်လို ခံစားရမယ်ဆိုတာ စဉ်းစားလို့ပေါ့'

ကွမ်းကျုံးခက်က....

'အစ်ကိုကြီးဟာ သူ့ရဲ့ပညာကိုလျှို့ဝှက်ထားချင်တဲ့သဘော ရှိတယ်လေ၊ ဒါလဲ မဆန်းပါဘူးဗျာ'

ယန်းဖုံး လက်ကာပြလိုက်သည်။

'နေဦး၊ မင်းကိုမေးစရာရှိသေးတယ်'

ကွမ်းကျုံးခက်က...

'ဘာမေးမလို့လဲ'



ယန်းဖုံးက...

'အစ်ကိုကြီးဟာ သိုင်းလောကကိုကျောခိုင်းသွားတဲ့နေခက် တယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူးဆိုတာ တကယ်ပဲ လား'

ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွားပြီ...

'မလာတော့ဘူးလို့ ငါယုံကြည်တယ်၊ ဘာဖြစ်လို့လဲ'

ယန်းဖုံးက...

'အစ်ကိုကြီးက သိုင်းလောကကိုပြန်ပြီးခြေချလာတော့မှာမှ မဟုတ်တာဘဲ၊ မင်းဆီက မိုးမြေလက်ဝါးသိုင်းကျမ်းကို ငါ့ကို ကောလေ့လာခွင့်ပြုလို့လဲ သူသိနိုင်မှာမှမဟုတ်ဘဲ'

'ဟာ...ဒါတော့မဖြစ်နိုင်ဘူးထင်တယ်'

'ဘာဖြစ်လို့လဲ'

'အစ်ကိုကြီးက ဘယ်သူ့ကိုမှ အသိမပေးရဘူးလို့မှာသွား တာ'

'ဖြစ်ရလေကွာ၊ မင်းမှာ မိုးမြေလက်ဝါး သိုင်းကျမ်းရှိ တာကို အားလုံးသိနေကြပြီပဲ'

'ငါ...'

'သူငယ်ချင်း ငါ့ကိုလဲ စေ့လာခွင့်ပြုမယ် မဟုတ်လား'

ကွမ်းကျုံးခက် ဆက်ဖွင့်ချလိုက်သည်။

'စိတ်မဆိုးပါနဲ့သူငယ်ချင်း၊ မဖြစ်နိုင်ဘူးလို့ ငါပြောချင်တယ်'

'ဟင်'

'အစ်ကိုကြီးကို ငါကတိပေးထားတာကြောင့် သူမသိနိုင်ပေမယ့် ကတိမဖျက်ချင်ဘူး'

'မင်း'

ယန်းဖုံး မျက်နှာပျက်သွားသည်။

ကွမ်းကျုံးခက်ကို စိုက်ကြည့်ရင်း....

'မင်း...မင်း...ဟာ ဘယ်လိုလုပ်ပြီး သူငယ်ချင်းကောင်းပီသတော့မှာလဲ'

ဟု ခနဲ့လေသည်။

ကွမ်းကျုံးခက်က....

'ငါက အစ်ကိုကြီးကို ကတိပေးထားလို့ မဖြစ်နိုင်တာပါကွာ၊ ငါ့အပေါ်နားလည်စေချင်တယ်'

ယန်းဖုံး ခေါင်းခါယမ်းလိုက်သည်။



'ဘာမှ နားလည်စရာမလိုဘူး၊ မင်းဟာ တစ်ကိုယ်ကောင်းသမားပဲ'

'ဟင်'

'ဒီမှာ ကွမ်းကျုံးခက်၊ မိုးမြေလက်ဝါး သိုင်းပညာကို ငါရရင် ကောင်းတဲ့ဘက်မှာအသုံးပြုလိမ့်မယ်လို့များ မင်းထင်နေသလား'

ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'ငါမထင်ပါဘူး၊ မင်းဟာ သိုင်းလောကအကျိုး၊ အများအကျိုး ဆောင်ရွက်နေသူပဲမဟုတ်လား'

ယန်းဖုံးက....

'မင်းသိပါလျက်နဲ့ ဘာကြောင့်မပေးနိုင်ရတာလဲ'

ကွမ်းကျုံးခက် ပါးစပ်ပိတ်ထားလိုက်၏။

ယန်းဖုံးက ဆက်ပြောလိုက်သည်။

'မိုးမြေလက်ဝါး သိုင်းပညာကိုရရင် ငါဟာ အများအကျိုး၊သိုင်းလောကအကျိုးကို ခုထက်ပိုပြီး မဆောင်ရွက်နိုင်ဘူးလား'

ကွမ်းကျုံးခက်က—

'မင်းပြောတာ မှန်ပါတယ်'

ယန်းဖုံးက—

'မှန်တယ်ဆိုတာကို မင်းသိပါလျက်နဲ့ ဘာကြောင့်မခပေး နိုင်ရတာလဲ'

ကွမ်းကျုံးခက်က—

'ကောင်းပြီ၊ ကျောင်းမြို့စားနဲ့ပတ်သက်တဲ့ကိစ္စကိုဖြေရှင်းပြီး ရင် မင်းနဲ့ငါ မြောက်ပိုင်းကိုသွားကြတာပေါ့'

'ဘာသွားလုပ်ရမှာလဲ'

'အစ်ကိုကြီးကိုလိုက်ရှာကြမယ်လေ၊ အစ်ကိုကြီးဆီမှာ ခွင့်တောင်ပြီး မိုးမြေရှောက်ဝါး သိုင်းပညာကို သင်ယူကြတာ ပေါ့'

ယန်းဖုံးက—

'အစ်ကိုကြီး ဘယ်မှာနေတယ်ဆိုတာ မင်းသိလို့လား'

'ငါ—'

'မဖြစ်နိုင်တာ ပြောမနေစမ်းပါနဲ့၊ ကဲ—မင်းဆီက သိုင်း ကျမ်း ငါ့ကိုပေးစမ်းပါ'



ကွမ်းကျုံးခက် ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ပါဘူး'

ယန်းဖုံးက—

'မင်းမခပေးနိုင်ဘူးလား'

'ယန်းဖုံးရယ် ဘယ်လိုမှမဖြစ်နိုင်လို့ပါ'

ကွမ်းကျုံးခက်က ငြင်းဆန်လိုက်သည်။

ယန်းဖုံး အံကြိတ်လိုက်သည်။

'မင်း ဒီလောက်သဘောထားသေးမယ်လို့ ငါမထင်ဘူး'

'ယန်းဖုံး၊ ငါက'

'တော်ပြီ၊ ဘာမှ မပြောနဲ့တော့၊ ဒီကနေ့ကစပြီး မင်းနဲ့ ငါဟာမှ ပတ်သက်စရာအကြောင်း မရှိတော့ဘူး'

ယန်းဖုံး၏စကားကြောင့် ကွမ်းကျုံးခက် စိတ်ထိခိုက်သွား လေသည်။

ညီရင်းအစ်ကိုပမာ ချစ်ခင်တွယ်တာခဲ့ကြသူများလည်း ယခု တော့ စိတ်ဝမ်းကွဲရတော့မည် မဟုတ်ပါလား'

ယန်းဖုံးက—

'ကွမ်းကျုံးခက် မင်းကို ငါဘယ်တော့မှ မမေ့နိုင်ဘူးဆို တာ မှတ်ထားပါ'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ထို့နောက် ချာခနဲ လှည့်ကာ ထွက်သွားသည်။

ကွမ်းကျုံးခက် မနေနိုင်တော့ပါ။

'ယန်းဖုံး နေပါဦးကွ'

ဟု တန့်တားရင်း ပြောသွားသည်။

ယန်းဖုံး အနီးသို့ ရောက်သောအခါ ယန်းဖုံး၏ပခုံးကိုလှမ်း ဆွဲလိုက်၏။

ဤတွင် မမျှော်လင့်သော အဖြစ်အပျက် ပေါ်ပေါက်လာ တော့သည်။

❦



'ယန်းဖုံး နေပါဦးကွ'

ကွမ်းကျုံးခက်က ယန်းဖုံး၏ ပခုံးကိုဆွဲကာ ဟန့်တား လိုက်၏။

ထိုစဉ်မှာပင်...

'သွားစမ်း'

ယန်းဖုံးသည် ချာခနဲ လှည့်လာ၏။

သူ၏လက်ထဲ၌ ဓားမြှောင်တစ်လက် ပါသည်ကို တွေ့ရ သည်။

ထိုဓားမြှောင်ဖြင့် ကွမ်းကျုံးခက်၏ ရင်ဝကို ထိုးစိုက်ချ လေသည်။

မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ကွမ်းကျုံးခက် မရှောင်နိုင်တော့ပါချေ။

'အား'

စူးရှစွာ အော်ဟစ်ရင်း မြေပုံပေါ် ပုံလျက်သား လဲကျသွား တော့သည်။

❦

'ဟား ဟား ဟား ဟား'

ယန်းဖုံး၏ ဟားတိုက်ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်သည်။

သူ၏ လက်ထဲ၌ ဓားမြှောင်တစ်လက် ကိုင်ထားပြီး ထိုဓားမြှောင်မှ သွေးများစွန်းထင်း ကျနေသည်။

ကွမ်းကျုံးခက်က မြေပေါ်တွင် လူးလိမ့်နေသည်။

ကြိုးစားအားထုတ်ယူကာ မတ်တတ်ရပ်လိုက်သည်။



သူ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲကာ ဒယီးဒယိုင် ဖြစ်နေပါသည်။

ယန်းဖုံးကို မယုံကြည်နိုင်စွာ ကြည့်ရင်း....

ဟု မချိတင်ကဲ ပြောလိုက်သည်။

ယန်းဖုံးက—

'ခင်းက သိုင်းကျမ်းမပေးဘူးဆိုတော့လဲ ဒါက ဖြစ်တဲ့နည်းနဲ့ ရအောင်ယူရမှာပေါ့ကွာ'

'မင်း....မင်း'

'ခုမှတော့ မထူးဘူး၊ မင်း သေဖို့သာပြင်ထားပေတော့'

စကားဆုံးလျှင် ယန်းဖုံးသည် ဓားမြှောင်ကို ဝှေ့ယမ်းကာ တိုက်ခိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်၏။

'မလုပ်နဲ့'

ကွမ်းကျုံးခက်က အထိတ်တလန့် အော်ကာ နောက်ဆုတ်လိုက်သည်။

သို့တိုင်....

ယန်းဖုံးက တရကြမ်း တိုက်ခိုက်ရာ ဓားဒဏ်ရာ သုံးလေးချက် ရသွားတော့သည်။

'အား'

ကွမ်းကျုံးခက်မှာ မြေပေါ်ခွေခနဲ လဲကျသွားပြန်တော့သည်။

'ဟား ဟား ဟား'

ယန်းဖုံး ဟားတိုက်ရယ်မောလိုက်သည်။

'ကွမ်းကျုံးခက်၊ မင်း သေဖို့သာပြင်ထားပေတော့'

ပြောရင်း ဓားမြှောင်ဖြင့် အပြီးတိုင် သုတ်သင်ရှင်းလင်းခြင်း ခံရတော့မည်ကို ကွမ်းကျုံးခက် သတောပေါက်လိုက်သည်။

ယန်းဖုံးသည် စိတ်ဖောက်ပြန်ကာ ရူးသွပ်သွားသူ တစ်ယောက်နှင့်ပင် တူနေပါတော့သည်။

ကွမ်းကျုံးခက် ဘာမှမတတ်နိုင်တော့ပါ။

ယန်းဖုံးအား ဖြစ်သည့်နည်းနှင့် တားရပေတော့မည်။

မိမိကိုယ်ကို ခုခံကာကွယ်ရပေတော့မည်။

ကွမ်းကျုံးခက်သည် အားတင်းကာ ခုန်ထလိုက်သည်။



လက်တစ်ဖက်က ဓားမြှောင်ကိုင်ထားသည့် ယန်းဖုံး၏လက်ကို ပင့်တင်ပုတ်ထုတ်လိုက်ပြီး ကျန်လက်တစ်ဖက်က လက်ဝါးပုံဆက္ကာန်ဖြင့် ယန်းဖုံး၏ ရင်ပကို ရိုက်ချလိုက်သည်။

သူ၏ လှုပ်ရှားမှုသည် အံ့သြစရာ ကောင်းလောက်အောင် လျင်မြန်နေပြီး လက်ဝါးရိုက်ချက်ကား အားမာန်ပါသွားသည်ဖြစ်ရာ ပြင်းထန်နေပါတော့သည်။

ကွမ်းကျုံးခက် ထိုသို့တုံ့ပြန်လာနိုင်မည်ဟု ယန်းဖုံး မထင်မှတ်ခဲ့ပါချေ။

ထို့ကြောင့် လုံးဝမရှောင်နိုင်တော့ဘဲ...

'ဝှန်း...'

'အား...'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

ယန်းဖုံးမှာ လူတခြားဓားတခြားဖြစ်၍ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

❧

ဝန်းကျင်တစ်ခုလုံး အပ်ကျသံ ကြားလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားသည်ဟု ထင်မှတ်ရသည်။

ကွမ်းကျုံးခက်တ မြေပေါ်တွင် မားမားမတ်မတ် ရပ်နေလေ၏။

ဒက်ရာအများအပြား ရထားပြီး တစ်ကိုယ်လုံး သွေးခြင်းခြင်း နီရဲနေပါသော်လည်း သူ၏အသွင်မှာ တိုက်ပွဲဝင် သူရဲကောင်းတစ်ယောက်အလား ရှိနေသည်။

ယန်းဖုံးကား မတ်တတ်မရပ်နိုင်တော့ဘဲ မြေပေါ်တွင် လဲကျနေပြီဖြစ်ပါသည်။

သူ၏မျက်လုံးကြီး ပြူးထွက်နေသည်။

ပါးစပ်၊ နှာခေါင်းနှင့် နားထဲမှ သွေးများယိုစီးကျနေ၏။

ကွမ်းကျုံးခက်၏ ထိရောက်သော လက်ဝါးတစ်ချက်ကြောင့် လူ့လောကကြီးအား ကျောခိုင်းသွားပြီဖြစ်ပါ၏။

ညီရင်းအစ်ကိုပမာ ချစ်ခင်ခဲ့ကြသော်လည်း သိုင်းပညာနှင့်ပတ်သက်၍ လောဘအကြီး အကောက်ကြံမိလေသောကြောင့် အဖြစ်ဆိုးနှင့် ကြုံတွေ့သွားရခြင်း ဖြစ်ပေတော့သည်။

ကွမ်းကျုံးခက်၏ မျက်ဝန်းအစုံတွင် မျက်ရည်များပြည့်လျှံနေ၏။



ယန်းဖုံးအတွက် စိတ်ထိခိုက်နေသည်။

'ယန်းဖုံးရယ်၊ အစ်ကိုကြီးနဲ့တွေ့ရင် ငါ ဘယ်လိုပြောရမလဲ'

ဟုလည်း တီးတိုးညည်းတွားနေမိ၏။

ထိုစဉ်—

'ကိစ္စမရှိဘူး၊ မင်းကိုယ်စား ကျုပ်ကပဲ အကျိုးအကြောင်း ပြောပြလိုက်ပါ့မယ်'

အေးတိအေးစက် စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ကွမ်းကျုံးခက် လှမ်းကြည့်လိုက်လည်း။

ထိုအခါ သူ့ထံ လှမ်းလာနေသူတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

ကွမ်းကျုံးခက် မလှုပ်မယှက် ရပ်နေလိုက်သည်။

လှမ်းလာနေသူကလည်း ခြေလှမ်းရပ်လိုက်သည်။

သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး—

'မင်းတစ်ကိုယ်လုံး ဒဏ်ရာတွေလဲ မနည်းပါလား'

ဟု ပြောလာသည်။

ကွမ်းကျုံးခက် ပြုံးလိုက်သည်။

'ဦးဒက်ရာတွေလောက်တော့ ကျုပ်ကမမှုသေးပါဘူးဗျာ'
ထိုလူက ရယ်မောလိုက်သည်။

'မင်းရဲ့သတ္တိကိုတော့ ကြိုက်သွားပြီ၊ ဒါပေမယ့် ဟွတ်လေ့ ဆိုတဲ့ ကျုပ်ကဲ့ကော'

'ဗျာ...'
'ကျုပ်က မင်းကိုဆုံးမမယ်ဆိုရင်ကော'
ကွမ်းကျုံးခက် မျက်မှောင်ကြုတ်သွားပြီး
'ခင်ဗျားဟာ ဓားသမားလွယ်ထင်းလား'
ဟု မေးလိုက်သည်။

ဓားသမားဟုတ်ထင်းသည် လူထူးလူဆန်း ရှနစ်ယောက် တွင် ပါဝင်သည်။
ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်လေသည်။

ထိုလူက...
'မှန်လိုက်လေ၊ ဓားသမားဟုတ်ထင်းဆိုတာ သိုင်းလောက မှာ ဘယ်နှစ်ယောက်များ ရှိနိုင်မှာမို့လဲ'

ကွမ်းကျုံးခက်က မကျေမနပ်ဖြင့် —
'ခင်ဗျားတို့လို ထိပ်သီးသိုင်းသမားကြီးတွေဟာ တရားမျှတမှုကို မျက်ကွယ်ပြုပြီး လျှို့ဝှက်ဂိုဏ်း ထူထောင်ခဲ့ကြတယ်၊ ထင်တိုင်းလုပ်ခဲ့ကြတယ်၊ ခင်ဗျားတို့ သိုင်းလောကသားတွေက ခွင့်လွှတ်ကြမှာ မဟုတ်ဘူးဗျ'



ဟု ပြောဆိုက်သည်။
'ဟား ဟား ဟား'

ဟုတ်ထင်းသည် ဟားတိုက်ရယ်မောလိုက်ပြီးမှ...

'လက်စသပ်တော့ ငါတို့က လျှို့ဝှက်ဂိုဏ်းထူထောင်ခဲ့ကြတာ မင်းသိနေတာကိုး'

'ကျောင်းမြို့စားဟာ ခင်ဗျားတို့ရဲ့ ခေါင်းဆောင်ဆိုတာလဲ ကျုပ်သိပြီးပါပြီဗျာ'

ဟုတ်ထင်း ခေါင်းညိတ်လိုက်သည်။

'အေး.. မင်းသိပြီးပြီဆိုရင် သေဖို့သာ ပြင်ထားပေတော့'
ပြေပြေဆိုဆို တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

'နေဦး'
ကွမ်းကျုံးခက်က ဟန့်တားလိုက်သည်။

ဟုတ်ထင်းက...
'မင်း ဘာပြောချင်လို့လဲ'

ကွမ်းကျုံးခက်က...

'ခင်ဗျားတို့ဟာ သိုင်းလောကတစ်ခုလုံးက ကြည်ညိုလေးစားမှုကိုခံရတဲ့ ထိပ်သီးသိုင်းသမားကြီးတွေပါ၊ ဘာကြောင့် များ မကောင်းတဲ့လုပ်ရပ်တွေကို လုပ်ခဲ့ရတာလဲ'

ဟု မေးလိုက်သည်။

ဟုတ်ထင်းက—

'ဓါတ်တို့ရဲ့ အမိကပစ်မှတ်ကတော့ ကျန်းဟိုပဲ၊ ကျန်းဟိုကို ရှင်းပစ်နိုင်မှ သိုင်းလောကပထမဘွဲ့ကို ရယူနိုင်အောင် ဆက်ပြီး ကြိုးစားလို့ရတော့မှာပေါ့'

'ပထမဘွဲ့ကြောင့် ဟုတ်သား'

'ဟုတ်တယ်လေ၊ ဓါတို့ဟာ သိုင်းလောကပထမဘွဲ့ရ သိုင်းသမားဆိုတဲ့ ဂုဏ်ထူးကို အသက်ထက်ဆုံးတောင် မက်မောကြတယ်ဆိုတာ မင်းနားမလည်နိုင်တာ အံ့သြစရာပဲ'

ကွမ်းကျုံးခက် အကြီးအကျယ် စိတ်ပျက်သွားလေသည်။

သိုင်းလောက ပထမဘွဲ့ဟူသော ဂုဏ်ထူးကြောင့် အားလုံး ရူးသွပ်သွားပြီဟု ဆိုနိုင်ပေသည်။

ဟုတ်ထင်းက—

'မင်းဟာ ကျန်းဟိုဆီက မိုးမြေလက်ဝါး သိုင်းပညာကို ရထားတယ်ဆိုတော့ ကျုပ်က စမ်းကြည့်ရဦးမယ်၊ ကဲ သတိသာ ထားပေတော့'

ဟုပြီးကာ ဓားဆွဲထုတ်လိုက်ပြီး တိုက်ခိုက်လိုက်သည်။

ထိပ်သီးသိုင်းသမားကြီး တစ်ယောက်က ဒဏ်ရာရထားသူ တစ်ယောက်အား မညှာတော တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါတော့သည်။



ဟုတ်ထင်း ဓားခုတ်ချက်သည် တိကျသည်၊ မြန်ဆန်သည်။ ပြင်းထန်သည်။

ဓားသည် ကွမ်းကျုံးခက်၏ ငယ်ထိပ်တည့်တည့်သို့ဦးတည်နေသည်။

သူ့အား သစ်သီးတစ်လုံးပမာ ထသောထားကာ ထက်ခြမ်းခွဲပစ်ရန် ကြိုးစားလိုက်ခြင်းဖြစ်ပေသည်။

ကွမ်းကျုံးခက်မှာ ရှောင်တိမ်းနိုင်စွမ်း မရှိပါချေ။

ထို့ကြောင့်—

'ယား—'

မိုးမြေလက်ဝါးသိုင်းကျမ်း၏ အစွမ်းအထက်ဆုံး သိုင်းကွက်ကို ထုတ်ပေးလိုက်သည်။

လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်လျှင်—

'ချပ်'

ခုတ်ချလာသောဓားကို ဆက်ဝါးနှစ်ဖက်ဖြင့် ညှပ်ထားလိုက်ပြီးသား ဖြစ်သွားသည်။

ဟုက်ထင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

'လွှတ်စမ်း'

ဟု အော်ငေါက်ကာ ဓားကိုပြန်ဆည်လုယူဖို့ ကြိုးစားလိုက်သည်။

သို့သော်...

ခါးသည် လွတ်ထွက်မလာဘဲ ကျောက်တုံးကြီးများဖြင့် ညှပ်ယူထားသကဲ့သို့ ရှိနေပါတော့သည်။

ဟုတ်ထင်း မျက်နှာပျက်သွားသည်။

သူတို့သိုင်းသမားကြီးတစ်ယောက်အဖို့ မိမိ၏ လက်နက်ကို စာယ်သူအား ဖမ်းထားခြင်းခံလိုက်ရသည်မှာ ရှက်ဖွယ်လိပ်ဖြစ်စေသည် မဟုတ်ပါလား။

ဟုတ်ထင်း ဒေါ်ပွသွားပြီး...

'လွှတ်စမ်း'

ဟု အော်ဝေါက်ကာ အားကုန်ဆွဲယူလိုက်စဉ်....

'တွားစမ်း'

ကွမ်းကျုံးခက်သည် လက်ကောက်ဝတ်နှစ်ဖက်ကို လှည့်လိုက်ရာ ခါးကိုလိမ်ချိုးလိုက်သလို ဖြစ်သွားတော့၏။

'ချွမ်း'

ဟုတ်ထင်း၏ အဖိုးတန်ခါးမှာ ထက်ပိုင်းကျိုးသွားတော့သည်။

'ဟာ...'

ဟုတ်ထင်း လွှတ်ခနဲ အော်လိုက်မိပြန်သည်။



ခါးရိုးဘက်အပိုင်းသည် သူ၏လက်ထဲ၌ရှိနေပြီး ခါးဖျားဘက် အပိုင်းသည် ကွမ်းကျုံးခက်၏လက်နှစ်ဖက်ကြားထဲ ပါသွားသည်။

ဟုတ်ထင်းသည် ခံပြင်းဒေါသထွက်နေရာက ရှည်ရှည်ဝေးဝေး စဉ်းစားမနေ တော့ဘဲ...

'သေပေတော့'

အော်ဝေါက်ရင်း လက်ထဲမှခါးကျိုးဖြင့် ကွမ်းကျုံးခက်အား ထိုးချလိုက်သည်။

လူချင်းနီးကပ်နေသည်ဖြစ်ရာ ကွမ်းကျုံးခက် မရှောင်နိုင်တော့ပါ။

'အား'

စူးရှစွာအော်ဟစ်ရင်း ဒယီးဒယိုင်နှင့် နောက်ဆုတ်သွားသည်။

သို့တိုင်...

သတိမလွှတ်ဘဲ ဟုတ်ထင်း ဟန့်တားလာမည်ကိုစိုးရိမ်အား လက်ထဲမှ ခါးဖျားအပိုင်းကျိုးဖြင့် ပစ်ပေါက်လိုက်သည်။

'ဒုတိ'

'အင့်'

ဓားဦးသည် မြားတစ်စင်းပမာ ပစ်လွှင့်သွားပြီး အလော တကြီး တိုးဝင်လာသည့် ဟုတ်တင်း၏ရင်ဝ၌ စိုက်ဝင်သွားပေသည်။

ဟုတ်ထင်း ငယ်သံပါအောင် တစ်ဆက်တည်း အော်လိုက်ပြီး မြေပေါ်ပုံလျက်သား လဲကျသွား၏။

တိုက်ပွဲ ပြီးဆုံးသွားပြီဖြစ်လေသည်။

ကွမ်းကျုံးခက်သည် မြေပေါ်၌ လဲလျောင်းနေ၏။

ဒဏ်ရာပြင်းထန်စွာရထားသော်လည်း သတိကောင်းစွာရှိ နေသေးဆဲ။

သူ့အား လုပ်ကြံရန် ကြိုးစားကြသူများသာလျှင် တစ်ယောက်ပြီး တစ်ယောက် သေဆုံးသွားကြ၏။

ကွမ်းကျုံးခက်ကား အသက်ပြင်းသူတစ်ယောက်ဟု ဆိုရမည် ဖြစ်ပေတော့၏။



မည်သို့ဆိုစေ—

ကွမ်းကျုံးခက်အတွက်ကား အသက်နှင့်ရင်းပြီး မည်သူမျှ မတွေ့မမြင်ခဲ့သော မိုးမြေလက်ဝါးသိုင်းပညာ၏ ဟာကွက်ကို တွေ့ရှိလိုက်ပြီဖြစ်လေ၏။

ဟုတ်ထင်းနှင့် ရင်ဆိုင်စဉ်က အကောင်းဆုံး သိုင်းကွက်ကို ထုတ်သုံးလိုက်သည့်တွင် သူ၏လက်ဝါးနှစ်ဖက်စလုံးသည် ဓား ကို ညှပ်ထားရခြင်းကြောင့် ခန္ဓာကိုယ်တစ်ခုလုံးလွတ်ကင်းပြီး ခုခံကာကွယ်နိုင်မည့်အခြေအနေ မရှိတော့ပေ။

ထိုအချက်ကိုသာ ရန်သူက သတိပြုမိမည်ဆိုပါက မုချ အရေးနိမ့်ရမည် ဖြစ်လေ၏။

ထိုဟာကွက်သည် ရိုးရိုးစင်းစင်းလေးပင် ဖြစ်၏။

အကယ်၍ ဆက်၍ တိုက်ခိုက်သွားမည်ဆိုပါလျှင် နောက်ထပ် သိုင်းကွက်များ ပေါ်ထွက်လာလေသောကြောင့် ထိုဟာ ကွက်ကို ဖုံးလွှမ်းကာ ပျောက်ကွယ်သွားပေလိမ့်မည်။

ဟာကွက်ရှိ၍ရှိမှန်း သိနိုင်တော့မည်မဟုတ်ချေ။

ကွမ်းကျုံးခက် တွေးနေစဉ် ကျောင်းမြို့စား၏ မျက်နှာကြီး အပေါ်စီးမှ မိုးကြည့်လာသည်ကို တွေ့လိုက်ရသည်။

'ဟင်း....'

ကွမ်းကျုံးခက် အထိတ်တလန့် အော်လိုက်၏။

'ဟား...ဟား...ဟား'

ကျောင်းမြို့စား ဟားတိုက်ရယ်မောလိုက်သည်။

ပြီးလျှင်—

'မင်းရဲ့ မိုးမြေလက်ဝါးသိုင်းပညာဟာ မဆိုးဘူးကွ၊ ဒါပေမယ့် ဟာကွက်တစ်ကွက်ရှိနေတယ်'

'ဟုတ်ပါတယ်ဗျာ'

ကွမ်းကျုံးခက်က ဝန်ခံလိုက်သည်။

ကျောင်းမြို့စားက....

'ငါတော့ ရှာတွေ့လိုက်ပြီ၊ ကျွန်းဟိုနဲ့တုန်းက ဟာကွက်ရှိတယ်ဆိုတာ ငါစဉ်းစားမိပေမယ့် ဘယ်လိုဟာကွက်လဲ ဆိုတာကို တွေ့လို့ကိုမရဘူး၊ ခုတော့ မင်းရဲ့ကျေးဇူးကြောင့် ငါ သိလိုက်ရပြီလေ'

ကွမ်းကျုံးခက်က....

'ခင်ဗျား သေချာရဲ့လား'

'သေချာတာပေါ့ကွာ၊ ကဲ....ငါ လက်တွေ့ပြမယ်'



ရုတ်တရက် ကျောင်းမြို့စားသည် ဓားတစ်လက်ဆွဲထုတ်ကာ ခုတ်ချလိုက်သည်။

ဒဏ်ရာပြင်းစွာရထားသော မြေပေါ်လဲကျနေသည့် ကွမ်းကျုံးခက်သည် ကျောင်းမြို့စား၏ဓားခုတ်ချက်ကို မည်သို့ရှောင်နိုင်ပါအံ့တော့နည်း။

ကွမ်းကျုံးခက်သည် အသက်ဘေးနှင့်ကြုံတွေ့လိုက်ရသော အခါ မိုးမြေလက်ဝါးသိုင်းကျမ်းမှ အကောင်းဆုံးသိုင်းကွက်ကို ထုတ်ဖော်လိုက်ရပြန်လေတော့သည်။

သူ၏လက်နှစ်ဖက် ဆန့်ထုတ်ဝှေ့ယမ်းကာ လက်ဝါး နှစ်ဖက်ဖြင့် ခုတ်ချလာသည့် ကျောင်းလိန်မြို့စား၏ဓားကို ညှပ်ကာ ဖမ်းထားလိုက်ခြင်းဖြစ်သည်။

ထိုသိုင်းကွက်ကား ဟာကွက်ဖြစ်ပေါ်လာစေခဲ့သည်။

ထိုဟာကွက်ကို ကျောင်းမြို့စားမှာ ကွမ်းကျုံးခက်ပါ တွေ့မြင်ထားကြပြီဖြစ်၍ ကွမ်းကျုံးခက်က လက်ဝါးနှစ်ဖက်ဖြင့် ဓားကိုညှပ်ကာ ဖမ်းလိုက်သည်နှင့်—

'သေပေတော့'

ကျောင်းမြို့စားသည် တစ်ချက်အော်ဟောက်လိုက်ပြီး လက်ထဲမှ ဓားကိုလွှတ်လိုက်သည်။

တစ်ဖန် လက်ဝါးချည်းသက်သက်ဖြင့် ကွမ်းကျုံးခက်အား ရိုက်ချလိုက်သည်။

အကယ်၍ ဓားကိုပြန်လည်ဆွဲယူဖို့ ကြိုးစားမည်ဆိုပါက ကွမ်းကျုံးခက်က သိုင်းကွက်ပြောင်းလိုက်သည်နှင့် ဟာကွက်ပျောက်သွားကာ မည်သည့်နည်းနှင့်မျှ အနိုင်ယူခွင့်ရှိတော့မည် မဟုတ်ပေ။

အမှတ်မထင် ပေါ်ပေါက်လာသော ဟာကွက်ကို မိမိရရ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပါတော့သည်။

ကွမ်းကျုံးခက်မှာသည်း လက်ဝါးနှစ်ဖက်က ဓားကိုညှပ်ကာ ဖမ်းထားရခြင်းကြောင့် ကျောင်းမြို့စား၏ လက်ဝါးရိုက်ချက်ကို ခုခံဖို့အချိန်မရတော့ပါ။

လက်ထဲမှဓားကိုလွှတ်ချပြီးမှ ရင်ဆိုင်မည်ဖြစ်ရာ ထိုသို့ ပြုလုပ်ပါက များစွာနောက်ကျနေတော့မည် ဖြစ်သေသည်။

ကွမ်းကျုံးခက် စဉ်းစားဖို့အချိန်မရတော့ပါ။

ရှိသမျှအင်အားကို ဖျစ်ညှစ်ထုတ်ကာ ခြေထောက်တစ်ဖက် မြှောက်ပြီး ကန်ကျောက်လိုက်လေသည်။

ခြေထောက်သည် လက်ထက်ပို၍ရှည်သည်ဖြစ်ရကာ ကျောင်းမြို့စား၏ လက်ဝါးရိုက်ချက်ရောက်မလာမီ ကွမ်းကျုံးခက်၏ ခြေထောက်တစ်ချက်က အလျင်ရောက်သွားရာ....



'ဝုန်း'

'အား'

ကျောင်းမြို့စား လွင့်စဉ်သွားလေတော့သည်။

ယခုမှ—

ကွမ်းကျုံးခက်သည် လက်ထဲညှပ်၍ဖမ်းထားသော ဓားကို ဖယ်ရှားခွင့်ရသွား၏။

ကွမ်းကျုံးခက်က ထိုဓားကို ထိထိရောက်ရောက် အသုံးချလိုက်သည်။

ဓားယူပြီးပစ်ပေါက်လိုက်ရာ မြေပေါ်မှ လူးလိမ့်ထလာသည့် ကျောင်းမြို့စားအား တည့်တည့်မတ်မတ် ထိမှန်သွားလေတော့သည်။

'အား'

စူးရှသော အော်သံနက်ကြီး ထွက်ပေါ်လာသည်။

ကျောင်းမြို့စား မြေပေါ်အရုပ်ကြိုးပြတ် ပြန်လည်လဲကျသွားတော့သည်။

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်ပါသည်။

လင်းဝေဝ
အမှတ် ၁၅ / ၁၃၈၊ မြေလမ်း
တောင်ဒဂုံမြို့
ဖုန်း ၂၁၄၄၄

ဟာကွက်ထင်ကွက်...

ကျွန်းဟိုသည် ထိုဟာကွက်ကြောင့်ပင် သိုင်းလောကကို ကျောခိုင်းသွားခဲ့သည်။

ကျင်းမြို့စားကလည်း ထိုဟာကွက်ကို ရိပ်မိ၍ သိုင်းလောက ပထမဆုတူးကိုပြန်လည်လုယူဖို့ မျှော်လင့်ချက်ထားခဲ့သည်။

ကွမ်းကျုံးခက်သည် မမျှော်လင့်ဘဲ ဟာကွက်ကို ရှာဖွေတွေ့ရှိသွားခဲ့သည်။

ထို့အပြင်...

ဟာကွက်ကို ဟာကွက်မဖြစ်အောင် ဖြည့်ဆည်းကာကွယ်နိုင်ခဲ့သည်။

ထို့ကြောင့်လည်း လူတိုင်းလိုချင်မက်မောနေသော သိုင်းလောကပထမဘွဲ့သည် ကွမ်းကျုံးခက်နှင့်သာလျှင် အထိုက်တန်ဆုံး ဖြစ်လည်ဆိုလျှင် မှားနိုင်တော့မည် မဟုတ်ပါတော့။

(ဒုတိယပိုင်းစာတ်သိမ်း ပြီး၏။)

မိုးငွေ့ရိမ်းသွားသောစာအုပ်
ရေစို-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးကျွန်ုပ်ဇက္ကသိုလ် သီဟအောင်
စာအုပ်တန်ဘိုးနှင့်တကွငွေခရင်